www.burmeseclassic.com



www.burmeseclassic.com

# ကကြိုးစုံတဲ့ သတ္တိသမီး

www.burmeseclassic.com

www.burmeseclassic.com

နင့်ကို ငါ ဝယ်ထားတာ

နင့်ကို ငါ ပိုင်တယ်

နင်ဟာ ငါ့အတွက်ပဲ ဖြစ်ရမယ်။

လိုတရ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဟင့်အင်း …

အဲဒီလူပြောတဲ့စကားဟာ လုံးဝအဓိပ္ပာယ်မရှိပါဘူး။

အသက်နဲ့ နှလုံးသားနဲ့ ရှင်သန်နေတဲ့

လူတစ်ယောက်ရဲ့ဘဝကို ဝယ်လို့မရပါဘူး။

ထောင့်ငါးရာဆိုတာ ဘဝတစ်ခုကို ဝယ်ယူသိမ်းပိုက်

လို့ မရနိုင်ပါဘူး။ ထောင့်ငါးရာ …ဆိုတာ နှလုံးသား

တစ်ခုကိုပဲ တောင်းခံလို့ရတဲ့

အရာမျိုးပါ။

တူနိုင်းမရ



ငါ့ဆန္ဒ တစ်စက်ကလေးမှ

မပါတဲ့ မင်္ဂလာပွဲကို

ငါက ရင်ခုန်စရာလား။

နင့်သဘောနဲ့နင် စီစဉ်နေတဲ့

မင်္ဂလာပွဲဟာ ငါ့အတွက်တော့

ဘာအဓိပ္ပာယ်မှ မရှိဘူး။

နင် တစ်ဖက်သတ်စီစဉ်တဲ့

မင်္ဂလာပွဲမှာ ငါက

သတို့သမီးအရုပ်တစ်ရုပ်

အဖြစ် နေပေးမယ် …

ကျေနပ်တယ်မဟုတ်လား။

ဖက်ဆွတ်မိုး

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

**မြန်**မာနိုင်ငံရဲ့ အကြီးအကျယ်ဆုံး၊ အခမ်းနားဆုံး၊ အလှပဆုံးဟိုတယ်လ်။

သတို့သားဘက်မှာရော၊ သတို့သမီးဘက်မှာရော နှစ်ဖက်မိဘအသိုင်းအဝိုင်းက ပြည့်စုံကြွယ်ဝလွန်းတာကြောင့် ညည့်ခံပွဲအပြင်အဆင်က ခမ်းနားပြီး ပြည့်စုံကြီးကျယ်လွန်းလှရာ မြင်သူတိုင်း အားကျဖွယ် ဖြစ်နေရသည်။

သို့သော် ...

**"ဇက်ဆွတ်မိုး"** ... ဆိုသည့် သတို့သမီးရဲ့မျက်နှာကလေးကမူ မလန်းမဆန်း မရွှင်မပျ။

တကယ်ဆို ဒီအချိန်မှာ ဝင်းမွတ် နုဖပ် ကြည်စင်နေသည့် မျက်နှာလှလှကလေးက ရှက်သွေးဖြင့် ပန်းရင့်ရောင်ရဲရဲ



www.burmeseclassic.com

www.burmeseclassic.com



လေးဖြစ်ကာ အရမ်းကို ပျော်ရွှင်ကြည်နူးနေရမှာ မဟုတ်လား။

အခုတော့ ...

အပြုံးအရယ် မရှိ။

အပျော်တွေ ကင်းမဲ့ဆိတ်သုဉ်းကာ ...

စတော်ဘယ်ရီရောင်သွေး နှုတ်ခမ်းပါးကလေးကို ကိုက်လျက် ငိုမဲ့မဲ့ပင် ဖြစ်နေသည်။

ဘာကြောင့်များပါလိမ့်။

ဒီလောက် ချမ်းသာကြွယ်ဝပြီး အစစအရာရာ ပြည့်စုံတဲ့ ...

နောက်ပြီး ...

ပျိုတိုင်းခိုက်တဲ့ **"လိုတရ"** ... ဆိုတဲ့ ကောင်ချောကလေးရဲ့ အလွန်တရာ ချစ်ခင်မြတ်နိုးခြင်းခံရတဲ့ ကံအကောင်းဆုံး သတို့သမီးကလေးက ဘာကြောင့်များ မပျော်ရွှင်နိုင်ရတာပါလိမ့်။

ဆွတ်ရဲ့ သိသာလှသော မျက်နှာထားညှိုးညှိုးကို အလုဖန်တီးရှင် မကြီးပန်းကပင် ပြောယူရတဲ့အထိ ဖြစ်ရတော့သည်။

"ဟယ် ... သတို့သမီးမျက်နှာလေးက ဘယ်လိုဖြစ်နေရတာလဲ၊ အဲ့လိုကြီး မနေရဘူးလေ၊ အရမ်းပျော်နေရမယ့် အချိန်ကို"

မကြီးပန်းစကားကြောင့် ဆွတ်မျက်ဝန်းလေး မိုတ်ချကာ သက်ပြင်းရှိုက်လိုက်မိသည်။

မကြီးပန်းရဲ့မျက်နှာက အံ့ဩစရာအကောင်းဆုံး စကားတစ်ခွန်းကို ကြားလိုက်ရသလို မျက်လုံးများပြူးကာ တအံ့တဩဖြစ်သွားခဲ့ပြီး ...

"အိုး ... ဘာလို့လဲ၊ ဘာလို့ မပျော်တာလဲ၊ ဘာများမပျော်စရာရှိလို့လဲ၊ လိုတရက ဒီလောက် အစစအရာရာ ပြောစရာမရှိတဲ့ဟာကို၊ ရုပ်ကလေးက မှုန်ညက်နေတာပဲ ... ချောလိုက်တာများ"

အသားအရေကလည်း နိုင်ငံခြားပြန်ဆိုတော့ ဖြူဝင်းစိုပြည်လို့၊ အရပ်အမောင်းကလည်း အမိုက်စား။

မကြီးပန်းက လိုတရနဲ့ ချီးမွမ်းခန်းဖွင့်ကောင်းဆဲ။ ဆွတ်ကတော့ မျက်နှာလေးကို မထီတရီလေး မဲ့လိုက်မိသည်။

မမြင်လိုက်သော မကြီးပန်းကတော့ ဆက်လက်ဖွင့်ကောင်းဆဲ။

"ပညာကလည်းတတ်၊ နိုင်ငံခြားက ဒီပလိုမာယူခဲ့တာ၊ ငွေကြေးကလည်း ချမ်းသာ၊ အသိုင်းအဝိုင်းကလည်းတောင့်၊ **ဖက်ဆွတ်မိုးရယ်** လိုတရလိုလူရဲ့ သတို့သမီးဖြစ်ခွင့်ရတာရှင်လေး တကယ်ကံကောင်းတာပါ"

ကံကောင်းတာ။







www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းတာ . . . တဲ့လား။

ဘာကံကောင်းတာလဲ။

နှုတ်ခမ်းကလေးကိုက်လျက် ငိုမဲ့မဲ့ဖြစ်နေသည့် ဆွတ်ရဲ့ နားထဲမှာတော့ . . .

"နင့်ကို ငါဝယ်ထားတာ . . . နင့်ကို ငါက ဝယ်ထားတာလေ"

ဆိုသော ဆွတ် သိတတ်ခါစ ကလေးဘဝလေးထဲက ခုချိန်ထိ အမြဲလိုလို ကြားခဲ့ရသည့် လိုတရဲ့စကားသံများကသာ ခါးသီးစွာ ပဲ့တင်ထပ်လျက် ရှိသည်။

အဲ့ဒါ အချစ်မဟုတ်ဘူး။

သူပိုင်ဆိုင်တဲ့ အရုပ်တစ်ရုပ်လို, ငွေကြေးနဲ့ဝယ်ထားတဲ့ အရုပ်တစ်ရုပ်လို သဘောထားနေတာ။

အဲ့ဒီလိုလူနဲ့ လက်ထပ်လိုက်ရလို့ ဘယ်လိုမှ ပျော်ရွှင်နိုင်မှာ မဟုတ်ဘူး။

အမြဲတမ်း သူဖြစ်စေချင်သလိုပဲ ဖြစ်စေခဲ့တာ။

ဘာလဲ . . . သူဂရုစိုက်တယ်ဆိုတာ သူစားစေချင်တာ၊ သူဝတ်စေချင်တာ၊ သူသွားစေချင်တာ . . . အားလုံး သူဖြစ်စေချင်တာတွေကိုပဲ ငါ့အတွက် လုပ်ပေးခဲ့တာ။

ငါ့စိတ်, ငါ့ဆန္ဒတွေကို ဘယ်တုန်းကမှ ထည့်စဉ်းစား





ပေးခဲ့တာ မဟုတ်ဘူး။

သူဝယ်ထားတဲ့ အရုပ်တစ်ရုပ်အတွက် လိုအပ်တာတွေကို ဖြည့်ဆည်းပေးတဲ့ပုံစံမျိုးပဲ သူသဘောထားခဲ့တာ။

သူက ငါ့ကို ချစ်တာမှမဟုတ်ဘဲ။

ဒါကြောင့် . . .

အခု လက်ထပ်ရမယ့်အချိန်ထိ သူ ငါ့ကို ချစ်တယ် . . . လို့ တစ်ခါမှ မပြောခဲ့ဖူးတာပေါ့။

သူ့ဆီက ချစ်တယ် . . . ဆိုတဲ့စကားကို တစ်ခါမှ မကြားခဲ့ရဖူးဘူး။

သူနဲ့လက်ထပ်ပြီးတာနဲ့ ငါ့ဘဝကတော့ သေဆုံးသွားပြီ။

သူ့ရှေ့မှာ သူပိုင်ဆိုင်တဲ့အရုပ်တစ်ရုပ်လို သူ စိတ်ချမ်းသာဖို့ သူကျေနပ်ပျော်ရွှင်ဖို့အတွက် အလုပ်ပြနေပေးနေရသလို ဖြစ်တော့မှာပဲ။

သူနဲ့လက်ထပ်ပြီးတာနဲ့ ငါ့ဘဝဟာ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲနဲ့ နှိပ်စက်ခံနေရသလို ဖြစ်တော့မှာပဲ။

ဆွတ်သည် အတွေးများဖြင့် စိတ်ထဲ ယောက်ယက်ခတ်၍ လာခဲ့သည်။

နာရီကို တစ်ချက်ကြည့်လိုက်မိသည်။

ရှစ်နာရီခွဲ . . .။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲကျင်းပမယ့်အချိန်က ပိုပြီးနီးကပ်လာလေပြီ။

အချိန်နီးကပ်လာခဲ့တာနဲ့အမျှ စိတ်ထဲ ထိုအတွေးတွေက ပိုပြီး ခြောက်လှန့်လာခဲ့သည်။

စိတ်က ယောက်ယက်ခတ်လာတာနဲ့အမျှ လူက ဘယ်လိုလှုပ်ရှားလိုက်မိသည်မသိ ... မကြီးပန်းကပင် ပြောယူရသည်အထိ။

"ဟယ် ... သတို့သမီး ဘယ်လိုဖြစ်နေတာလဲ၊ ငြိမ်ငြိမ်နေမှပေါ့၊ ရှုံဒိုးတွေ ဘေးဖိတ်သွားလို့ ဟုတ်ပေ့ဖြစ်နေမယ်"

"ဟုတ်ပ့ါ ... သတို့သမီးတစ်ယောက် ဘာတွေတွေးနေမှန်းကိုမသိဘူး၊ မျက်နှာက မဲ့လိုက်,တင်းလိုက်နဲ့ အက်ရှင်အမျိုးမျိုးကို ဖြစ်နေတယ်"

"တော်ကြာ လှလှတွေပျက်ကုန်လို့ သတို့သားက တို့တွေကို လာကြိမ်းနေဦးမယ် ... ကြောက်ပါရဲ့"

မကြီးပန်းနှင့် အကူပါလာသော မလျှာ (မရှာ) လေးတွေကပါ ဝင်ပြောသည်။

ဆွတ်ရဲ့မျက်နှာအမူအရာတွေဟာ အဲ့လောက်တောင်သိသာထင်ရှားနေပြီလား။

ဆွတ်နားထဲမှာတော့ ...

"နင့်ကို ငါ ဝယ်ထားတယ်





နင့်ကို ငါဝယ်ထားတယ်"

ဆိုသော လိုတရရဲ့စကားသံကိုသာ ပဲ့တင်ထပ်ကြားယောင်နေမိသည်။

ဆွတ်အပေါ် အိမ်နီးချင်း သူငယ်ချင်းတစ်ယောက်အနေနဲ့ ဂရုစိုက်ကြင်နာမှုတွေရှိသော်လည်း ...

"ချစ်တယ်" ဆိုတဲ့စကား တစ်ခါမှမပြောဖူးတဲ့ လိုတရထံမှာ ဆွတ်အတွက် အချစ်က ဘယ်မှာရှိမှာလဲ။

အမြဲတမ်း "နင့်ကို ငါဝယ်ထားတယ်" ဆိုတဲ့ စကားတစ်ခွန်းနဲ့ အနိုင်ယူတတ်တဲ့ လိုတရနဲ့ လက်ထပ်လိုက်လျှင် ..

ဆွတ်ဟာ တစ်သက်လုံး စိတ်ဆင်းရဲ, ကိုယ်ဆင်းရဲဖြစ်ရတော့မှာ အသေအချာပါပဲ။

စိုးရိမ်စိတ်တွေနှင့် ဆွတ်ရင်တစ်ခုလုံး ခါးသီးမွန်းကျပ်၍လာခဲ့သည်။

ဟင့်အင်း ... လက်မခံနိုင်ဘူး။

လိုတရနဲ့ လက်ထပ်ရတော့မယ့်အဖြစ်ကို ဆွတ် ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး။

ဟုတ်တယ်။

အချိန်မီသေးတယ်။

ဆွတ် ပြန်ပြီး ပြင်ဆင်ဖို့ အချိန်မီသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆွတ်သည် နိုင်မာသော ဆုံးဖြတ်ချက်နှင့်အတူ ထိုင်နေရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။

မကြီးပန်းတို့အုပ်စု မျက်နှာပြင်ဆင်ပေးအပြီး အဝတ်အစား ပြင်ဆင်လဲလှယ်ပေးရန် အလုပ်ရှုပ်နေချိန်မို့ ဆွတ်ထံမှ ခဏအာရုံလွတ်နေသည်က ဆွတ်အတွက် ကံကောင်းဖို့ ဖြစ်စေခဲ့ပါသည်။

ဆွတ်သည် အခိုက်အတန့်ကလေးမှာပင် အလှပြင်ခန်းအတွင်းမှ လှစ်ခနဲ ပြေးထွက်လိုက်သည်။

ခာတ်လှေကား ...။

ခာတ်လှေကားကိုတွေ့လျှင် ခလုတ်များကို တုန်ယင်လှုပ်ရှားနေသော လက်များဖြင့် နှိပ်ကာ တစ်ရှိန်ထိုး ဆင်းလာခဲ့သည်။

ရင်ထဲမှာတော့ ထိတ်ရလွန်းသည်မှာ အသက်ပင် မရှူမိတော့ဘူး ထင်သည်။

နောက်ဘက်မှာ ဆူဆူညံညံနှင့် ရုတ်ရုတ်သဲသဲဖြစ်ကုန်ခဲ့မှာ အသေအချာပါပဲ။

ဟင့်အင်း ...

ဘာကိုမှ မတွေးချင်တော့။

ဟိုတယ်လ်အောက်ဘက်ရောက်သည်နှင့် ပြေးပေါက်





အရင်ရှာမိသည်။

အို ...

ဟိုမှာ ...

မမျှော်လင့်ဘဲ သော့တန်းလန်းနှင့် ကားတစ်စီးကို တွေ့သည်။

ဆွတ်သည် ဘာကိုမှ စဉ်းစားမနေတော့ဘဲ ကားပေါ်တက်ပြီး စက်နှိုးကာ တစ်ရှိန်ထိုး မောင်းထွက်လာခဲ့တော့သည်။

အရေးကြီးတာက ...

လိုတရနှင့်လက်မထပ်ရဖို့ပင်။



www.burmeseclassic.com

www.burmeseclassic.com

# လိုတရ နှင့် ပက်ဆွတ်မိုး

## အခန်း (၂)

တကယ်တော့ ဆွတ်တို့ဘေးကခြံကို လိုတရတို့ မိသားစုတို့ ပြောင်းခဲ့တာကိုက ဆွတ်အတွက်တော့ ကံဆိုးမိုး မှောင်ကျမှုဖြစ်စေခဲ့တာ ဖြစ်သည်။

လိုတရတို့က မန္တလေးမှ ပြောင်းရွှေ့လာခဲ့ကြတာ ဖြစ်သည်။

မျိုးရိုးစဉ်ဆက်ချမ်းသာသောသူများပီပီ နဂိုတိုက်တစ်လုံး,လုံးကို ပုံစံမကြိုက်ဟုဆိုကာ ဖြိုချပစ်ပြီး ခမ်းနားထည်ဝါလှသောအသစ်တစ်လုံး ထပ်ဆောက်ခြင်းဖြစ်သည်။

အဲ့ဒီတုန်းက ...

ဆွတ် တကယ့်ကို ပီဘိချာတိတ်ကလေး။

ခုနှစ်နှစ်, ရှစ်နှစ်လားပဲ ရှိသေးတာ။



www.burmeseclassic.com

www.burmeseclassic.com



မဟော်ဂနီရောင် ရှည်စင်းပျော့အိနေတဲ့ ကျောလယ် လောက်ဆံပင်တွေကို နှစ်ဖက်ခွဲစည်းထားလေ့ရှိတဲ့ ...

ဖြူဝင်းကြည်လင်နေတဲ့ အသားအရေနဲ့ ...

ပါးအို့နီနီ, မျက်သားပြာပြာလေးတွေကြောင့် ...

မြင်ရသူတိုင်းက 'ဘေဘီဒေါလ်' လေးလို့ ချစ်စနိုး ခေါ်တတ်ကြတာ။

အဲဒီ အရုပ်နဲ့တူတဲ့ မျက်နှာကြောင့် ...

လိုတရနဲ့ ကံဆိုးမိုးမှောင်ကျစွာ ဆုံစည်းစေခဲ့တဲ့ ဖန်တီး မှုဟာ အဲဒီဘေဘီဒေါလ် အရုပ်ကလေးနဲ့တူတဲ့ မျက်နှာကြောင့်ပဲ။

အဲဒီကံကြမ္မာကို ဆွတ်  တစ်သက်လုံးမမေ့ဘူး။

ပြန်တွေးတိုင်း ရင်ထဲမှာခါးတယ်။

"သားရေ ... လိုတရလေး ... ဘယ်မှာလဲ"

မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင် သည်းသည်းလှုပ် အချစ်ခံရသည့်ဘဝမို့ မမြင်ရသည်နှင့် မေမေ က အော်ပြီ။





"မေမေ ... သား ခြံထဲမှာ ဘောလုံးကန်မလို့"

လိုတရ မေမေ့ကို အသံကျယ်ကျယ်ဖြင့် ပြန်အသိပေး ရင်း ဘောလုံးပိုက်ကာ ခြံထဲဆင်းခဲ့သည်။

ပြောင်းလာခါစမို့ ပတ်ဝန်းကျင်က အသစ်ဖြစ်နေသည်။

သူငယ်ချင်းကလည်း မရှိသေး။

ဟိုဘက်ခြံမှာများ ကိုယ်နဲ့ရွယ်တူ တစ်ယောက်တလေ များ ရှိလေမလား။

အဖော်မက်စိတ်ဖြင့် လိုတရ ဟိုဘက်ခြံထဲ ကဲကြည့်မိ ၏။

ဟော ... တွေ့ပါပြီ။

ကိုယ်နဲ့ရွယ်တူ ကောင်မလေးတစ်ယောက်။

ကြည့်စမ်း ... လှလိုက်တာ။

ဘေဘီဒေါလ် အရုပ်မကလေးတစ်ရုပ်လို ချစ်စရာ ကောင်းလိုက်တာ။

ပါးနီနီလေးနဲ့။

မျက်သားပြာပြာကလေးနဲ့။

ယောက်ျားလေးပီပီ ဘောလုံးကန်ရမှာ ကြိုက်တတ်တဲ့ လိုတရရင်ထဲ အဲ့ဒီအရုပ်ကလေးက ဘယ်ကဘယ်လို ဝင်ရောက် လာမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



လိုတရ စိုက်၍ငေးကြည့်မိဆဲ။

ကောင်မလေးက ဒန်းပေါ်မှထ,ကာ ဂါဝန်လေးကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ ကားကားလေးဖြစ်စေရင်း ကိုယ်လေးကို ချာလပတ်လှည့်ကာ, လှည့်ကာဖြင့် သီချင်းဆိုလေတော့သည်။

တကယ့်ကို သီချင်းဆိုကာ က,တတ်သော ဘောဘီဒေါ်လ်ရုပ်ကလေးလို။

ငေးကြည့်ရင်း, ငေးကြည့်ရင်းမှနေ လိုတရစိတ်ထဲ တကယ့်အရုပ်မလေးလိုပင် ထင်မြင်လာတော့ကာ ...

လိုချင်စိတ်များ တဖွားဖွား ပေါ်ပေါက်လာရတော့သည်။

အဲ့ဒီအရုပ်မကလေးကို လိုချင်တယ်။

အဲ့ဒီအရုပ်မကလေးနဲ့ အတူဆော့ချင်တယ်။

"မေမေရေ ... မေမေ"

လိုတရ မေမေ့ကိုအော်ခေါ်ကာ အိမ်ထဲပြေးဝင်သည်။

"ဟဲ့ ... သား ဘာဖြစ်လို့လဲ၊ မေမေ့ကိုခေါ်ပုံက အလန့်တကြားနိုင်လိုက်တာ"

ဒေါ်အေးသန္တာ မျက်လုံးမျက်ဆန်ပြူးလျက် မေးသည်။

"ဟာ ... မြန်မြန်လာပါ မေမေရဲ့ ... အရေးကြီးလို့"

"ဟေ ... ဘာတွေအရေးကြီးနေတာလဲ သားလေးရယ်"





ကြီးကြီးကျယ်ကျယ်ပြောသည်မို့ ဒေါ်အေးသန္တာ သားကို ကြည့်လျက် အံ့ဩသွားရသည်။

လိုတရက အမေဖြစ်သူကို စိတ်မရှည်နိုင်စွာ ...

"ဟာ ... အရေးကြီးလို့ပါဆို၊ အရမ်းအရေးကြီးတယ် ... မြန်မြန်လာ၊ မေမေကလည်း"

လိုတရ မေမေ့လက်ကို စိတ်မရှည်နိုင်စွာ အတင်းဆွဲခေါ်မိသည်။

"ဟဲ့ ... ဘာလဲ သားလေးရဲ့၊ အို ... ပြောပါဦး ဘာတွေအရေးကြီးလို့လဲဆို"

ဒေါ်အေးသန္တာမှာ သားဖြစ်သူ ဘာတွေအရေးကြီးလို့ ကြီးမှန်း မသိ။

ဆွဲခေါ်ရာနောက် တညည်းညည်းတညူညူမေးရင်း, ပြောရင်း လိုက်ပါလာခဲ့ရသည်။

"အို ... ဘာလဲ သားရဲ့"

"ဟိုမှာ"

သားဖြစ်သူက ဟိုဘက်ခြံထဲ လက်ညှိုးလေးထိုးပြသည်မို့။

ဒေါ်အေးသန္တာ ခေါင်းကိုကဲလျက် ကြည့်လိုက်လျှင် တွေ့လိုက်ရသည်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



အရုပ်ကလေးလို ချစ်စဖွယ်ကောင်မလေးတစ်ယောက်။

သားနဲ့ရွယ်တူလောက်ပဲ ဖြစ်လိမ့်မယ် . . . ဟု တွေးဆဲ။

"မေမေ . . . သားကို အဲဒီအရုပ်ကလေး ဝယ်ပေးပါ"

လိုတရ . . . လက်ညှိုးလေးထိုးလျက် ပူဆာလေလျှင် ဒေါ်အေးသန္တာမှာ မျက်လုံးပြူးသွားရတော့သည်။

"ဝေ . . . အဲ့ဒီကောင်မလေးကို ပြောတာလား"

"ဟုတ်တယ်လေ . . . အဲဒီအရုပ်မလေးကို သား လိုချင်တယ်၊ သား အဲ့ဒီအရုပ်မလေးနဲ့ ဆော့ချင်တယ်၊ သားကို ဝယ်ပေးပါ၊ ဝယ်ပေးနော် မေမေ"

လိုတရဆိုသည့် နာမည်နှင့်လိုက်အောင် လို၍တတိုင်း ရတတ်ခဲ့စမြဲမို့ . . .

သားက လက်ညှိုးတထိုးထိုးနှင့် ပူဆာချေပြီ။

လိုချင်တာရှိလျှင် မရမချင်း ဖွဲခတ်၍ပူဆာတတ်သော သားရဲ့အကျင့်ကို သိသည်မို့ ဒေါ်အေးသန္တာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိတော့။

လိုချင်တိုင်း မရမရှိရအောင်လည်း . . . ပူဆာတိုင်း အလိုလိုက်ခဲ့ကြသည် မဟုတ်လား။

ခုတော့ဖြင့် ခက်ချေသည်။

သားရဲ့ဖွဲကို သိထားသည်မို့ ဒေါ်အေးသန္တာ နဖူး၌ပင်





ချွေးစို့ရချေပြီ။

"ဟိုလေ . . . အဲ . . . သားရယ် သူက အရုပ်မဟုတ်ဘူးလေ သားရဲ့၊ သူက လူလေ၊ အယ် . . . လူအစစ်ဆိုတော့ သူ့ဖေဖေနဲ့မေမေက ဘယ်ရောင်းမှာလဲ၊ ဝယ်လို့မရဘူးလေ"

"ဟာ . . . မရဘူးကွာ,မရဘူး၊ သားလိုချင်တယ် . . . ရအောင်ဝယ်ပေးရမယ်"

လိုတရ ဂျစ်လေပြီ။

အစစအရာရာ ပြည့်စုံလွန်းလှသည်မို့ တစ်ဦးတည်းသော သားပီပီ အလိုလိုက်ခံထားရသော လိုတရမှာ မရဘူးဟု အငြင်းမခံရစဖူး အငြင်းခံရတော့ ဆိုးချင်လေပြီ။

"မရဘူးလေ သားလေးရဲ့ မရလို့ပေါ့၊ ရရင် မေမေ ချက်ချင်း ပိုက်ဆံယူပြီး သွားဝယ်ပေးမှာပေါ့၊ သူ့မိဘတွေက ဘယ်ရောင်းမှာလဲ၊ သား စဉ်းစားကြည့်စမ်း . . . သားကိုရော သူများက လာဝယ်မယ်ဆိုရင် မေမေနဲ့ဖေဖေက ရောင်းမှာလား၊ မရောင်းဘူးမဟုတ်လား . . . အဲ့လိုပဲပေါ့"

"ဟာ . . . မသိဘူးကွာ, မသိဘူး၊ သား . . . အဲ့ဒီကောင်မလေးကို လိုချင်တယ် ဒါပဲ၊ ဝယ်ပေးရမယ် ဝယ်ပေး၊ ခုချက်ချင်း ဝယ်ပေး"

လိုတရ ခြေထောက်ကိုဆောင့်ကာ ဆောင့်ကာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ချေပြီ။

သားရဲ့ဆိုးမျိုးကိုသိသော ဒေါ်အေးသန္တာ ချွေးပြန်ရချေပြီ။

"ဟာ ... သားကလည်း မဆိုးရဘူးလေကွာ၊ ဝယ်ပေးလို့မှ မရတဲ့ဟာကို"

"မရဘူး မရဘူး ... အဲ့ဒီကောင်မလေးကို ဝယ်ပေး၊ အဲ့ဒီကောင်မလေး ဝယ်ပေး"

လိုတရမှာ အော်ဟစ်သောင်းကျန်းချေပြီ။ဒေါ်အေးသန္တာ မနိုင်တော့။

ဖခင်ဖြစ်သူကိုပါ အကူအညီတောင်းရတော့သည်။

"အဖေကြီးရေ ... လာပါဦး၊ ဒီမှာ သားကို လာခေါ်ပါဦး"

ဒေါ်အေးသန္တာအော်သံကြောင့် ဦးအောင်သူရလည်း မျက်လုံးမျက်ဆန်ပြူးလျက် ထွက်လာခဲ့ရတော့သည်။

"ဘာတွေဖြစ်နေတာလဲကွ"

"ဘာဖြစ်ရမလဲ ... ဒီမှာ သားလေး ဟိုဘက်ခြံက ကောင်မလေးကို လိုချင်လို့တဲ့၊ အဲ့ဒါ ... ကြည့်ကြက်ချော့ပါဦး"

"ဟေ"

ဦးအောင်သူရတစ်ယောက်လည်း အကြားနဲ့တင် မျက်





လုံးပြူးရချေပြီ။

လိုတရ,ကတော့ အဖေဖြစ်သူပါ ရောက်လာသည်မို့ အဖေ့ဘက် လှည့်ပြန်သည်။

"ဖေဖေ ... ဟိုဘက်ခြံက အရုပ်မလေးကို ဝယ်ပေးပါ၊ သား ဆော့ချင်လို့၊ အခုချက်ချင်း သွားဝယ်ပေးပါ၊ ပိုက်ဆံယူပြီး ခုချက်ချင်း သွားဝယ်ပေးပါ"

ဦးအောင်သူရ ဂါဝန်လေးကိုင်ကာ ချာလပတ်လှည့်က,နေသော ကောင်မလေးကိုတစ်လှည့်၊ ခြေဆောင့်ပူဆာနေသော သားတော်မောင်ကိုတစ်လှည့်ကြည့်ကာ မျက်လုံးပြူးနေမိသည်။

ပိုက်ဆံပေးဝယ်ရင် ဘာမဆိုရ,သည်ထင်နေသော သားတော်မောင်ကို ဘယ်လိုအကြောင်းပြချက်ပေးရမှန်း မသိတော့။

"မဟုတ်ဘူးလေ သားရဲ့ ... သူက အရုပ်မှမဟုတ်ဘဲ၊ အရုပ်ကိုပဲ ပိုက်ဆံပေးဝယ်လို့ရတာ၊ လူကို ပိုက်ဆံပေးဝယ်လို့ မရဘူးလေ၊ သူ့အိမ်က ဘယ်ရောင်းမှာလဲ"

"မရဘူးကွာ ... ရအောင်ဝယ်ပေး"

"ဩော် ... သားကလည်းကွာ ဝယ်လို့မရပါဘူးဆိုမှ"

လိုချင်တာ မရ,ရအောင် ဝယ်ပေးတတ်ခဲ့သည့် မိဘနှစ်ပါးက အငြင်းစကားဆိုလေတော့ လိုတရ အောင့်သီးအောင့်



www.burmeseclassic.com

www.burmeseclassic.com



သက်ဖြစ်သည်။

ပြီးတော့ ...

မရဘူးဆိုခါမှ လိုချင်စိတ်က ပိုပြင်းထန်လာလေတော့ကာ ...

"မရဘူး ... ဝယ်ပေး ခုချက်ချင်း ဝယ်ပေး၊ အဲ့ဒီအရုပ်မလေးကို ခုချက်ချင်း ရအောင်ဝယ်ပေး"

သည်းသည်းလှုပ် အလိုလိုက်ခံထားရသဖြင့် ဆိုးချင်တိုင်းဆိုးတတ်သော လိုတရတစ်ယောက် မြေပြင်ပေါ် လူးလှိမ့်အော်ဟစ်ကာ ငိုယိုသောင်းကျန်းတော့သည်။

"ဝယ်ပေး ... ခုချက်ချင်း ဝယ်ပေး၊ ဝယ်ပေး"

"အာ ... သားကလည်း ဝယ်ပေးလို့မှ မရဘဲဟာကို၊ ညစ်ပတ်ကုန်ပြီ၊ အဲ့လို မလုပ်ရဘူးလေ"

"မရဘူး ... ဝယ်ပေး ဝယ်ပေး"

"မငိုပါနဲ့ သားရယ် ... ကစ်ဇုန် (Kids Zone) လိုက်ပို့ပေးမယ်လေ မငိုနဲ့၊ သားလေးက လိမ္မာတယ်၊ မငိုနဲ့တော့နော်"

"ဟိုအရုပ်မလေးပဲ လိုချင်တယ်၊ ဝယ်ပေး ... ဝယ်ပေးပါ"

"သား ဘာလိုချင်လဲ ... ဘလေဇုန် သွားမယ်လေ၊ ဘာဝယ်ချင်လဲ ပြော ... သားလိုချင်တာ အားလုံးဝယ်ပေးမယ်"





"ကားတစ်စီး ထပ်ယူဦးမလား ဝယ်ပေးမယ်နော်"

"ရှမ်းခေါက်ဆွဲသွားစားမယ်လေ ... နော် သားလေး"

သားလေးချင်းထပ်အောင် ချော့ပါသော်လည်း လိုတရကတော့ မရ။

"ဝယ်ပေး ... ဟိုဘက်ခြံက အရုပ်မလေး ဝယ်ပေး"

ဟုသာ မျက်ရည်အရွှဲသားနှင့် မြေပြင်မှာ လူးလိမ့်ငိုယိုဆဲ။

နောက်ဆုံး ... ဘယ်လိုမှ ချော့မရတော့သည့်အဆုံး ဦးအောင်သူရတစ်ယောက် သားဖြစ်သူလိုတရကို မြေကြီးပေါ်မှ အတင်းဆွဲထူ ပွေ့ချီကာ အိမ်ထဲခေါ်ခဲ့ရတော့သည်။

လိုတရကတော့ ခြေတွေ့လက်တွေ ရုန်းကန်လျက်။

"ဝယ်ပေး ... ဝယ်ပေး"

ဟုသာ အော်ဟစ်ငိုယိုဆဲ။

အော်ဟစ်ပြီး ငိုရလွန်းသဖြင့် နောက်ဆုံး လိုတရတစ်ယောက် မောပန်းလွန်းပြီး ဆိုဖာခုံပေါ်မှာ ခြေပစ်လက်ပစ် အိပ်



www.burmeseclassic.com

www.burmeseclassic.com



ပျော်သွားခဲ့တော့သည်။

"ဖေကြီးရယ် ... သားလေး သနားပါတယ် ကြည့်ပါဦး"

ဒေါ်အေးသန္တာတစ်ယောက် မျက်ရည်စီးကြောင်းနှင့် အိပ်ပျော်နေရှာသော သားကိုကြည့်ကာ မျက်ရည်လည်မိသည်။

ဦးအောင်သူရလည်း သားကိုကြည့်ပြီး သက်ပြင်းရှိုက်လိုက်မိသည်။

"သားခမျာ ဘယ်တုန်းကမှ ဒီလောက် ငိုရဖူးတာ မဟုတ်ဘူး"

"သားဘဝမှာ ငိုရဖူးတယ်မရှိအောင် အလိုလိုက်ထားခဲ့တာ"

"အမြဲတမ်း လိုချင်တာ ရခဲ့တော့ သား အတော်လေး ခံစားရမှာ"

လင်မယားနှစ်ယောက် မောမောပန်းပန်း အိပ်ပျော်နေရှာသော သားကိုကြည့်ကာ ရင်ထဲမကောင်း။

အိပ်ပျော်နေရာမှ သားက ယောင်ယမ်းပြီးရှိုက်တာ မြင်လိုက်ရတော့ အသည်းနှလုံးတွေ ခြေလိုက်သလို ပိုခံစားကြရသည်။

နှစ်ယောက်စလုံး သားကိုမကြည့်ရက်ကြ။





"ဘယ်လိုလုပ်မလဲဟင် မေကြီး၊ သားနိုးလာရင် ထပ်ပူဆာဦးမှာ သေချာတယ်၊ သားက အစွဲအလမ်း သိပ်ကြီးတာနော်"

"နေပါဦးကွာ ... ကိုယ် စဉ်းစားပါဦးမယ်"

ဦးအောင်သူရ ခေါင်းကြီးငိုက်စိုက်ချကာ ကားသော့ယူပြီး အပြင်ထွက်သွားတော့သည်။

သူတို့ဘဝမှာ သားထက် အရေးကြီးတာ ဘာမှမရှိ။

လောလောဆယ် သူတို့ခေါင်းပူနေရသည်က ... သားနိုးလာရင် ဘယ်လိုရင်ဆိုင်ရမလဲဆိုတာပဲ ဖြစ်သည်။

လိုတရက အစွဲအလမ်း အရမ်းကြီးတတ်သူလေ။

လိုတရ မျက်လုံးနှစ်လုံးဖွင့်ကာ နိုးလာသည်နှင့် ပထမဆုံး ပြောသောစကားမှာ ...

"ဝယ်ပေး ... ဟိုဘက်ခြံက အရုပ်ကလေး ဝယ်ပေး"

ဟူ၍ဖြစ်သည်။

"ဟော ... သားလေး နိုးလာပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးသန္တာ သားဖြစ်သူကို အပြုံးဖြင့် နှုတ်ဆက်သည်။

တကယ်တော့ သားနိုးမယ့်အချိန် ထိုင်စောင့်နေရတာ ရင်ထဲတထိတ်ထိတ်။

"ဖေကြီးရေ ... သားလေး နိုးပြီ ... လာပါဦး"

ဒေါ်အေးသန္တာ ခင်ပွန်းသည်ကို လှမ်းခေါ်သည်။

"မေမေ ... သားကို အရုပ်ဝယ်ပေး၊ ဟိုဘက်ခြံက အရုပ်ဝယ်ပေး"

သားက ငေါက်ခနဲ ထ,ထိုင်ကာ ထိုအကြောင်းကိုပဲ စကားစ,သည်။

"လာပါပြီဗျာ ... ကိုလိုတရလိုချင်တဲ့ အရုပ်မ,လှလှလေး လာပါပြီ ခင်ဗျာ"

ဦးအောင်သူရ ခပ်မြူးမြူးပြောရင်း သားဆီ လှမ်းလာသည်။

အရုပ်မကြီးကို ပွေ့ချီလျက်။

အရုပ်မမှာ ဟိုဘက်ခြံက ကောင်မလေးအရွယ်ခန့် မရ,ရအောင် မြို့အနှံ့ ပတ်ရှာဝယ်ခဲ့ရခြင်းဖြစ်သည်။

တကယ်တော့ လူအသားအစစ်ကဲ့သို့ အိအိကလေး ဖြစ်နေကာ ပါးအို့နီနီ၊ မျက်သားပြာပြာနှင့် အရုပ်မကလေး။





လိုတရ အမေဖြစ်သူ ပွေ့ချီလာသော အရုပ်မကလေးကိုမြင်လျှင် ထိတ်ခနဲ ဝမ်းသာသွား၏။

"ဟာ ... ဖေဖေ တကယ်ဝယ်လာတာပဲ ... ပေး ဖေဖေ"

ဖေဖေ့လက်ထဲမှ လက်လွှဲပြောင်းယူဖို့ပြင်သည်။ မိဘများမှာလည်း ခုမှပဲ အလုံးကြီးကျသွားရကာ ...

"အဟေး ... တကယ်ဝယ်လာတာပေါ့ကွာ၊ ငါ့သားလိုချင်ရင် မရတာ ဘာရှိရမလဲ ... ဟေး ဟေး"

ဦးအောင်သူရ သားဖြစ်သူလက်ထဲ ရယ်ကာမောကာဖြင့် အရုပ်ကိုထည့်သည်။

လက်ထဲရောက်သည်နှင့် ပျော်နေသော လိုတရမျက်နှာလေး ချက်ချင်း ပြောင်းလဲသွားရသည်။

"ဟင် ... ဒါကြီးက အရုပ်ပဲ"

လိုတရ မျက်နှာလေး ချက်ချင်းတင်းမာသုန်မှုန်သွားသည်။

"အေးလေ ... သားလေး လိုချင်တဲ့ ဟိုဘက်ခြံက အရုပ်မလေးလေ"

"မဟုတ်ဘူး၊ ဒါ ... ဟိုဘက်ခြံက အရုပ်မဟုတ်ဘူး၊ ဒါ ... ဆိုင်က ဝယ်ထားတဲ့အရုပ် သားသိတယ်၊ သားကိုပြော



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဒါ . . . ဟိုဘက်ခြံက ကောင်မလေး မဟုတ်ဘူး၊ ဟိုဘက်ခြံက ကောင်မလေးကိုပဲ လိုချင်တာ၊ ဟိုဘက်ခြံက ကောင်မလေး ဝယ်ပေး . . . ခု ဝယ်ပေး''

လိုတရ အော်ငိုပြန်ပြီ။

ဦးအောင်သူရ ဝယ်လာခဲ့သော အရုပ်ကြီးကိုလည်း အခန်းထောင့်သို့ လွှင့်ပေါက်ပစ်လိုက်သည်။

ညာရက်သော မိဘများကိုလည်း စိတ်ဆိုးကာ လိုတရ တစ်ယောက် ဝုန်းဒိုင်းကြဲလေတော့သည်။

ကစားစရာတွေအားလုံး လွှင့်ပစ်ပေါက်ခွဲသည်။

ခြေထောက်ကို တဝုန်းဝုန်း ဆောင့်သည်။

စိတ်ထက်ကာ ဒေါသကြီးသော သားဖြစ်သူကို ဖအေနှင့် မအေမှာ ဘယ်လိုမှ ချော့လို့မရ။

လက်မှိုင်ချကာ ကြည့်နေရတော့သည်။

အသည်းတုန်အောင်ချစ်သော တစ်ဦးတည်းသောသား လေးမို့ ရိုက်ဖို့နေနေသာသာ ရွယ်ပင်မရွယ်ရက်သော, မဆူရက်, မဟောက်ရက်သော မိဘများမှာ ရင်ထဲမကောင်းနိုင်။

စိတ်တိုင်းကျအောင် အော်ဟစ်ငိုယိုသောင်းကျန်းပြီး ည မိုးစုပ်စုပ်ချုပ်တော့မှ မင်ပန်းလွန်းမက ပင်ပန်းလွန်းပြီး လိုတရ အိပ်ပျော်သွားခဲ့သည်။





တစ်ကိုယ်လုံးလည်း နွမ်းဖပ်ပျော့ခွေနေပြီ။

ဒါတောင် . . .

''ဟိုဘက်ခြံက ကောင်မလေးကို ရအောင်ဝယ်ပေး''

ဟု ထ,ထ ယောင်ယမ်းအော်ဟစ်သေးသည်။

မနက်မိုးလင်းလျှင်တော့ . . . တစ်ကိုယ်လုံး ခြစ်ခြစ် တောက်ပူကာ လိုတရ ဖျားလေပြီ။

ခေါင်းချင်းဆိုင်ကာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်ရတော့သည်မှာ ဦးအောင်သူရနှင့် ဒေါ်အေးသန္တာပဲ ဖြစ်သည်။

''ဘုရား ဘုရား . . . တစ်ကိုယ်လုံးလည်း ခြစ်ခြစ် တောက်ပူနေတာပဲ . . . ကြည့်ပါဦး ဖေကြီးရယ်''

မအေဖြစ်သူမှာ ပူခြစ်နေသော နဖူးပြင်ကို ပါးနှင့်အပ် ရင်း မျက်ရည်တွေတွေကျသည်။

''အစွဲအလမ်းပေါ့ကွာ၊ တယ်ခက်တာပဲ . . . အစွဲ အလမ်းကြီးလွန်းတဲ့ ငါ့သားရယ်''

မအေဖြစ်သူကတော့ မျက်နှာကြီးညှိုးကာ မချိတင်ကဲ။

သားအတွက်ဆိုရင် ငွေဘယ်လောက်ကုန်ကုန် ငွေနဲ့ ဆက်၍ ဘာမဆိုအရယူပေးရန် ပြင်ဆင်ထားသောမိဘများမှာ ခုဟာက ငွေနှင့်ဝယ်၍မရသောအရာမို့ ဘာမှမတတ်နိုင်ဖြစ်နေ သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာတော့ မကောင်း။

ဦးအောင်သူရ နှုတ်ခမ်းလေးများရဲကာ အဖျားကြီးနေသော သားဖြစ်သူကို မကြည့်ရက်သလို နေရာမှထ,ကာ ပြတင်းပေါက်၌ရပ်မိစဉ် ...

မျက်မှောင်တို့ကြုတ်လိုက်မိသည်။

"ဟာ ... ဟေ ... ဟေ ... မိန်းမရေ လာစမ်းပါဦးကွာ"

ဝမ်းသာအားရ လှမ်းခေါ်လိုက်သော ဦးအောင်သူရအသံကြောင့် ဒေါ်အေးသန္တာပင် နားမလည်နိုင်ဖြစ်သွားရသည်။

"ဘာလဲ ... ဖေကြီးကလည်း ဘာတွေ့လို့လဲ"

"ဩော် ... လာစမ်းပါဦးဆိုကွာ၊ ဟိုဘက်ခြံကို ခုမှကြည့်မိလို့၊ ဟိုဘက်ခြံက ဖနီးမောင်နှံက တို့မန္တလေးကို လာလည်ဖူးကြသလားလို့၊ ကိုသိန်းလှိုင်နဲ့ တော်တော်ဆင်သကွ"

"ရှင် ... ဟုတ်လား"

ဒေါ်အေးသန္တာ ဝမ်းသာအားရဖြင့် ပျာပျာသလဲ ထ,လာသည်။

ပြတင်းပေါက်မှ ဟိုဘက်ခြံထဲ ကြည့်လိုက်သည်။

နေရောင်နုနုအောက်မှာ မနက်စာ စားနေကြသော မိသားစုသုံးယောက်။





မျက်မှောင်ကြုတ်ကာ အသေအချာကြည့်လိုက်မိပြီး ဝမ်းသာသွားရလေတော့သည်။

"အိုး ... သေချာတာပေါ့၊ ကိုသိန်းလှိုင်နဲ့မမနှင်းတို့ပဲ၊ အိမ်ထောင်ကျခါစက ပွဲရုံကိစ္စနဲ့လာရင်း ကျွန်မတို့အိမ်မှာ တည်းတာလေ၊ အင်း ... အဲဒီတုန်းက ကျွန်မတို့လည်း သားလေးကို မမွေးသေးဘူး"

"ဒါကြောင့် ကလေးချင်းက ရွယ်တူလေးဖြစ်နေတာ"

"ကောင်းလိုက်တာနော် ... မိတ်ဆွေကောင်းတွေနဲ့ အိမ်နီးချင်းဖြစ်ရတော့"

"အင်း ... အဲ့ဒီထက်ပိုကောင်းတာကတော့ မိန်းမရေ"

ဦးအောင်သူရ စကားမဆက်။

မျက်နှာကြီးက ပြုံးလျက်။

ဒေါ်အေးသန္တာလည်း ခုနက မျက်ရည်များ ခြောက်သွေ့ကာ ပြုံးနိုင်လာသည်။

ဖနီးမောင်နှံနှစ်ယောက် အိပ်ရာပေါ်မှာ နှမ်းဖပ်ပျော့ခွေကာ ဖျားနေသော သားကလေးကို ပြိုင်တူကြည့်ကာ ခုမှ ဟင်းချနိုင်တော့သည်။

လိုတရဆိုတာ မွေးကတည်းက ကံကောင်းခြင်းကို အံတူယူဆောင်လာခဲ့သူလေ။



www.burmeseclassic.com

www.burmeseclassic.com



မရဘူးဆိုတာ ဘာရှိရမလဲ။

"အဲဒါပဲ မမနှင်းရေ ... ပြဿနာက သေးသေးတော့ မဟုတ်ဘူး၊ အေးတို့မှာ တကယ့်ကို ခေါင်းခဲနေရတာ"

ဒေါ်အေးသန္တာမှာ ဖြစ်သမျှကို သက်ပြင်းလေးရှိုက်ရင်း အသေးစိတ် ပြောပြနေမိသည်။

ဒေါ်နှင်းနှင်းကတော့ ရင်ဘတ်ကိုဖိရင်း နားထောင်ကာ

"ဩော် ... ဖြစ်မှဖြစ်ရလေ အေးရယ်၊ ကလေးသနားစရာကွယ်၊ လာပြောပါတော့လား၊ နှင်းတို့က သားသမီးချင်းကိုယ်ချင်းစာတတ်ပါတယ်၊ ခုတော့ ကလေးခမျာ ဖျားတဲ့အထိအောင်တဲ့လား"

"မမနှင်းရေ ... သူက နာမည်နဲ့လိုက်အောင် လိုတ,ရနေကျမို့လား၊ ခုမှ လိုချင်တာမရတော့ ဖျားတဲ့အထိကို ဖြစ်တာ၊ အရမ်း စိတ်ကြီးတာ"

"အစွဲအလမ်းကြီးတာပါကွာ ... ငါ့သားက"

ဦးအောင်သူရပါ ဝင်ပြောသည်။





"မှန်တာပေါ့ ... သူ အစွဲအလမ်းကြီးတာ မိဘတွေမှာ ငယ်ထိပ်တက်ဆောင့်တယ်"

နှစ်ယောက်သား အတိုင်အဖောက်ညီညီ သားလိုဘပြည့်ရအောင် ဖိအားပေးရသည်။

ဦးသိန်းလှိုင်နှင့်ဒေါ်နှင်းနှင်းတို့ဇနီးမောင်နှံကတော့ ခပ်အေးအေးနှင့် ကြင်နာသ⸗ားတတ်သူများပီပီ ...

"ပြောရှော့ပေါ့ဗျ ... ကလေး ဒီလောက်ဖြစ်နေတာ၊ စိတ်ထဲ ခံစားနေရတာကို ⁞⸗ကြေပျောက်အောင် သူ ကျေနပ်အောင် လုပ်ပေးမှ ဖြစ်မှာပေါ့"

ဦးသိန်းလှိုင်စကားကြားရလျှင် လင်မယားနှစ်ယောက်သား မျက်နှာများ ဝင်းခနဲဖြစ်သွားရသည်။

"ဟုတ်ပါ့ရှင် ... ခုတော့ ကလေးမှာ အတော်ပင်ပန်းသွားရရှာပြီ ... သနားလိုက်တာ"

"ကဲပါဗျာ ... ကလေး နေမကောင်းတာလိုက်ကြည့်ပါ့မယ်၊ နှင်းရေ ... သမီးကိုပါ ခေါ်သွားရအောင်"

လင်မယားနှစ်ယောက်သား ဝမ်းသာလိုက်ရသည့်ဖြစ်ခြင်း။ ဒေါ်နှင်းနှင်းက သမီးကလေးကို အပါခေါ်ခဲ့ပါ၏။

အသုပ်စုံရောင်းတမ်း တစ်ယောက်တည်းဆော့နေသော ဆွတ်ကတော့ ဘာမှမသိ။



www.burmeseclassic.com

www.burmeseclassic.com



မေမေက အိမ်လည်သွားရအောင်လို့ ခေါ်တော့ ကစားတာ အရှိန်ပျက်သွားရသည်မို့ သိပ်တော့မကြည့်ချင်။

မိဘတွေကို တစ်ခါမှ ကလန်ကဆန်မလုပ်ဖူးသည်မို့ သာ ထ,လိုက်လာခဲ့ရသော်လည်း စိတ်ကတော့ ကစားသည့်ထဲသာ ရောက်နေခဲ့သည်လေ။

"သား၊လေရေ"

အဖျားရှိန်ကြောင့် မေးနေသော သားတော်မောင်ကို ဒေါ်အေးသန္တာ ခပ်တိုးတိုးခေါ်မိပါ၏။

ဝမ်းသာပျော်ရွှင်မှုကြောင့် အသံက ကြည်ရွှင်၍နေသည်လေ။

ခေါ်သံကြောင့် သားရဲ့စင်းကျနေသော မျက်တောင်များ လှုပ်ခတ်ကာ မျက်လုံးလေး ဖြည်းဖြည်းချင်း ပွင့်လာသည်။

"ဝယ်ပေး ..."

အသံမထွက်နိုင်သော်လည်း တရွရွလှုပ်နေသော နှုတ်ခမ်းရဲရဲလေးကိုကြည့်ကာ မအေမို့ သိလိုက်ပါသည်။





"သားရေ ... ဒီမှာကြည့်စမ်း"

ဦးအောင်သူရ တမင်ကွယ်ထားရာမှ ဖျတ်ခနဲနေရာရွှေ့လိုက်သည်။

နောက်မှာ ဘွားခနဲပေါ်လာသည်က ...

"ဟင်"

မှေးနေသောမျက်လုံးလေး ချက်ချင်းဖွင့်လာကာ ဝိုင်းစက်လို့သွားသည်။

အံ့မဧရိတ်သံလေးကြောင့် လူကြီးများအားလုံး ပြုံးလိုက်မိကြပါသည်။

"ဟိုဘက်ခြံက ကောင်မလေး"

လိုတရ မထင်မှတ်နိုင်သလို လက်ညှိုးထိုးကာ ခပ်ဖွဖွ ရေရွတ်လိုက်သည်။

"ဟုတ်ပါ့ဗျာ ... ဟိုဘက်ခြံက ကောင်မလေးပါ"

"ဖေဖေ ဝယ်လာခဲ့တာ ... ဟုတ်လား"

လိုတရ မအေဖြစ်သူကို မော့ကြည့်ကာ မေးလိုက်မိသည်။

ပြုံးနေမိသော လူကြီးများအားလုံး ဒီတစ်ခါတော့ အသံများထွက်အောင် ရယ်လိုက်မိကြသည်။

"ဒါပေါ့ ... ဖေဖေ ဝယ်လာခဲ့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



လိုတရမှာ မယုံရဲသေး။

တုံ့ဆိုင်းဆိုင်းနှင့် သေချာအောင် ထပ်မေးမိပြန်သည်။

"ဖေဖေတို့ပြောတော့ သူ့အဖေနဲ့အမေက ရောင်းမှာ မဟုတ်ဘူးဆို"

လိုတရရဲ့ဆုတ်ဆိုင်းဆိုင်းမေးပုံလေးကြောင့် ဦးသိန်းလှိုင်နှင့်ဒေါ်နှင်းနှင်း သဘောတကျရယ်မိကြသည်။

ဦးသိန်းလှိုင် လိုတရခေါင်းလေးကို ချစ်စနိုး ပုတ်လိုက်မိကာ ...

"သားက အရမ်းလိုချင်နေတော့လည်း ရောင်းပေးရမှာပေါ့ကွာ၊ ဒါနဲ့ ... သားက ဘယ်လောက်နဲ့ ဝယ်မှာလဲ၊ ဘယ်လောက်ပေးမှာလဲ ပြောပါဦး"

ဦးသိန်းလှိုင် ချစ်စနိုး စနောက်ကာ မေးလိုက်သော မေးခွန်းကြောင့် လိုတရ မျက်လုံးဝိုင်းကလေးနှင့် အူကြောင်ကြောင်လေး ဖြစ်သွားရသည်။

တကယ်ဆို ရောင်းမည့်လူက ဈေးပြောရမှာ မဟုတ်လား။ ခုတော့ ... ပြောင်းပြန်ကြီးဖြစ်နေပြီ။

"ပြောလေ ... သားက ဘယ်လောက်နဲ့ ဝယ်မှာလဲ"

အူကြောင်ကြောင်လေးဖြစ်နေသည့် လိုတရကို ချစ်စနိုးနှင့် ဦးသိန်းလှိုင် ထပ်မေးလိုက်သည်။





လိုတရ လက်ညှိုးလေးထောင်ကာ စဉ်းစားလိုက်ပြီး ..

"ထောင့်ငါးရာ"

"ဝေ"

ဦးသိန်းလှိုင် မျက်လုံးပြူးသွားရသည်။

"သား ထောင့်ငါးရာနဲ့ ဝယ်မယ်"

ပြောပုံလေးက ပိုင်စိုးပိုင်နင်း။

ထောင့်ငါးရာဆိုသော ဈေးနှုန်းကြောင့် အားလုံးသဘောတကျ ရယ်လိုက်မိကြသည်။

ဆွတ်က လွဲ၍ပေါ့။

"ထောင့်ငါးရာ ... ဟုတ်လား၊ ဟား ဟား ... ကျလည်း ကျတဲ့ကောင်ကွာ၊ မလွယ်တဲ့ကောင်ပဲ"

"အိုး ... ကလေးက ဘာနားလည်မှာမို့လဲ၊ ကိုသိန်းလှိုင်ကလည်း နားမလည်လို့ ပြောတာပေါ့"

ဒေါ်နှင်းနှင်း အားတုံ့အားနာ ဟန့်သည်။

"အေးပါကွာ ... ဟုတ်ပါတယ်၊ နားလည်ရင် ဘယ်ပြောမလဲ"

"သားမှာ စုထားတဲ့ ထောင့်ငါးရာရှိတယ်"

"ဟေ"

သမီးရှင်ဖြစ်သော ဦးသိန်းလှိုင် မျက်လုံးပြူးပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း . . . သားက တစ်ရာတန်အသစ်ကလေးတွေ ဆိုရင် သိမ်းထားတတ်တယ်၊ အဲ့ဒါကို ပြောတာ"

ဒေါ်အေးသန္တာ ဝင်ပြောရတော့သည်။

လိုတရ ချက်ချင်းပင် အိပ်နေရာမှ ထ,ကာ ခေါင်းအုံး အောက်ကို လက်လျှိုသည်။

ကလေးကိုင် သားရေအိတ်ပြားပြားကလေး တစ်အိတ်။

အသစ်ကျပ်ချွတ် တစ်ရာတန်ကလေး ဆယ့်ငါးရွက်။

လိုတရ လူကြီးလေးတစ်ယောက်လို သူ့ကို မယုံသင်္ကာ ဖြစ်မှာစိုးသည်မို့ တစ်ရွက်ချင်း ရေပြသည်။

"ဒီမှာနော် ဦး . . . ထောင့်ငါးရာပြည့်တယ်နော်၊ ရော့ . . . အဲ့ဒီကောင်မလေးကို သားဝယ်လိုက်ပြီနော်၊ သား ပိုင်သွား ပြီနော်"

"ဟေ"

လိုတရ တကယ်ပဲ ပိုက်ဆံထိုးပေးတော့ ဦးသိန်းလှိုင်မှာ ရယ်ရအခက်၊ မရယ်ရအခက် ဖြစ်သွားရပြန်သည်။

"ယူလိုက်ပါ . . . ကလေး ကျေနပ်သွားအောင်"

ဦးသိန်းလှိုင် အခက်တွေ့နေသည်ကို ရိပ်မိသော ဒေါ် နှင်းနှင်းက ခပ်ကျိတ်ကျိတ် တိုက်တွန်းသည်။

တကယ်တော့ အိပ်ရာထဲလဲသည်အထိ ဖျားနေသည့်





ကလေးကို စာနာသနားစွာ အလိုလိုက်မိခြင်းပင်။

ကလေးဆိုတာ နုနယ်လွန်းသည်မို့ အစွဲအလမ်းကြီးသည့် စိတ်က ကျန်းမာရေးကို ဒုက္ခပေးသည်အထိ ဖြစ်နိုင်သည် မဟုတ် လား။

"အေးပါကွာ . . . အေးပါ၊ ကဲ . . . သားပေးတဲ့ထောင့် ငါးရာ ယူလိုက်ပြီနော်၊ ဆွတ်ကို ထောင့်ငါးရာနဲ့ သားကို ရောင်း လိုက်ပါပြီ၊ ဆွတ်ကို သားပိုင်သွားပြီပေါ့ . . . ဟုတ်လား"

တကယ်ယူမှ ကျေနပ်မည့်ပုံရသော လိုတရဆီမှ ဦး သိန်းလှိုင် ထောင့်ငါးရာကို လှမ်းယူလိုက်ရပါတော့သည်။

ဦးသိန်းလှိုင်ရဲ့ နှစ်သိမ့်အပြောက လိုတရကိုတော့ ဘဝင် ခိုက်သွားစေသည်။

လိုတရ ဆွတ်ကို ပိုင်စိုးပိုင်နင်းကလေး ကြည့်လိုက်မိ သည်။

"နင့်ကို ငါပိုင်သွားပြီ . . . ထောင့်ငါးရာနဲ့ ဝယ်လိုက်ပြီ . . . သိရဲ့လား"

ဆိုသော ပိုင်စိုးပိုင်နင်းအကြည့်ကြောင့် ဆွတ်ရင်ထဲ မခံချိမခံသာ ဖြစ်သွားခဲ့ရသည်။

"ဟိတ် . . . နင့်နာမည် ဘယ်သူလဲ"

နေသာမကောင်းပေမယ့် လိုတရတို့ကတော့ လေသံ



www.burmeseclassic.com

www.burmeseclassic.com



တော့ မာနိုင်သေးသည်။

ဆွတ်ကလည်း သူ့အိမ်လည်း လာလည်ရသေးတယ် စကားပြောပုံက မာလိုက်တာဟု တွေးမိကာ ခပ်ချဉ်ချဉ်နှင့် ပြန်မဖြေ။

မျက်စောင်းကလေး ထိုးပစ်လိုက်ကာ ချာခနဲ မျက်နှာလွှဲလိုက်သည်။

"ပြောပြလိုက်လေ သမီးရဲ့ ... အဲ့လို မလုပ်ရဘူးလေ"

ဒေါ်နှင်းနှင်း အားနာစွာ သမီးကို တိုက်တွန်းမိသည်။

တစ်ဦးတည်းသော သားသမီးချင်းတူပေမယ့် မိဘစကားတစ်ခါမှ မငြင်းဆန်တတ်သည့်၊ အမြဲနားထောင်တတ်လေ့ရှိသည့် ဆွတ်က စူအောင့်အောင့်နှင့်ပဲ ပြန်ဖြေရတော့သည်။

"ဆွတ် ... ဖက်ဆွတ်မိုး"

"ဖက်ဆွတ်မိုး"

လိုတရ အရုပ်မလေးမျက်နှာကြည့်ကာ တစ်လုံးချင်းခေါ်သည်။

နူးညံ့လိုက်တဲ့ နာမည်လေး။

အရုပ်မလေးလို လှပချစ်စဖွယ်ကောင်းလွန်းသည့် မျက်နှာကလေးနှင့် လိုက်ဖက်လိုက်တာ ...

"လှတယ် ... နင်က လူလည်းလှတယ်၊ နာမည်လည်း





လှတယ်"

လိုတရ စိတ်လိုလက်ရ ချီးမွမ်းလိုက်မိသည်။

လှတယ်ပြောတာကိုတော့ မိန်းကလေးပီပီ သဘောကျစွာ ဆွတ် ကျိတ်ပြုံးလိုက်မိသည်။

"ငါ့နာမည်လည်း မှတ်ထားနော်၊ ငါ့နာမည်က လိုတရ"

လိုတရ ကိုယ့်နာမည်ကိုယ် ဂုဏ်ယူစွာ တစ်လုံးချင်းလက်မထောင် ရင်ကော့လျက် ပြောသည်။

"ဟွန်း ... နာမည်ကြီးက လှလည်းမလှဘူး၊ လူကလည်း မလှဘူး၊ နာမည်ကလည်း ... မလှဘူး"

ကိုယ့်ကို ထောင့်ငါးရာပေးပြီး ဝယ်ထားသည်ဆိုတာကို မုန်းမုန်းနှင့် ဆွတ် ခပ်ချဉ်ချဉ်ပြောထည့်လိုက်မိသည်။

လူကြီးတွေကတော့ စကတည်းက ယဉ်သလိုဆိုသလို မတည့်ချင်သော ဆွတ်တို့နှစ်ယောက်ကိုကြည့်ကာ ရယ်ကြသည်။

အဲ့ဒါ ...

ဆွတ်နှင့်လိုတရရဲ့ တွေ့ဆုံကြပုံ အစပဲဖြစ်သည်။

အဲ့ဒီကတည်းက ဆွတ် လိုတရကို မုန်းခဲ့မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

အဲဒီအချိန်ကစပြီး ဆွတ် နေ့စဥ်နှင့်အမျှ ကြားခဲ့ရသော စကားတစ်ခွန်းမှာ ...

“နင့်ကို ငါ ဝယ်ထားတာ၊ နင့်ကို ငါပိုင်တယ်”

ဆိုသော စကားပင်။

ဆွတ် အမုန်းကြီးမုန်းခဲ့ရသောစကားလည်း ဖြစ်သည်။

တကယ်တော့ အိမ်နီးချင်းသူငယ်ချင်းတွေမို့ ကျောင်းသွားလည်း အတူတူ၊ ကစားလည်း အတူတူမို့ ဆွတ် လိုတရကို ခင်ပါသည်။

မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင် ဆွတ်ကို အရမ်းတွယ်တာသော လိုတရရဲ့ခင်မင်မှုကို ဆွတ်က အသိအမှတ်လည်း ပြုပါသည်။





ဘာဖြစ်ဖြစ် ...

“ဆွတ် ... ငါ ချောကလက်နှစ်ဘူး ဝယ်လာတယ်၊ ရော့ ... နင်တစ်ဘူး ငါတစ်ဘူး”

သူ ဘာစားစား ဆွတ်ဖို့ အမြဲပါသည်ပင်။

ဈေးကြီးလွန်းသည်မို့ မေမေ့ကို ဆွတ် မပူဆာရဲသော နိုင်ငံခြားဖြစ်ချောကလက်များကို သူက ဘူးလိုက် ရက်ရက်ရောရောပေးသည်ပင်။

ရှော့ပင်းထွက်လျှင်လည်း သူ အမြဲ ဆွတ်ကို အပါခေါ် တတ်မြဲ။

တိုကားကား အွန်စောစကာဒ်လှလှလေးများကို လှလိုက်တာ ... လို့ စိတ်ထဲတွေးကာ ဆွတ် သတိလက်လွတ်ငေးကြည့်မိတာနှင့် ...

“မေမေ ဆွတ်ကို အဲ့ဒီစကာဒ်လေးတွေ ဝယ်ပေးပါ” ... လို့ သူ့မေမေကို ချက်ချင် ပူဆာတော့တာပင်။

သူ့မေမေကလည်း လိုတရ ပူဆာသမျှ လိုက်လျောလေ့ရှိသောအကျင့်အတိုင်း။

“အို ... ဝယ်ပေးတာပေါ့ သားရဲ့၊ ကဲ ... ဆွတ်ကြိုက်တာရွေး”

“ဟင့်အင်း ... ဆွတ် မယူပါဘူး၊ ဆွတ်မှာ စကာဒ်တွေ



www.burmeseclassic.com

www.burmeseclassic.com



အများကြီး ရှိပါတယ်''

ဆွတ် အားနာစွာငြင်းဆဲ။

''ဟာ ... ရွေးမနေပါနဲ့ အကုန်ယူ၊ နင်က ခြေတံရှည်တော့ လှတယ်၊ နင်ဝတ်ရင် အရမ်းလှမှာ၊ အကုန်သာယူလိုက်''

သူ အကုန်သိမ်းကြုံးယူတော့မှ ဆွတ် မျက်လုံးလေးပြူးကာ ...

''ဟာ ... အကုန်မယူပါဘူး၊ တော်ပြီ ... တစ်ထည့်နှစ်ထည်ဆို ...''

ဆွတ် သူ့လက်ထဲမှ အတင်းပြန်ယူကာ ပြန်ချရသည်။

ဒါတောင် ... သူ ငါးထည်တော့ ရအောင်ဝယ်ပေးသေးသည်ပင်။

အရုပ်ဆိုရင်လည်း ဒစ္စနေအရုပ်မျိုးစုံ ဆွတ်အခန်းထဲမှာ အပြည့်။

ဖက်ခေါင်းအုံးကို ဖက်အိပ်ရတာ မကြိုက်ဘဲ အရုပ်ကိုမှ ဖက်အိပ်ချင်သော ဆွတ်အတွက် ဖက်အိပ်ဖို့ အရုပ်အကြီးကြီးက အိပ်ရာပေါ်မှာ ...

ဆွတ် ဘာလိုချင်သလဲ၊ ဘာကြိုက်တတ်သလဲ၊ သူ အကုန်ဖြည့်ဆည်းပေးဖို့ အသင့်ပင်။

ဆွတ်မေမေကတောင် ပြောယူရသည်မှာ ...





''သမီးလေး ကံကောင်းလိုက်တာ၊ ညီအစ်ကိုမောင်နှမမရှိပေမယ့် လိုတရက ငါ့သမီးကို သိပ်ချစ်တာပဲ၊ မုန့်ဆိုလည်း အလျှံပယ်၊ အရုပ်ဆိုလည်း အလျှံပယ်၊ အဝတ်အစားက အစလိုလေသေးမရှိ ...၊

မေမေတို့လည်း ဝယ်ပေးနိုင်တာပဲ၊ ဒါပေမဲ့ ... ကိုယ့်သမီးကို အဲ့လိုတုန်နေအောင် ချစ်တော့ ဝမ်းသာတာပေါ့၊ လိုတရက သမီးအတွက် သူငယ်ချင်းကောင်းပဲ သမီးရဲ့''

မေမေ့စကားမှာ ဆွတ် တွေဝေသွားမိပါသည်။ လိုတရက ဆွတ်ကို တုန်နေအောင် ချစ်သတဲ့လား။ ကလေးအရွယ်မှ ဖြူစင်သော ချစ်ခြင်းမေတ္တာကိုသာ သိနားလည်သော ဆွတ်က လိုတရရဲ့ချစ်ခြင်းကို သံသယမဖြစ်ခဲ့။

သူ့ရဲ့ဂရုတစိုက် ဖြည့်ဆည်းပေးမှုတွေကိုလည်း ကျေနပ်မိသည်ပင်။

ပျော်ရွှင်မိသည်ပင်။

ဒါပေမဲ့ ...

ဆွတ် ခါးသီးရသည်က လိုတရရဲ့ 'နင့်ကို ငါဝယ်ထားတာ ငါပိုင်တယ်' ... ဆိုသော စကားတစ်ခွန်းနှင့်အတူ ပိုင်စိုးပိုင်နင်း ဆက်ဆံမှုတွေပင်။

''ဆွတ် ... နင် ခုတလော ပိန်နေတယ်၊ အသားတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖျော့တော့တော့နဲ့''

''စာမေးပွဲနီးပြီကို၊ မေမေက စာချည်းပဲ ကျက်နိုင်းနေတာ အိပ်ရေးတောင် မဝဘူး''

''ဟာ . . . ဒါဆို နင် နွားနို့သောက်ရမယ်၊ ဒါမှ အားရှိအောင်''

လိုတရ ချက်ချင်း ပျာယာခတ်သွားရပါသည်။

ဆွတ်မို့ နည်းနည်းလေးမဖြစ်လိုက်နဲ့ . . . သူကိုယ်တိုင်ဖြစ်တာထက်ပင် ပိုသည်းထဲတတ်သော လိုတရ ဖြစ်ပါသည်။

နွားနို့ဆိုသော အသံကြားလိုက်ရသည်နှင့် ဆွတ်ကတော့ နှာခေါင်းရှုံ့လိုက်မိပါသည်။

''မသောက်ချင်ပါဘူး၊ နွားနို့ဆိုတာ ငါ အမုန်းဆုံးအရာပဲ''

''နင် ဘာသိလဲ . . . နွားနို့က ချက်ချင်း အားပြည့်တယ်၊ ငါသောက်တဲ့ နက်စတယ်လ် နို့စိမ်းဘူးလေးတွေ နင့်ကိုတိုက်မယ်၊ ငါ အမြဲ စတောက် (staut) ဖြစ်နေတာ နို့သောက်လို့''

''နင်ကြိုက်ရင် နင့်ဘာသာသောက်ပေါ့၊ နွားနို့မသောက်လည်း အားဆေးသောက်ရင် အားရှိတာပဲ၊ မေမေက ငါ့ကို နေ့တိုင်း စိုင်ပွန်တိုက်နေတာ''

''မဆိုင်ဘူး၊ အားဆေးသောက်လည်း သောက်တာပဲ၊





အစာနဲ့လည်း အားဖြည့်ဖို့လိုတယ်''

''ငါ ထမင်းလည်း စားတာပဲဟာ''

''မရပါဘူး၊ နွားနို့လောက် ဘယ်ဟာမှမကောင်းဘူး၊ နွားနို့က အကောင်းဆုံး၊ ခုသောက် ခုအားပြည့်တယ်''

ပြောပြောဆိုဆို လိုတရ Nestle ဘူးကို ပြေးယူကာ ဖောက်ပါလေတော့သည်။

ဘူးလေးမှာ တစ်ခွက်စာမျှသာမို့ မနည်းလွန်း၊မများလွန်းသော်လည်း နို့အနံ့ကို ခံ၍ပင်မရသော ဆွတ်အဖို့ကတော့ ဘူးဖောက်လိုက်ကတည်းက ပျို့တက်လာမိပါလေသည်။

''ငါ မသောက်ဘူးလို့ ပြောနေတယ်လေ လိုတရ''

ဆွတ် ခပ်မာမာလေး ငြင်းလိုက်ပါသည်။

''သောက်ရမယ် . . . ဒီမှာ ဖောက်တောင်ပြီးပြီ''

''ဖောက်ပြီးတော့ ဘာဖြစ်လဲ . . . သွန်ပစ်လိုက်''

ဆွတ် စိတ်တိုတိုနှင့် ဘုတောကာ အော်ပစ်လိုက်သည်။

''သောက်ရမယ်''

လိုတရကလည်း အော်လေပြီ။

''မသောက်ဘူး''

ဆွတ်ကလည်း ပြန်အော်သည်။

တိုက်ပွဲက ပြင်းထန်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မသောက်လို့မရဘူး၊ နင် ငါ့စကား နားထောင်ရမယ်၊ နင့်ကို ငါဝယ်ထားတာ၊ နင့်ကို ငါပိုင်တယ်"

"ဘာ"

ဆွတ် နားထဲ အရမ်းကို ခါးသီးသွားရသည်။

နင့်ကို ငါဝယ်ထားတာ။

နင့်ကို ငါပိုင်တယ် ... တဲ့။

လူ့,လူချင်း ဝယ်လို့ ရသတဲ့လား။

ဆွတ်က အရုပ်မှမဟုတ်ဘဲ။

အဲ့ဒီစကားကို သူပြောတိုင်း ဆွတ်ရင်ထဲ အသည်းထဲက ကို စိမ့်အေးနေအောင် ခါးသီးကာ သူ့ကို အရမ်းမုန်းမိသည်။

"လာခဲ့ ... နင် ငါ့စကား နားထောင်ရမယ်"

လိုတရ ဆွတ်ကို အတင်းချုပ်ကာ ပါးစပ်ထဲ နို့တွေ အတင်းလောင်းထည့်တော့သည်။

"မသောက်ဘူး ... မသောက်ဘူးနော်၊ မသောက်ဘူး လို့ ပြောနေတယ်လေ လိုတရ"

ဆွတ် ရုန်းကန်အော်ဟစ်သော်လည်း အားချင်းကမမျှ နို့တွေက ဆွတ်ပါးစပ်ထဲလည်း ဝင်သင့်သလောက်ဝင်။

အဝတ်အစားတွေပေါ်လည်း ဖိတ်ကျ။

အားလုံး စို့ရွှဲ ပေပွ ညစ်ပတ်သွားတော့သည်။





လိုတရလက်ထဲမှ နို့တစ်ဘူးကုန်သည်နှင့် ဆွတ်လည်း မျက်နှာကလေးနီကာ လည်ချောင်းတစ်လျှောက် မခံမရပ်နိုင်အောင် ပျို့တက်လာပြီး ထိုးအန်မိပါတော့သည်။

အန်ပြီးသည့်နောက် ပင်ပန်းသွားတာရော၊ အသန့်ကြိုက်သည့်ဆွတ်မှာ အဝတ်အစားတွေ ညစ်ပေသွားတာရော ပေါင်းကာ လိုတရကို အရမ်းကို စိတ်ဆိုးသွားရသည်။

လိုတရမျက်နှာကို စူးစူးရဲရဲ စိုက်ကြည့်မိကာ ...

"လိုတရ ... နင့်ကို ငါမုန်းတယ်၊ အရမ်းမုန်းတယ် သိရဲ့လား"

လက်သီးနှစ်ဖက် တင်းတင်းဆုပ်ကာ ဆွတ် နာနာကြည်းကြည်း ပြောလိုက်မိသည်။

လိုတရရဲ့တွယ်တာပုံက ပျာနေအောင် ဂရုစိုက်တတ်သလောက် ...

တစ်ခါတစ်ရံမှာ အနိုင်ကျင့်သလိုမျိုး ဆွတ်ခံစားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လိုတရပုံစံက လိုလေးသေးမရှိအောင် ဖြည့်ဆည်းပေးမယ်။ သို့သော် သူ့တစ်ယောက်တည်းအတွက်သာ ဖြစ်စေရမယ် ... ဆိုသော ပုံစံမျိုး။

အဲဒီနေ့က အဖြစ်အပျက်ကတော့ လိုတရ အတော်လေး တရားလွန်တယ် ... လို့ ဆွတ် ထင်ပါသည်။

ဆွတ်အတွက် ဘယ်တော့မှ မမေ့နိုင်တော့မယ့် အဖြစ်အပျက်လည်း ဖြစ်ပါသည်။

အဲ့ဒီနေ့က ...

ဆွတ်အိမ်ကို သူငယ်ချင်းတွေ စုပြီး လာလည်ပါသည်။

ဆွတ်ရဲ့အတန်းထဲက မိန်းကလေးသူငယ်ချင်းများပင်။

တစ်ခါမှ သူငယ်ချင်းတွေ အိမ်မလာလည်ဖူးတာမို့ ဆွတ် ပျော်လိုက်သည်မှာ ပြောဖွယ်ရာမရှိ။

အမြဲတမ်း လိုတရနှင့်သာ ဆော့နေရတာမို့ ဆွတ် ... မိန်းကလေးကစားဖော်ကို တောင့်တမိသည်လေ။

လိုတရ,က အသုပ်ရောင်းတမ်းလိုမျိုး၊ မိန်းကလေး ကစားနည်းမျိုးဆို မဆော့ချင်ဘူးမဟုတ်လား။

လိုတရနှင့်ဆို ဆွတ်မှာ အမြဲတမ်း ဂိမ်းပဲ ကစားနေရတာ။

ခု ဖူးဖူးတို့၊ ဆုပြည့်တို့ရောက်လာတော့ ခြံထဲရှိရှိသမျှ





အရွက်တွေ့ အကုန်လျှောက်ခူးကာ အသုပ်ရောင်းတမ်းကစားဖို့ ပြင်သည်။

"ငါ ရောင်းမှာနော် ဖူးဖူး"

"ငါကရော"

"နင်က ငါ့ကို ဟင်းရွက်တွေ ကူလှီးပေးပေါ့"

"ဟင် .. ဒါဆို ငါကရော"

"နင်က ... လာဝယ်စားလေဟာ"

"နင်တို့ကလည်းဟာ ငါလည်း ရောင်းချင်တာပေါ့"

"ဒါဆို တစ်ယောက်တစ်လှည့်စီ ရောင်းတမ်းလေ ... နော်"

"အေး ... ပြီးရော"

မိန်းကလေးအဖော်တွေနှင့် အသုပ်ရောင်းတမ်းကစားရတော့မှာမို့ ဆွတ် ပျော်ကာ အသံလေး စာစာ,စာစာနှင့် ဖြစ်နေရသည်။

အရွက်မျိုးစုံလျှောက်ခူးကာ တကယ့်ဈေးသည်တွေလို လှီးကြ, ချွတ်ကြနှင့် ရောင်းတမ်း,ဝယ်တမ်း ကစားရသည်မှာ ပျော်စရာကောင်းလိုက်သည်ဖြစ်ခြင်း။

"အစ်မကြီးရေ ... ကြာဆံသုပ်တစ်ပွဲ"

"ရမယ် ရမယ် ညီမရေ ... ခဏစောင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဧရာသီးမှုန့် များများလေးနော်"

အစပ်လုံးဝ မစားနိုင်သော ဆုပြည့်တစ်ယောက် ဧရာ သီးမှုန့်များများလေးဟု ပြောတာကြောင့် ဖူးဖူးနှင့်ဆွတ် ကျိတ် ရယ်မိကြသည်။

"ဖူးဖူးရေ ...ညီမလေး နံနံပင်ကို ပါးပါးလှီးနော်"

"ဟုတ်ကဲ့ပါ မမရဲ့"

နင်နဲ့ငါ ပြောကြသော သူငယ်ချင်းတွေ ကစားကြတော့ မမရေ၊ ညီမလေးရေနှင့် အတိုင်အဖောက်တွေ ညီနေကြသည်။

အရွက်မျိုးစုံရော၊ ရေတွေရော၊ သဲတွေရော ဆော့ရတာ ပျော်စရာကောင်းလွန်းလှသည်။

"အသုပ်စုံရမယ်နော် ...ကြာဆံသုပ်, ခေါက်ဆွဲသုပ် ... အသုပ်စုံ"

ဈေးထဲက အသုပ်သည်တွေ လေသံတုကာ ဆွတ်အသံ စာစာကလေးနှင့် အော်လိုက်သည်။

ဆွတ် အရမ်းကို ပျော်နေမိခိုက် ...

မိုးခြိမ်းလိုက်သလို ...

"ဆွတ်"

ဆိုသော အော်သံကြီး ထွက်လာခဲ့လျှင် ...

လန့်ခနဲဖြစ်ကာ ကိုယ်လေးပင် တုန်သွားရသည်။





ဆွတ်ကဲ့သို့ပင် အားလုံးမှာ လန့်တုန်ကာ ကစားတာ လည်းရပ်ပြီး ကြောင်သွားကြရသည်။

ဆွတ် လာကြည့်လိုက်တော့ ခါးထောက်ပြီး စူးစူးဝါးဝါး စိုက်ကြည့်နေသော လိုတာရကို တွေ့လိုက်ရသည်။

လိုတာရမျက်နှာကိုကြည့်ကာ မကြည်လင်မှုန်း ရေးရေး တော့ ရိပ်မိသော်လည်း ...

ထင်ထင်ရှားရှားတော့ နားမလည်တတ်သူမို့ ...

"လိုတာရ လာလေ ...ငါတို့နဲ့ အတူဆော့ရအောင်၊ ပျော်ဖို့ကောင်းတယ်၊ ငါတို့က အသုပ်ရောင်းမယ်၊ နင်က ဝယ်စား ပေါ့"

ဆွတ်က လိုတာရကိုပင် အတူဆော့ရန် ခေါ်လိုက်မိ သည်။

"တိတ်စမ်း ...ဆွတ်"

သူငယ်ချင်းတွေရှေ့ ဟိန်းခနဲ အအော်ခံလိုက်ရတော့ ဆွတ်ရှက်သွားရသည်။

ခေါင်းကို ချက်ချင်းငုံ့ချလိုက်မိကာ ဘယ်သူ့မျက်နှာကိုမှ မကြည့်မိတော့ဘဲ မျက်ရည်များပင် ဝဲခနဲဖြစ်သွားရသည်။

လိုတာရကတော့ ခါးကြီးထောက်ကာ သူ့လက်အောက် ငယ်သားတစ်ယောက်လို သူပိုင်သောအရုပ်တစ်ရုပ်လို ဆက်ပြော



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့သည်။

"ဆွတ် ... နင် ဒါတွေနဲ့ ဆော့နေတယ် ... ဟုတ်လား၊ အဲဒီသဲတွေက သန်ကောင်ဖြစ်တယ်ဆိုတာ နင်မသိဘူးလား၊ နင် ညစ်စုတ်ပတ်ပတ်တွေ ဆော့နေတယ် ... ဟုတ်လား၊ နင်ပြောတော့ အသန့်ကြိုက်တယ်ဆို"

"ငါ ဖွန်းနဲ့ခပ်တာပဲ၊ လက်နဲ့ကိုင်တာမှ မဟုတ်ဘဲ"

ဆွတ် တိုးတိမ်တိမ်လေး ပြန်ပြောမိပါ၏။

တကယ်လည်း အသန့်ကြိုက်တတ်သော ဆွတ်က သဲတွေကို ဖွန်းနှင့်သာ ခပ်၍ဆော့ခြင်း ဖြစ်ပါသည်။

"မရဘူး၊ ဘာပဲဖြစ်ဖြစ် အဲလိုဆော့တာ ငါမကြိုက်ဘူး၊ သန်ထိုးရင် နင် ဗိုက်နာလိမ့်မယ်၊ ထစမ်း ဆွတ် ... ခု ထစမ်း၊ သွား ... လက်သွားဆေး"

လိုတရ ဆွတ်ကို ချိုင်းမှနေဆွဲမရင်းက အတင်းထ,စေသည်။

"မဆေးဘူး ... ဘာဖြစ်လဲ၊ ငါ့ဘာသာ ဗိုက်နာနာ ... နင့်အပူမပါဘူး"

ဆွတ် မျက်ရည်လေး တဝဲဝဲနှင့် ပြန်အော်သည်။

သူငယ်ချင်းတွေရှေ့မှာ ခုလို နိုင်ထက်စီးနင်း ဆက်ဆံခံရတာမို့ ဆွတ် ရှက်လိုက်သည်မှာ မျက်နှာပင် ဘယ်ထားရမှန်း





မသိတော့ပြီ။

ဆွတ်မျက်နှာလေးတစ်ပြင်လုံး ရဲရဲနီလျက်ရှိသည်။

"ဘာလို့မပါရမှာလဲ၊ နင့်ကို ငါဝယ်ထားတာ နင့်ကို ငါပိုင်တယ်၊ နင် ငါ့စကားနားထောင်ရမယ်"

လိုတရစကားအဆုံး သူငယ်ချင်းတွေဆီမှ "ဟယ်"ခနဲ တအံ့တဩ အာမေဋိတ်သံ ထွက်လာသည်။

ထို့နောက် ...

အံ့ဩဘနန်း မျက်လုံးများ ...

ရှက်လိုက်ရသည်မှာ ပြောဖွယ်ရာမရှိတော့။

ဆွတ်မျက်လုံးများထဲမှ မျက်ရည်တွေ ခါးသီးနာကျင်စွာ စီးပြိုကျလာရတော့သည်။

"သွား ... နင်တို့လည်း ပြန်တော့"

လိုတရမှာ ဆွတ်ကိုပြောရုံနှင့် အားမရဘဲ ဆွတ် သူငယ်ချင်းတွေကိုပါ နှင်ထုတ်လေသည်။

"ပြန်မယ် ပြန်မယ် ... နင် နှင်စရာမလိုပါဘူး၊ ဆွတ် ... ငါတို့ နောက် ဘယ်တော့မှ နင်နဲ့လာမဆော့တော့ဘူး"

ဆွတ်သူငယ်ချင်းများကလည်း ခပ်စွာစွာတွေပဲမို့ အနှင်ခံလိုက်ရတာကို ဆွေ့ဆွေ့ခုန်ဖြစ်ကာ ကက်ကက်လန်အောင် ပြန်ပြောပြီး ထ,ပြန်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆွတ်မှာသာ ဘာလုပ်လို့ လုပ်ရတော့မှန်းမသိ။

သူငယ်ချင်းတွေကိုလည်း မတားရဲ။ တားလို့လည်း ရတော့မှာမဟုတ်။

အခြေအနေက အရမ်းကို တင်းမာခက်ထန်ကုန်ပြီ။

နောက်ဆုံးတော့ ခါးသီးနာကျင် ကျန်ရစ်ခဲ့ရသည်မှာ ဆွတ်ပင် ဖြစ်သည်။ ရင်ထဲ၌ တနင့်နင့်ဖြစ်၍နေသည်။

သူငယ်ချင်းတွေရှေ့ တမင် နှိုင့်ထက်စီးနင်းဆက်ဆံပြတာ ခါးသီးလွန်းလှသည်။

သူ တမင် ဆွတ်ကို အနိုင်ကျင့်တာ။

"နင့်ကို ငါ ဝယ်ထားတာ၊ နင့်ကို ငါပိုင်တယ်"

ဆိုသောစကားက ဆွတ်နားထဲ၌ ခါးသီးစွာ စီး၍နေသည်။

သူငယ်ချင်းတွေရဲ့ရှေ့မှာ အရှက်ကွဲအောင် ပြောထွက်ရက်တဲ့ လိုတရရဲ့ နှိုင့်ထက်စီးနင်းနိုင်မှုက တစ်သက်လုံးအတွက် ခါးနေတော့မှာ သေချာပါသည်။

"မှတ်ထား ဆွတ် ...နင် ငါကလွဲပြီး ဘယ်သူနဲ့မှ မကစားရဘူး၊ နင့်သူငယ်ချင်းဟာ ငါပဲ"

လိုတရက ဆွတ်မျက်နှာကို စူးစူးရဲရဲစိုက်ကြည့်လျက် ထပ်ပြောပါသည်။





ဆွတ်ရင်ထဲ ပိုပြီးနာကျင်သွားမိသည်။

ဆွတ်ဟာ သူ့တစ်ယောက်တည်းကိုပဲ ပေါင်းသင်းရတော့မှာလား။

အဓိပ္ပာယ်မရှိတာ။

ဆွတ်စိတ်နဲ့ ဆွတ်ကိုယ် အပေါင်းအသင်းထားပိုင်ခွင့်မရှိရတော့ဘူးတဲ့လား။

မတရားလိုက်တာ။

အဲ့ဒါ ဆွတ်ကို တမင့်အနိုင်ကျင့်တာပဲ။

"လိုတရ ...နင့်ကို ငါ သိပ်မုန်းတယ် ...သိလား"

ဆွတ် လက်သို့းငေါက်ငေါက်ထိုးလျက် နာနာကျင်ကျင်ပြောလိုက်မိပါသည်။

အဲ့ဒီအချိန်ကစပြီး ...

ဆွတ်ဟာ ကိုယ့်ကိုယ်ကိုယ် လိုတရ ကန်ထဲထည့်၊ အလှမွေးထားတဲ့ ရွှေငါးလေးတစ်ကောင်လို ခါးသီးနာကြည်းတတ်ခဲ့မိတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီလိုနှင့်ပင် ...

သူနှင့်ဆွတ် ထိုနေ့ရက်တွေကို အတူကုန်လွန်ဖြတ်သန်းခဲ့ကြပါသည်။

လိုတရရဲ့ သည်းသည်းလှုပ် ဂရုစိုက်မှုများကို ကြည်နူးကျေနပ်ရင်း ...

နိုင့်ထက်စီးနင်း ဆက်ဆံခဲ့သည့်အခါများတွင်လည်း ခါးသီးမုန်းတီးရင်း ...

သူနှင့်ဆွတ်တို့ ကြီးပြင်းလာခဲ့ကြပါသည်။

ဖူးငုံနေသော ဆွတ်ရဲ့အလှအပများ ပွင့်လန်းလာသည်နှင့် ...

ကျောင်းမှာလည်း ကျောင်းမှာမို့ ...

လမ်းမှာလည်း လမ်းမှာမို့ ...

ဆွတ်အနား ကောင်ချောကလေးများ ရစ်ဝဲလာပါတော့သည်။

လိုတရကလည်း တစ်ချက်ကလေးမှ အလွတ်မပေး။

ဘော်ဒီဂတ် (body guard) တစ်ယောက်လို မျက်စိဒေါက်ထောက် စောင့်ကြည့်ပါသော်လည်း ...။





"ဆွတ် စကားပြေစာအုပ် ခဏလောက် ငှားချင်လို့"

အဖြစ်အပျက်က ဆွတ်တို့အတန်းထဲမှ ဘုန်းလျှံဆိုသော ကောင်ကလေးက ဆွတ်ဆီမှာ စာအုပ်လာငှားတာက စတင်တာပဲဖြစ်ပါသည်။

သူ့အကြောင်းကိုသိနေတာမို့ ပြဿနာမတက်ရအောင် ဆွတ် အတန်းထဲမှာ အားလုံးနှင့် မရင်းနှီးအောင် နေရပါသည်။

ဒီကြားထဲကမှ သူ့အလစ်မှာ ဖာတ်ကွက်ဆင်ပြီး စာအုပ်လာငှားတော့ ဆွတ် အခက်တွေ့ရပါသည်။

"ဆုပြည့် ... နင့်စာအုပ် ငှားလိုက်ပါလား"

ဆွတ် ... မသိမသာနှင့် ဆုပြည့်ဘက် ပုတ်ချရန် ကြိုးစားသည်။

"ဟာ ... ငါ့မှာ စာမစုံဘူး"

ဆုပြည့်ငြင်းတော့ ဆွတ် ဘာလုပ်ရမှန်းမသိတော့။

"ခဏလေးပါ၊ ချက်ချင်းကူးပြီးတာနဲ့ ပြန်လာပေးမှာပါ၊ မကြာစေရပါဘူး"

"တခြားသူဆီမှာ ငှားပါလား"

ဆွတ် ငြင်းဖို့ ကြိုးစားကြည့်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆွတ်က လက်ရေးလှလို့ပါ၊ သပ်သပ်ရပ်ရပ်၊ သန့်သန့် ရှင်းရှင်းလည်းရှိတော့ ဆွတ့်လက်ရေးက ဖတ်ရတာ အဆင်ပြေ လို့ပါ"

ဘုန်းလျှံကလည်း မရမချင်း နည်းမျိုးစုံသုံးကာ အတင်း ငှားမည့်ပုံ။ တစ်တန်းတည်းသားချင်းမို့ ဆွတ် ဒီထက်ပိုငြင်းဖို့ မကောင်းတော့ဟုတွေးကာ ...

"မကြာစေနဲ့နော် ... စာကျက်ရဦးမှာ"

ဆွတ်စာအုပ်ထုတ်ကာ ဘုန်းလျှံဆီ လှမ်းပေးဖို့ပြင်ဆဲ။

စာအုပ်က လမ်းခုလတ်မှာတင် တစ်စုံတစ်ယောက်ရဲ့ လှမ်းဆွဲယူခြင်းခံလိုက်ရသည်။

ဆွတ် အထိတ်တလန့် မောအကြည့် ...

"ဒါ ... ဘာလုပ်တာလဲ"

လိုတရလေသံက မာ၍ဟိန်းနေသည်။

သွားပြီ ... ပြဿနာတော့တက်ပြီ။

ဆွတ် ထိတ်လန့်စိတ်က ငယ်ထိပ်သို့ပင် တက်ဆောင့် လေပြီလား ထင်မှတ်ရသည်။

"ဆွတ်ဆီက စာအုပ်လာငှားတာလေ ... အဲ့ဒါ ဘာ ဖြစ်လို့လဲ"

ဘုန်းလျှံလည်း သူ့ကိုပြန်ပြီး ရင်ဆိုင်ကြည့်လျက် ခပ်





တင်းတင်းပင် ပြန်ဖြေသည်။

နှစ်ယောက်သား စူးရဲစွာစိုက်ကြည့်နေကြပုံမှာ ကျားတွေ လိုပင် ...

"မင်း အဲ့ဒါ ဘာအထာလဲ ဟေ့ကောင်၊ စာအုပ်ငှား မယ်၊ ပြီးတော့ စာအုပ်ထဲ ရည်းစားစာညှပ်ပေးမယ်၊ ဒါပဲ မဟုတ် လား၊ အဲ့ဒါ ဘိုးတော်တွေခေတ်က လုပ်ခဲ့တဲ့ နှပ်ချေးအထာတွေ ကွ ... ရိုးလွန်းနေပါပြီ"

ဆွတ် ရှက်လိုက်သည်မှာ ပြောဖွယ်ရာမရှိတော့။

သူ့ဘာသာ ရည်းစားစာညှပ်ထည့်ပေးဖို့ ဇာတ်လမ်းဆင် ပြီး စာအုပ်လာငှားတာဆိုရင်တောင် အတန်းရှေ့မှာ ခုလိုပြောဖို့ တောင် မကောင်းဘူး မဟုတ်လား။

လိုတရဟာ ဆွတ်အတွက် မိန်းကလေးတစ်ယောက်ရဲ့ သိက္ခာတရားကို မငဲ့ညှာဘူး။

"လိုတရ ... နင် ဘာတွေလျှောက်ပြောနေတာလဲ၊ သူ ရိုးရိုးသားသား စာအုပ်လာငှား ..."

"တော်စမ်း"

အရှက်ပြေဝင်ပြောရန်ပြင်သော ဆွတ်မှာ ဟိန်းခနဲ ဖြတ် အော်လိုက်သော လိုတရရဲ့အော်သံကြောင့် စကားများ တစ်ဝက် တစ်ပျက်နှင့် ရပ်တန့်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လိုတရရဲ့ဒေါသက ဆွတ်ဘက်လှည့်လာကာ ...

"နင်ကိုယ်တိုင်ကိုက အလိုတူ အလိုပါဖြစ်နေတာပေါ့ ... ဟုတ်လား၊ ငါ့ဆီက ခွင့်ပြုချက်မရဘဲ နင်က ဒီကောင့်ကို စာအုပ်ငှားရဲ့တယ်ပေါ့ ... ဟုတ်လား"

"ဘာ ... ငါက ငါ့စာအုပ် ငါငှားတာ နင့်ဆီက ခွင့်ပြုချက်တောင်းရဦးမှာ ဟုတ်လား၊ လိုတရ ... နင် စကားပြောတာ လုံးဝအဓိပ္ပာယ်မရှိဘူး"

"ဘာလို့အဓိပ္ပာယ်မရှိရမှာလဲ၊ နင့်ကို ငါ ဝယ်ထားတာလေ၊ နင့်ကို ငါပိုင်တယ်၊ နင် ငါ့ဆီက ခွင့်ပြုချက်မရဘဲ ဘာမှ လုပ်လို့မရဘူး"

ဟိန်းနေသော လိုတရရဲ့အသံကြောင့် တစ်တန်းလုံး တိတ်ဆိတ်သွားသည်။

ဆွတ် မြင်လိုက်ရသည်မှာ အံ့သြတကြီးဖြစ်သွားသော ဘုန်းလျှံရဲ့မျက်နှာ။

"ဆောရီး"

ဘုန်းလျှံ အဓိပ္ပာယ်တစ်မျိုးပါသောအကြည့်ဖြင့် သူ့ကို ကြည့်ပြီး တောင်းပန်ကာ ဖြည်းညင်းစွာ လှည့်ထွက်သွားသည်။

လိုတရက ဖက်ဆွတ်မိုးကို ဝယ်ထားတာ ... တဲ့။

လိုတရက ဖက်ဆွတ်မိုးကို ဝယ်ထားတာ ... တဲ့။





ခပ်တိုးတိုးအသံများက အတန်းထဲမှာ ဟိုတစ်စ ဒီတစ်စ ပြန့်ကျဲထွက်ပေါ်နေပေမယ့် ...

ဆွတ်နားထဲမှာတော့ ကျယ်လောင်စွာ, ဆူညံစွာ ...

ဆွတ်တစ်ကိုယ်လုံး ထူပူနေမိသည်။

ရှက်သည်းမှုဒဏ်ကို မခံနိုင်တော့သည့်အဆုံး မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ရှိုက်ကြီးတငင်ငိုကြွေးရင်း ဆွတ် အတန်းထဲမှ ပြေးထွက်လာခဲ့မိသည်။

မုန်းတယ် လိုတရ ...။

နင့်ကို ငါ သိပ်မုန်းတယ်။

နင့်ရဲ့ ...

နင့်ကိုငါ ဝယ်ထားတာ နင့်ကိုငါ ပိုင်တယ်။

ဆိုတဲ့စကားကြီးကိုလည်း တူးခါးနေအောင်မုန်းတယ်။

လူအများရှေ့ သူစိမ်းယောကျ်ားကလေးတွေရှေ့ ရက်ရက်စက်စက် နိုင့်ထက်စီးနင်း ပြောထွက်ရက်တဲ့ နင့်ကို ငါ အရမ်းမုန်းတယ်။ တကယ်တော့ ...

နင်က ငါ့ကို သူငယ်ချင်းတစ်ယောက်အဖြစ် သံယောဇဉ် ရှိတာထက် ...

နင့်ရဲ့ လက်အောက်ငယ်သားလို နိုင့်ထက်စီးနင်း ဆက်ဆံပြီး ...



www.burmeseclassic.com

www.burmeseclassic.com



နင် အလှမွေးထားတဲ့ ရွှေငါးလေးတစ်ကောင်လို၊ ယုန်ဖြူလေးတစ်ကောင်လိုပဲ သဘောထားတာပဲ။

နင်ဟာ သိပ်ရက်စက်တဲ့သူပဲ လိုတရ။

နင်နဲ့သူငယ်ချင်းဖြစ်ခွင့်ရတာ ငါ့ကိုယ်ငါ သိပ်ကံဆိုးတယ်လို့ပဲ ခံယူပါတယ်။

သို့သော် ...

ဆယ်တန်းစာမေးပွဲအောင်ပြီးသောအချိန်ရောက်လာခဲ့လျှင်တော့ ထိုကံဆိုးမှုမှ လွတ်မြောက်ရန် ဆွတ်အတွက် ကံကြမ္မာက ဖန်တီးပေးပါသည်။

ထိုကံကြမ္မာကတော့ ...

ဆွတ်တို့ဆယ်တန်းအောင်ကြပြီး ဆွတ်က ရိုးရိုးမေဂျာသာ တက်ရောက်ခဲ့သော်လည်း ...

လိုတရရဲ့မိဘများကတော့ လိုတရကို နိုင်ငံခြားမှာကျောင်းသွားတက်စေဖို့ စီစဉ်ပေးခဲ့တာပဲ ဖြစ်သည်။

လိုတရ နိုင်ငံခြားသွားတော့မယ်ဆိုတော့ အပျော်ဆုံးသူ





ဟာ ဆွတ်ပဲ ဖြစ်လိမ့်မယ်ထင်ပါရဲ့။

လိုတရရဲ့" နိုင်ကျင့်မှု၊ ချုပ်ချယ်မှုလောင်းရိပ်အောက်က လွတ်မြောက်တော့မှာမို့ ဆွတ် တကယ်ပဲပျော်မိပါရဲ့။

သူမရှိတော့မှ ကိုယ့်စိတ်နှင့်ကိုယ့်ကိုယ် လွတ်လပ်စွာနေလို့ရပြီ ... လို့ ဆွတ် တွေးမိသည်။

ဘာကိုမှ ပူပန်ကြောင့်ကြစရာမလိုတော့။

ဘာကိုမှ ထိတ်လန့်စိုးရွံ့စရာမလိုတော့ပြီ။

ဒါပေမဲ့ ...

တကယ်တမ်း ... ခွဲခွာရတော့မည်ဆိုတော့ လေဆိပ်မှာ မျက်ရည်ရစ်ဝဲ နွမ်းလျရသူကလည်း ဆွတ်ပဲ ဖြစ်ပါသည်။

ဆွတ်. သူ့ကို နှုတ်မဆက်နိုင်။

ဘာစကားမှမဆိုနိုင်အောင် ရင်ထဲဆို့နင့်၍နေသည်။

သူ့မျက်နှာကိုကြည့်ကာ နှုတ်ဆက်မိလျှင် မျက်ရည်တွေကျလာတော့မှာကိုသိသည်မို့ ဆွတ် သူ့မျက်နှာကိုလည်း မော့မကြည့်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



သူကသာ ဆွတ်ပခုံးကို တင်းတင်းဆုပ်ကိုင်ဖျစ်ညှစ်ရင်း စကားတွေ ပြောနေခဲ့သည်။ ဪပဲ။

"ဆွတ် . . . နင် ငါ့ကို စကားမှာရှာတော့ဘူးလား၊ နင် ငိုချင်နေတာလားဟင်"

သူပြောတော့မှ ဆွတ်ရင်ထဲ ဝမ်းနည်းစိတ်က ပိုပြီး လှိုင်တက်၍လာတော့သည်။

ပြည့်လျှံ စိမ်းတက်၍နေသော မျက်ရည်များကို ဆွတ် မျက်တောင်အဆက်မပြတ်ခတ်ကာ မနည်းတားဆီးရသည်။

"ငါလည်း ငိုချင်နေတယ် သိလား၊ ဆွတ် . . . အမှန်အတိုင်းဝန်ခံရရင် ငါ နင်နဲ့လုံးဝမခွဲချင်ဘူး၊ လုံးဝမသွားချင်ဘူး"

သူ့စကားကြောင့် ဆွတ် ပိုပြီးနင့်လိုက်လာခဲ့ရသည်။

ဟုတ်ပါတယ်လေ။

သူလည်း ဆွတ်ကို အရမ်းတွယ်တာခဲ့ရှာတာပါ။

"ဒါပေမဲ့ . . . ငါတို့နှစ်ယောက်ရဲ့ဘဝအတွက် ငါသွားမှဖြစ်မှာလေ . . . နင် နားလည်တယ် မဟုတ်လားဟင်"

"ငါတို့ . . ."

ဆွတ် နားမလည်သလို ခပ်ဖွဖွကလေး သံယောင်လိုက်ရေရွတ်လိုက်မိသည်။

"ဟုတ်တယ်၊ ငါတို့နှစ်ယောက်ရဲ့ဘဝမြင့်မားဖို့ ငါ ကြိုး





စားမှဖြစ်မယ်လေ၊ ရေမြင့်မှကြာတင့် . . . တဲ့၊ နင် နားလည်တယ် မဟုတ်လား ဆွတ်"

ဟင့်အင်း . . . ဆွတ် နားမလည်။

လိုတရ ဘာတွေပြောနေတာလဲ။

လိုတရပြောနေသော အဓိပ္ပာယ်တွေကို ဆွတ် ဘာတစ်ခုမှ နားမလည်နိုင်။

"ကဲ . . . ငါသွားမယ် ဆွတ်"

လိုတရ ဆွတ်ငယ်ထိပ်ကို အုပ်မိုးကိုင်ကာ လှုပ်ခါဆော့ရင်း နှုတ်ဆက်သည်။

အရင်တုန်းကတော့ ဆွတ်ခေါင်းပေါ် ဟဲ့လို့ အုပ်မိုးကိုင်ရင် မကြိုက်ပေမယ့် ခုတော့ ဆွတ် ဝမ်းနည်းမိသည်။

"ဆွတ် . . . နင် ငါ့ကို သတိရနေနော် . . . ကြားလား"

သူ နား,နားကပ်လျက် တိုးတိုးကလေးမှာတော့ ဆွတ် ကြေကြေကွဲကွဲ ခေါင်းညိတ်ပြလိုက်မိသည်။

လိုတရရယ် နင်နဲ့ငါဟာ ဟိုးငယ်ငယ်ကလေးဘဝကတည်းက အတူနေ၊ အတူစား မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင် တွယ်တာခဲ့ကြတဲ့ သူငယ်ချင်းတွေပါ။

ငါ နင့်ကို သတိမရဘဲ နေမှာတဲ့လား။

"အေး . . . ငါလည်း နင့်ကိုမမေ့ဘူး . . . သိလား



www.burmeseclassic.com

www.burmeseclassic.com



ငါ နင့်ကို အမြဲ သတိရနေတယ်၊ နင့်စိတ်ထဲ ထည့်ထားပေးနော်၊ ပြီးတော့ အရေးကြီးတာတစ်ခု ငါမှာမယ်''

အရေးကြီးတာဆို၍ ဆွတ် ခေါင်းမော့ကာ နားထောင်လိုက်ရပါသည်။ လိုတရက ဆွတ်မျက်နှာကို လေးလေးနက်နက် စိုက်ကြည့်လျက် ...

''ငါနဲ့ ဝေးနေပေမယ့် နင် ဘာလုပ်လုပ် ငါ့ကို အသိပေးရမယ်၊ ငါ့ခွင့်ပြုချက်မရဘဲ နင် ဘာမှမလုပ်ရဘူး၊ နင့်ကို ငါ ဝယ်ထားတာ၊ နင့်ကို ငါပိုင်တယ်ဆိုတာ နင် ဘယ်တော့မှမမေ့နဲ့ ... ကြားလား ဆွတ်၊ ပြီးတော့ ... ရော့ ဒါကိုယူထား''

လိုတရက သူ့ကုတ်အင်္ကျီအိတ်ထဲမှ တစ်စုံတစ်ခုကို နှိုက်ယူလိုက်ပြီး ဆွတ်လက်ကိုဆွဲယူ၍ လက်ထဲထည့်ပေးလိုက်သည်။ ဆွတ်ကြည့်လိုက်တော့ ...

ပန်းနုရောင်ဟင်းနှဖုန်းလှလှလေးတစ်လုံး။

ဖုန်းလေးကို ဆွတ်က ဘာအဓိပ္ပာယ်လဲဆိုတာ နားမလည်ဟန်ဖြင့် ငေးစိုက်ကြည့်နေမိဆဲမှာပင် ...

''ဒီဖုန်းက နင့်ကို ငါ သီးသန့်ဆက်သွယ်ဖို့အတွက်ပဲ၊ နင့်ကိုယ်နဲ့မကွာ ဆောင်ထားရမယ်၊ ဒီဖုန်းနဲ့ နင့်ကိုငါ ဆက်သွယ်တဲ့အခါတိုင်းမှာ နင် အဆင်သင့်ရှိနေရမယ်နော် ဆွတ်၊ ဒါကို နင် ဘယ်တော့မှ မမေ့နဲ့''





ဆွတ်သည် လိုတရမျက်နှာကို မမြင်ဖူးသလို စိန်းစိန်းကြီး စိုက်ကြည့်လိုက်မိသည်။

ကြည့်စမ်း ...

အတွယ်တာဆုံးသူငယ်ချင်းတစ်ယောက်ကို ခွဲခွာခါနီးအချိန်မှာ အရေးတကြီးမှာခဲ့တဲ့စကားက အဲ့ဒါလား။

ဘယ်လောက်ရက်စက်လိုက်တဲ့စကားလဲ။

ဘယ်လောက်ရင့်သီးစိုးပိုးလိုက်တဲ့စကားလဲ။

ဆွတ်သည် အတ္တကြီးစွာ သူပြောချင်ရာပြောပြီး လှည့်ထွက်သွားသောကျောပြင်ကို စိုက်ကြည့်ရင်းက ကြေကွဲမျက်ရည်များ အငွေ့ပျံ ခန်းခြောက်ခဲ့ရပါသည်။

ငါ နင်နဲ့ ဘယ်တော့မှ ထပ်မတွေ့ရပါစေ ... နဲ့လို့ ကျိန်ဆိုတယ် လိုတရ။

ဆွတ် ရင်ထဲမှ နာနာကြည်းကြည်း ပြောလိုက်မိသည်။

လေဆိပ်မှ အိမ်ပြန်ရောက်သည်နှင့် ဆွတ်က သူမအခန်းထဲ တန်းဝင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆွတ်က အိပ်ရာပေါ်မှာထိုင်၍ လိုတရပေးခဲ့သည့် ဖုန်းလေးကိုထုတ်ကြည့်ရင်း ရင့်သီးစီးပိုးလွန်းသည့် လိုတရရဲ့စကားတွေကို ကြားယောင်မိကာ ရင်ထဲမှာ ဒေါသတွေ ဆူဝေပွက်လျှံလာခဲ့သည်။

"ဘာတဲ့ . . . ဒီဖုန်းနဲ့ နင့်ကို ငါ ဆက်သွယ်တဲ့အခါတိုင်းမှာ နင်အဆင်သင့်ရှိနေရမယ်တဲ့ . . . ဟုတ်လား လိုတရ . . . သွားစမ်းပါ၊ နင့်အမိန့်ကို ငါက ဘယ်လိုအကြောင်းမျိုးနဲ့ နာခံရမှာတဲ့လဲ၊ စိတ်ချ . . . နင် နိုင်ငံခြားမှာရှိနေတဲ့တစ်ချိန်လုံး ငါ့ကို ဆက်သွယ်လို့မရစေရဘူး၊ ငါနဲ့ပတ်သက်တဲ့ နင့်အတွေ့တွေအားလုံး ပြိုကွဲသွားစေရမယ်၊ ကဲ . . . နားလိုက်တော့ လိုတရရေ"

နာနာကြည်းကြည်း ရေရွတ်မိရင်းမှ ဟင်းန်ဖုန်းကို ကိုင်ထားသည့် ဆွတ်လက်က လေထဲ ဂဲခနဲမြောက်တက်လှုပ်ရှားသွား၏။

'ခွမ်း'

အခန်းနံရံဆီ ပြင်းထန်စွာ လွှဲပေါက်ခြင်းကို ခံလိုက်ရသည့် လိုတရပေးခဲ့သော ဟင်းန်ဖုန်းပန်းနုရောင်လေးက ဆွတ်အခန်းကြမ်းပြင်မှာ တစ်စစီ တစ်စစီ အစိတ်စိတ်အမွှာမွှာ။



# တူနိုင်းမရ နှင့် ပက်ဆွတ်မိုး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

လို တရ အနားမှာမရှိတော့သော်လည်း အံ့ဩစရာကောင်းလှသည်မှာ ဆွတ်သည် လိုတရ ပုံစံချထားပေးခဲ့သည့်ပုံအတိုင်း နေတတ်ကျင့်ရှိသွားခြင်းပင်။

အရင်တုန်းက လိုတရ မကြိုက်မှာစိုးတာကြောင့်၊ လိုတရ အရှက်ခွဲမှာစိုးတာကြောင့် လိုတရတစ်ယောက်ကလွဲ၍ ဘယ်သူနှင့်မှ အပေါင်းအသင်းလုပ်တတ်ကျင့် မရှိသည့်အတိုင်း၊

လိုတရ အနားမှာမရှိတော့လည်း ဆွတ် တစ်ယောက်တည်းသာ နေတတ်တော့သည်။

ကျောင်းမှာလည်း ဆွတ်တစ်ယောက်တည်း။

စနေ,တနင်္ဂနွေတက်သော ကွန်ပျူတာသင်တန်းမှာလည်း ဆွတ်တစ်ယောက်တည်းသာ။





မေးထူးခေါ်ပြော မျက်မှန်းတန်းခင်မင်မိရုံ မိန်းကလေးသူငယ်ချင်း တစ်ယောက်တလေမှလွဲလို့ ဆွတ်မှာ တွဲသွားတွဲလာ အဖော်မရှိ။

ဒါကြောင့် ...

"ဖက်ဆွတ်မိုးက အရမ်းလှတော့ အလှမာန်တက်ပြီး အရမ်းမာနကြီးတယ်"

"ဟုတ်ပ ... ခုချိန်ထိ သူ့ကို ဘယ်သူမှလိုက်လို့မရသေးတာပဲ ကြည့်ပါလား"

"မာနကြီးလောက်အောင်လည်း လှတာကိုးကွ၊ အလှက မြင်ရတဲ့သူတိုင်း အရာရာကို မေ့လျော့သွားစေလောက်တဲ့ အလှမျိုးကွ"

"မင်းပြောတာဟုတ်မယ်၊ ဟိုတစ်နေ့ကဆိုရင် အပြောင်သား အနီရဲရဲစကဒ်အတိုလေးဝတ်လာတဲ့ ဖက်ဆွတ်မိုးကို လိုက်ငေးရင်း လမ်းမီးတိုင်ကိုဝင်တိုက်မိလို့ ဒီကောင့်နဖူးမှာ ဘုကြီးထွက်သွားတာ ခုထိ မပျောက်သေးဘူး ... ဟား ဟား ဟား"

"ဒါတော့ ဒီကောင့်ချည်းပဲ မပြောနဲ့လေကွာ၊ ဟိုတစ်ရက်က ဖက်ဆွတ်မိုး ကြို[illegible]စ်ချောင်းအကျီလေးနဲ့ ဂျင်းဘောင်းဘီအတိုလေးဝတ်လာတော့ မင်းတို့နှစ်ယောက် နောက်ကလိုက်ကြည့်ရင်း ဗွက်ထဲချော်ကျသွားသေးတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟီး ဟီး ...ဒါကတော့ သူ့ကိုယ်လုံးအလှက ဆွဲဆောင်မှုအား ပြင်းသွားလို့ပါကွာ ...ဟဲ ဟဲ ဟဲ"

"ဒါနဲ့ ...သူနဲ့အတူပါလာတတ်တဲ့ ဟိုခပ်ချောချော ပုဂ္ဂိုလ်လေးကို မတွေ့ရတော့ပါလား"

"ရင်းရင်းနှီးနှီးနဲ့ အမြဲတွဲနေတတ်တယ်ဆိုပေမယ့် သူတို့နှစ်ယောက်ရဲ့ပုံစံက ချစ်သူတွေဖြစ်နေတဲ့ပုံစံမဟုတ်ဘူး"

"အခု အဲဒီပုဂ္ဂိုလ် သူ့ဘေးနားမှာ မရှိတော့ဘူးဆိုပေမယ့် ဖက်ဆွတ်မိုးက ဘယ်သူ့ကိုမှ ဂရုစိုက်တတ်တာ မဟုတ်တော့ ငါတို့အတွက် မျှော်လင့်စရာ သိပ်မရှိပါဘူးကွာ"

"လူကလည်း အရမ်းလှ၊ ဘယ်သူမှလည်း လိုက်လို့မရတော့ ပိုပြီးနာမည်ကြီးတာပေါ့"

အဲ့ဒါ ဆွတ်ရဲ့နောက်ကွယ်မှာရော၊ ရှေ့တွင်ပါ မကြားတကြားရော ဆွတ်ကြားရသည့်စကားတွေပဲ ဖြစ်ပါသည်။

သူတို့ ဒီလိုပြောရလောက်အောင်လည်း ဆွတ်အလှက ပြည့်စုံလွန်းနေသည် မဟုတ်လား။

မဟော်ဂနီရောင် ရှည်စင်းပျော့အိနေတဲ့ ဆံပင်တွေ၊ မျက်သားပြာပြာနဲ့ တောက်ရွန်းတဲ့ မျက်ဝန်းအစုံ၊ နှာတံစင်းစင်းလေးနဲ့ ထွေးထွေးအိအိ နှင်းဆီသွေး နှုတ်ခမ်းဖူးလေး၊ မေးဖျားလုံးလုံးလေးအောက်က ကျော့ရှင်းတဲ့လည်တံ ... စတာတွေနဲ့





ဖွဲ့စည်းထားတဲ့ မျက်နှာလှလှလေး။ ပြီးတော့ ...

ပြေပြစ်လုံးဝန်းတဲ့ ရင်သားအစုံ၊ အဆီပိုမရှိတဲ့ ဗိုက်သားချပ်ချပ်လေး၊ သေးကျဉ်တဲ့ ခါးကလေးကတစ်ဆင့် စွင့်ကားသွားတဲ့ တင်းတင်းမို့မို့ တင်သားလုံးလုံးလေးတွေ၊ ဖြောင့်စင်းတဲ့ ပေါင်တံ၊ ဝင်းမွတ်ဖောင်းအိတဲ့ ခြေသလုံးသားလေးတွေနဲ့ နုနယ်ဖောင်းမို့နေတဲ့ ခြေဖမိုးမို့မို့လေးတွေ။

ဒီလို အချိုးအစားကျနစွာ ဖွဲ့စည်းထားတဲ့ ခန္ဓာကိုယ်အလှနဲ့အတူ ဖြူစင်ဝင်းမွတ်ဖဲ့ အသားအရေနဲ့ မြင်သူငေးလောက်စရာ ပြည့်စုံတဲ့အလှတရားတွေကို ပိုင်ဆိုင်ထားတဲ့ ဆွတ်ရဲ့အလှမှာ သူတို့ ရူးသွပ်ကြတာ အဆန်းတော့မဟုတ်ပါ။

ဆွတ်မေမေကတော့ လိုတရမရှိတော့တာကို ...

"အင်း ...မေမေ့သမီးလေးက သူငယ်ချင်းဆိုလို့ လိုတရတစ်ယောက်ပဲ ရှားရှားပါးပါးရှိတာ၊ အခု လိုတရက မရှိတော့ တစ်ယောက်တည်း ဖြစ်နေရပြီ၊ ဘာပဲဖြစ်ဖြစ် လိုတရရှိတော့ မေမေတို့က မပူရဘူး၊ သမီးအတွက် စိတ်ချရတယ်၊ ဘော်ဒီဂတ်ပေါ့၊ သမီးလေးက အရမ်းလှတယ် မဟုတ်လား"

မေမေ ခန့်မှန်းသည့်အတိုင်းပါပဲ။

လိုတရ ဆွတ်အနားမရှိတော့တဲ့အချိန်မှာ ဆွတ်အနား ချဉ်းကပ်ရန်ကြိုးစားသူတွေ ပိုများလာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နည်းမျိုးစုံနဲ့ ကြိုးစားကြသူတွေထဲမှာ တုနှိုင်းမရ ... ဆိုတဲ့ လူတစ်ယောက်ရဲ့ကြိုးစားပုံကတော့ အဆန်းကြယ်ဆုံး ဖြစ်ပါသည်။ အဲ့ဒီနေ့က ...

မိုးလေးတဖွဲဖွဲရွာနေတာ ဆွတ် မှတ်မိပါနဲ့။ ထိုနေ့က

ဆွတ်က လက်မောင်းမှာ အဖောင်းလေးတွေပါပြီး ရင်စည်းနေရာမှာ ဇာနားတွန့်လေးတွေ တပ်ထားတဲ့ မိုးပြာရောင်ဆွဲသား လက်တိုအင်္ကျီအကျပ်ကလေးနဲ့ ခြေသလုံးတစ်ဝက် သရီးကွာတား ကိုယ်ကျပ်ဘောင်းဘီအနက်ရောင်လေးကို တွဲဖက်ဝတ်ဆင်ကာ ကားမောင်းထွက်လာခဲ့ခြင်းဖြစ်သည်။

လမ်းမှာ လူရှင်းလို့နေသည်မို့ ဆွတ် ခပ်မြန်မြန်လေး မောင်းခဲ့မိပါသည်။

ရှေ့မှာ တုတ်ကောက်နှင့် (မျက်မမြင်ဖြစ်မယ် ထင်ပါရဲ့) လူတစ်ယောက်ပဲ ရှိသည်။

သို့သော် ...

ဆွတ်သည် ဘယ်သူ့ကိုမှ စိတ်မဝင်စား၊ ဂရုစိုက်လေ့မရှိသော ပင်ကိုစတိုင်လ်အတိုင်း ရှေ့တည့်တည့်သာကြည့်လျက် မြန်မြန်မောင်းခဲ့မိရာ ...

သူ့ဘေးမှာ ဝေါခနဲအဖြစ် ...

ကံဆိုးစွာ ဗွက်အိုင်တစ်ခုကို မရှောင်လိုက်မိ။





ဗွမ်းခနဲထသွားသော ရေအလျှဉ်ကိုကြည့်ကာ သွားပြီလို့တော့ ဆွတ် တွေးလိုက်မိ၏။

အဲ့ဒီလူကို ဗွက်ရေတွေ အတော်စင်သွားတော့မှာပဲ။

ဘက်မှန်ထဲမှ ပြန်ကြည့်လိုက်တော့ ထိုလူ ကုန်းကုန်းကွကွဖြင့် တစ်စုံတစ်ရာကို လိုက်စမ်းနေတာ တွေ့ရ၏။

အင်း ... မျက်နှာပေါ်မှာ မျက်မှန်မရှိတော့။

ကွိုင်ပဲ။

ရေစင်သည့်အရှိန်က ပြင်းလွန်းသည်မို့ မျက်မှန်ပြုတ်ကျသွားပြီ ထင်ပါရဲ့။

ဆွတ်သည် ဘယ်သူနှင့်မှ မပတ်သက်ချင်သော်လည်း မပတ်သက်၍မရတော့သော အခြေအနေက ဖြစ်လာခဲ့သည်မို့ ကားကို ဘက်ခ်ပြန်ဆုတ်ပြီး ရပ်လိုက်ရတော့သည်။

''ဆောရီးပဲ''

ဆွတ် လေသံပြတ်ပြတ်နှင့် တောင်းပန်လိုက်သည်။

ဆွတ်လေသံက ဆန္ဒမပါဘဲ မဖြစ်မနေ တောင်းပန်လိုက်ရသည့်လေသံမှန်း သိသာလွန်းလှသော်လည်း ...

''ရပါတယ်ခင်ဗျာ''

ဟု လေပြေအေးလေးနှင့် တုံ့ပြန်ကာ ကြားလိုက်ရလျှင် ဆွတ် အံ့ဩသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မျက်မှန်ပြုတ်ကျသွားတယ်ထင်တယ် ကျွန်မ ကူရှာပေးပါ့မယ်"

ဆွတ်မှာ ကိုယ့်ပယောဂမကင်းတာမို့ မျက်မှန်ကို ကူရှာကာ တွေ့လျှင် သူ့လက်များထဲ ထည့်ပေးလိုက်ရတော့သည်။

"ရော့ ... ဒီမှာ ရှင့်မျက်မှန်"

သူ မျက်မှန်ကို ယောင်ဝါးဝါးဆုပ်ကိုင်ရင်း အမှတ်မထင် ဆွတ်ရဲ့လက်ချောင်းများနှင့် ထိခတ်လိုက်မိပါသည်။

ဘုရားရေ ...

ယောကျ်ားတစ်ယောက်ရဲ့လက်ဟာ ဒီလောက်တောင် နွေးထွေးနူးညံ့ရသလား။

ဆွတ် သူ့မျက်နှာကို စိတ်လှုပ်ရှားစွာ ကြည့်လိုက်မိတော့လည်း ...

ရှင်းသန့်ကြည်စင်ကာ ကလေးငယ်တစ်ယောက်လို အပြစ်ကင်းနူးညံ့လှသည့်မျက်နှာကို တွေ့လိုက်ရသည်။

စိမ်းညို့နေသော မျက်ခုံးတန်း၊

စိပ်စိပ်နှင့် စင်းကျနေသော မျက်တောင်တွေနှင့်၊

ရှည်မျောမျော မျက်လုံးကလေးတွေမှာ မျက်မမြင်တစ်ယောက်ရဲ့ဘဝနှင့် မထိုက်တန်လှတာ သတိထားလိုက်မိသည်။

အိုး ...





အဲ့ဒါ ဆွတ်နဲ့ ဘာဆိုင်တာမှတ်လို့ ...။

ဆွတ်သည် ယောကျ်ားတစ်ယောက်အတွက် တဒင်္ဂ စိတ်လှုပ်ရှားသွားရာကိုသိလျှင် ကိုယ့်ကိုယ်ကိုယ် ချက်ချင်းပင်-မကျေမနပ် ပြန်ဖြစ်မိ၏။

ဖက်ဆွတ်မိုးရဲ့သမိုင်း ဘယ်ပျက်လို့ဖြစ်မလဲ။

လမ်းပေါ်မှာ တွေ့ရတဲ့ယောကျ်ားတစ်ယောက်အတွက်နဲ့ ...။

"ကျွန်တော် ကျေးဇူးတင် ..."

"ကိစ္စမရှိပါဘူး၊ ကျွန်မအတွက်ကြောင့် ဖြစ်ရတာပဲ၊ ကျွန်မမှာ တာဝန်ရှိလို့ပါ"

ဆွတ် သူ့စကားမဆုံးခင် ခပ်ပြတ်ပြတ် ဖြတ်ပြောလိုက်ကာ ...

ကားပေါ်ပြန်တက်ပြီး ကိုယ့်လမ်းကိုယ် ဆက်မောင်းထွက်ခဲ့သည်။

ဒါပါပဲ ...။

ဆွတ်သည် ကားပေါ်တက်လိုက်သည်နှင့် လမ်းပေါ်မှာ မိနစ်ပိုင်းကလေးမျှ ဆုံတွေ့ခဲ့ရသော လူတစ်ယောက်ကို မေ့နိုင်လိုက်ပြီဖြစ်သည်။

သို့ရဲ့ သူမတူအောင် နူးညံ့လှသော လက်ချောင်းများကို



www.burmeseclassic.com

www.burmeseclassic.com



ရော, ...

ရှင်းသန့် ကြည်စင်လှသော မျက်နှာကိုရော ...

အားလုံးကို ဆွတ် မေ့လိုက်နိုင်ပြီဖြစ်သည်။

ဘာရယ်မဟုတ်ဘဲ စိတ်အပြောင်းအလဲအဖြစ် ဆွတ် သီချင်းဖွင့်လိုက်မိလျှင် ...

♫ ကန်တော်ကြီး အင်းယားလည်း မသွားချင်ပါ ××× ခုံကလေးများ ××× ♫

ဆွတ်သည် ကြားလိုက်ရသော သီချင်းကြောင့် လိုတရကို ချက်ချင်း ပြေးသတိရလိုက်မိသည်။

ဟော်လိုဂစ်တာတစ်လက်နှင့် လိုတရ အမြဲဆိုလေ့ရှိသည့်သီချင်း ...

စိမ့်ခနဲ လိုတရကို သတိရလိုက်မိတာနှင့် ...

"ဆွတ် ... နင် ငါ့ကိုသတိရနေနော် ... ကြားလား၊ ငါနဲ့ ဓေးနေပေမယ့် နင် ဘာလုပ်လုပ် ငါ့ကို အသိပေးရမယ်၊ ငါ့ခွင့်ပြုချက်မရဘဲ နင် ဘာမှမလုပ်ရဘူး၊ နင့်ကိုငါ ဝယ်ထားတာ၊ နင့်ကို ငါပိုင်တယ် ... ဆိုတာ နင် ဘယ်တော့မှမမေ့နဲ့ ... ကြားလား ဆွတ်"

ဆွတ်သည် လိုတရရဲ့ ရင့်သီးလွန်းလှသော စကားများကို နောက်ဆက်တွဲ သတိရလိုက်မိလျှင် ရင်တစ်ခုလုံး နင့်နေ





အောင် ခါးသွားရသည်။

ဟင့်အင်း ...

ဆွတ် ... လိုတရကိုပါ မေ့ပစ်မှဖြစ်မယ်။

ဆွတ်သည် 'တောက်' တစ်ချက် နာနာကြည်းကြည်း ခေါက်ပစ်လိုက်ကာ ...

ကားကို တရကြမ်း မောင်းလိုက်မိတော့သည်။

သို့သော် ...

တကယ်တမ်းမှာ ဆွတ် သူ့ကို မမေ့ခဲ့ပါ။

နောက်တစ်ကြိမ် ပြန်တွေ့တဲ့အခါမှာလည်း ဆွတ် သူ့ကို ကောင်းကောင်းကြီး ပြန်မှတ်မိနေခဲ့ပါသည်။

ဒီတစ်ခါလည်း သူ့ကိုတွေ့ရတာ လမ်းပေါ်မှာပင် ...

သူကြည့်ရတာ ဟိုဘက်ကမ်းကိုကူးရန် အခက်တွေ့နေပုံရပါသည်။

တုတ်ကောက်ကို တင်းတင်းဆုပ်ကိုင်ကာ ကားသံတွေကို နားစွင့်ထားဟန်ရသော သူ့မျက်နှာသွင်ပြင်မှာ စိုးရိမ်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် တင်းကျပ်၍နေသည်ဟု ဆွတ် ထင်မိပါသည်။

ဆွတ် ကားကို ချက်ချင်းဘေးထိုးရပ်လိုက်မိသည်။

ပြီးတော့ ...

ဆွတ်သည် ပြေးသွားမိကာ ...

"ဒီမှာ ... ရှင် ဟိုဘက်ကူးမလို့ မဟုတ်လား"

"ဟုတ်ကဲ့ ... ဒါနဲ့"

သူ့ရဲ့ စိမ်းညို့သောမျက်ခုံးတန်းများ မသိမသာ ကုပ်ချိုးသွားကာ စကားဆက်ရန် သူ ကြိုးစားသော်လည်း ဆွတ်က လက်မခံပါ။

"ကျွန်မ ရှင့်ကို တွဲပြီးကူးပေးမယ်"

ပြောပြောဆိုဆိုနှင့် ဆွတ် သူ့လက်မောင်းကိုကိုင်ကာ လမ်းကူးရန် ပြင်လိုက်ပါသည်။

သူ့မျက်နှာမှာ အတော်အံ့အားသင့်သွားပြီး အရမ်းလည်း ပျော်သွားပုံရသည်။

"ဟို ... ကျွန်တော် အားနာလိုက်တာ"

လမ်းကူးရင်းက သူ မဝံ့မရဲပြောလျှင် ...

"အိုး ... မလိုပါဘူး"

သူ့လက်မောင်းကို လူအများရှေ့တွဲပြီး ကူးပေးရတာကို ရည်ရွယ်ပြောတာမှန်း ဆွတ်သိသည်မို့ လေသံမာနှင့်ပင် ငြင်း





လိုက်မိပါသည်။

တကယ်လည်း ချောမောကြော့မတ်လွန်းလှသော မိန်းကလေးတစ်ယောက်က မျက်မမြင်ကောင်ကလေးတစ်ယောက်ကို တွဲပြီး လမ်းကူးပေးနေတဲ့မြင်ကွင်းဟာ လူအများ သတိထားမိစရာ ဖြစ်နေခဲ့သည်။

ဆွတ်သည် လူတွေဝိုင်းကြည့်ခံရသည့်ကြားကပဲ (မျက်နှာတော့ အနည်းငယ်နွေးလျက်) သူ့ကို ဟိုဘက်ကမ်းရောက်သည်အထိ ချောမောစွာ လမ်းကူးပေးနိုင်ခဲ့ပါသည်။

"ကဲ ... ရောက်ပြီ၊ ရှင်သွားမယ့်လမ်းကို ဆက်သွားနိုင်ပြီ"

ဆွတ် သူ့လက်မောင်းကို ကိုင်ထားသောလက်ကို ဖြုတ်လိုက်ရင်းက ပြောလိုက်မိသည်။

သူက ဆက်မသွားသေးဘဲ ...

"ကျွန်တော်ကြားဖူးတယ် အသံကို ..."

ဟု ခပ်ဖွဖွ ပြောပါသည်။

သူ့ပုံစံက ဆွတ်အသံကို နားစွင့်ထားမှန်း သိသာပါသည်။

ပြီးတော့ ...

သူ့ရဲ့ Police မျက်မှန်နောက်က မျက်လုံးတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်လှပေမယ့် ဆွတ်ကို ဒေးရီနေတယ်လို့ ဆွတ် ခံစားနေမိပါသည်။

"သေချာပါတယ်၊ ကျွန်တော်တို့ တစ်ခါဆုံဖူးကြပါတယ်နော်၊ ဟိုလေ ... ကျွန်တော့်မျက်မှန်ကို ကောက်ပေးတာ"

ဆွတ် အရမ်းကို အံ့သြသွားရသည်။

သူဟာ ဆွတ်အသံကို မှတ်မိနေသတဲ့။

"ဟင် ... ဆွတ်အသံကို ဘယ်လိုမှတ်မိတာလဲ၊ အဲ့ဒီတုန်းက စကားလေးတစ်ခွန်း၊ နှစ်ခွန်းပဲ ပြောဖူးတာကို"

ဆွတ် တအံ့တသြ ပြန်ပြောမိတော့ သူ ဖွဖွကလေး ပြုံးပြန်ပါသည်။

"ဆွတ်အသံက ဘယ်သူနဲ့မှ မတူအောင် ထူးခြားနေတာကိုး"

"ဘယ်လို"

"ဟုတ်တယ် ... ဆွတ်အသံက မဆိုသလောက် မာပေမယ့် ကြည်တယ်၊ ပြီးတော့ ... သြရှရှကလေး၊ အရမ်းရှားတဲ့အသံပဲ"

သူက ဆွတ်အသံကို ခွဲခြားစိတ်ဖြာပြနေသေးသည်။

ဆွတ်သည် သူ့ရဲ့ထက်မြက်သော အာရုံခံစားမှုကို အသိအမှတ်ပြုမိသော်လည်း ...





ချက်ချင်းပင် တစ်စုံတစ်ရာကို သတိရလိုက်မိကာ ...

"ကဲ ... ရှင်လည်း လိုရာခရီးရောက်ပြီပဲ၊ ကျွန်မ သွားလိုက်ပါဦးမယ်"

ဆွတ်သည် ချက်ချင်းပဲ စကားစ,ကို ဖြတ်ပစ်လိုက်သည်။

သတိလက်လွတ်ဖြင့် ဆွတ်ဟု နှုတ်ကျိုးနေကျအတိုင်း ကိုယ့်ကိုယ်ကိုယ် သုံးလိုက်မိပြီးမှ ကျွန်မ ... ဟု ချက်ချင်းပြန်ပြင်ပြောလိုက်သည်။

ဘာပဲဖြစ်ဖြစ် ...

အာရုံခံစားတာ ထက်မြက်သလောက် ပါးနပ်လှသော ကောင်ကလေးကတော့ ဆွတ်ရဲ့နာမည်တစ်ပိုင်းတစ်စကို သိခွင့်ရသွားခဲ့ပြီ ဖြစ်သည်။

ဆွတ် စကားစကို ချက်ချင်း ရပ်တန့် ဖြတ်တောက်ပစ်လိုက်တော့ သူ့မျက်နှာပေါ်မှာ နှမြောတသဟန် အတိုင်းသား ပေါ်လာပါသည်။

"ကျွန်တော် ဆွတ်ကို အရမ်းကျေးဇူးတင်ပါတယ်နော်၊ ကျွန်တော့်ကို ဂရုတစိုက်လမ်းဖြတ်ကူးပေးတဲ့အတွက်"

သူ မမြင်နိုင်မှန်း သိပေမယ့် ဆွတ်နှုတ်ခမ်းထောင့်စွန်းလေး ကော့တက်ရုံ ပြုံးလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ... မျက်မမြင်တစ်ယောက်မို့ ကျွန်မ အမြင် မတော်လို့ ကူညီပေးတာပါ၊ ရှင့်နေရာမှာ ဘယ်သူ့မဆို ကျွန်မ ကူညီပေးမိမှာပါပဲ"

ဆွတ်ရဲ့စကားအဆုံး သူ့မျက်နှာ အရမ်းကို ပျက်ယွင်း ညှိုးရော်သွားပေမယ့် ...

ဆွတ် မခံစားတော့ပြီ။

ချာခနဲ လှည့်ထွက်လာခဲ့၏။

သူနှင့်ဆွတ်ဟာ နောက်ထပ် ဘယ်တော့မှ တွေ့စရာ မလိုတဲ့လူတွေပဲ။

တကယ်လို့ အသံသာကြားနိုင်တဲ့ ဆွတ်အပေါ် သူ စိတ်ဝင်စား ရင်ခုန်မိချင်တယ်ဆိုရင်လည်း ...

ဆွတ်ဟာ သူ့ကို မျက်မမြင်တစ်ယောက်မို့ ကူညီပေးခဲ့ တဲ့ အဆင့်ထက်မပိုတာကို သူသိအောင် ဆွတ် တမင်ပြောလိုက် ခြင်း ဖြစ်ပါသည်။

ဆွတ်ဟာ အဲ့လို ပြတ်ပြတ်သားသားဆက်ဆံတတ်လို့ လည်း လူသလောက် မာနကြီးတယ်ရယ်လို့ ကျော်ကြားရတယ် ထင်ပါရဲ့။

အဲ့ဒီတုန်းက ...

ဆွတ် တကယ်ပဲ သူနဲ့ နောက်ထပ် ဘယ်တော့မှ





မတွေ့တော့ဘူးလို့ ထင်ခဲ့မိပါသည်။

ဒီတစ်ခါတော့ ကံတရားရဲ့ တိုက်ဆိုင်မှုကြောင့်လို့ ဆွတ် သတ်မှတ်လို့ မရနိုင်တော့ပါ။

သင်တန်းကအပြန် ရုတ်တရက်ကြီး ကားထိုးရပ်သွား လျှင် ဆွတ် အတော်ကြီး စိတ်ညစ်သွားရသည်။

'ကျွတ်'

ခနဲ စိတ်ပျက်လက်ပျက် စုတ်သပ်လိုက်မိရုံကလွဲပြီး ဆွတ် ဘာမှမတတ်နိုင်။

ကားကို မောင်းသာမောင်းတတ်ပြီး ကားပျက်လျှင် ဘာ မှနားမလည်သည်က ဆွတ်ရဲ့ အားနည်းချက်ပင်။

ကားပေါ်မှဆင်းပြီး စက်ဖုံးဖွင့်ကာ ခါးထောက်လို့သာ ရပ်ကြည့်နေမိသည်။

လောလောဆယ် ဆွတ် ဘာလုပ်လို့လုပ်ရမှန်းမသိ။

"ကားပျက်နေတာ ထင်ပါရဲ့"

ကျောဘက်ဆီမှ ပေါ်လာသောအသံကြောင့် ဆွတ်တို့ယ်



www.burmeseclassic.com

www.burmeseclassic.com



လေး တောင့်မတ်သွားရသည်။

ကားပျက်တာထက် ဆွတ် ပိုပြီးစိတ်ညစ်သွားရသည်။

''ဘာအကူအညီလိုလဲ''

''ကိုယ် ကြည့်ပေးမယ်''

ဆွတ် လှည့်မကြည့်ချင်ဘဲ လှည့်ကြည့်ရတော့သည်။

''ရပါတယ် . . . ကျွန်မ ဝပ်ရှော့ကိုပဲ ဖုန်းဆက်ခေါ်လိုက်မယ်''

ရုတ်တရက် ဝပ်ရှော့ကို သတိရလိုက်မိကာ ဆွတ် မျက်နှာထားတည်တင်းတင်းနှင့်ပင် ပြင်းလိုက်သည်။

''ဟို . . . ဝပ်ရှော့ကိုခေါ်ရင် ပိုက်ဆံကုန်နေမှာပေါ့''

''ဆီပျောက်,မီးပျောက်လောက်ကတော့ ကိုယ်တို့ ရပါတယ်''

ထိုလူတွေ ရှေ့တိုးကာ ကားဆီကပ်လာကြသည်။ ဆွတ် ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရသည်။

''ရတယ်၊ မလိုပါဘူး . . . လို့ ကျွန်မ ပြောပြီးပြီပဲ''

''ရပါတယ်ဆို . . . ကူညီချင်လွန်းလို့ပါ''

''ဟုတ်ပါတယ်၊ မိန်းမလှလေးတစ်ယောက်တည်း ကားပျက်နေတာ ကြည့်မကောင်းပါဘူး၊ ကူညီရမှာပေါ့''

''ရှင်တို့ ဘယ်လိုဖြစ်နေလဲ၊ မလိုဘူးလို့ ကျွန်မ,ပြောနေ





တယ် မဟုတ်လား''

ဆွတ် ကြောက်ကန့်,ကန့်ကာ ခံအော်လိုက်မိသည်။

ရုပ်တွေကလည်း အဆင့်အတန်းမရှိဘဲ ရုပ်ကြမ်းကြီးတွေ။

''ဟင့်အင်း . . . ကူညီချင်လွန်းလို့ပါဆို''

''ဒီလောက်လှတဲ့ နတ်သမီးလေး ဒုက္ခရောက်နေတာကို လှည့်ထွက်သွားခဲ့ရင် ကိုယ်တို့ သိပ်ရိုင်းလွန်းရာ ကျသွားမှာပေါ့''

''အို . . . ရှင်တို့ ကိုယ့်လမ်းကိုယ်သွားကြပါ''

ဆွတ်မှာ ဟိုလူကြည့်, ဒီလူကြည့်နှင့် ရုပ်ကြမ်းကြီးတွေနှင့် ထိုလူအုပ်စုကို ကြောက်ကြောက်နှင့်သာ အော်နေရသည်။

ရင်ထဲမှာတော့ တုန်နေမိသည်။

ထိုလူတွေရဲ့ မျက်လုံးများမှာ ကြောက်စရာကောင်းလှသည်။

လူကို စုန်ဆန်ကြည့်နေပုံက စူးရဲလွန်းလှသည်။

''မသွားနိုင်ပါဘူးကွယ်၊ ညီမလေးတစ်ယောက်တည်း အားငယ်နေမှာပေါ့''

''အေးလေ . . . ဒီလောက်လှတဲ့ကောင်မလေး တစ်ယောက်တည်းထားခဲ့ပြီး သွားရမှာ အားနာစရာကြီး''

သူတို့ တစ်လှမ်းချင်းတိုးလာလေ၊ ဆွတ်မှာ နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုတ်,နောက်ဆုတ်နှင့် ဘယ်ပြေးလို့ ပြေးရမှန်းမသိ။

အော်ဖို့ ပါးစပ်ပြင်ဆဲ လူတစ်ယောက်အနားရောက်လာခဲ့လျှင် ဆွတ် အရမ်းဝမ်းသာသွားရတော့သည်။

''ဟင်''

အသေအချာကြည့်လိုက်တော့မှ ဆွတ် ပါးစပ်အဟောင်းသားဖြစ်သွားရသည်။

တုတ်ကောက်နှင့်လူ ...

ထိုလူက အနားရောက်လာလျှင် police မျက်မှန်ကို ချက်ချင်း ချွတ်ပစ်လိုက်ကာ ...

''ဘာတွေဖြစ်နေတာလဲ ဆွတ်''

ဆွတ်မှာ ရုတ်တရက် ဘာမှမပြောနိုင်အောင် အံ့အားတသင့်ကြီး သင့်သွားရတော့သည်။

သူ ...

ဆွတ်ကြောင့် မျက်မှန်ပြုတ်ကျခဲ့ရတဲ့လူ။

ဆွတ် တွဲပြီးလမ်းကူးပေးခဲ့ရတဲ့လူ။

ကြည့်စမ်း ...

သူ အခု ပြန်မြင်နေပြီပဲ။

ဟင့်အင်း ...မဖြစ်နိုင်။

ဒါဆို ...သူ ဆွတ်ကို ဘယ်လိုမှတ်မိနိုင်မှာလဲ။





သူ အရင်ကတည်းက မြင်နေခဲ့တာပဲ ဖြစ်မှာပဲ။

အို ...သူ ဆွတ်ကို ပိပိရိရိကြီး ညာခဲ့တာပဲ။

ဆွတ်သည် လက်ရှိအခြေအနေကို ခဏမေ့သွားပြီး စိတ်ထဲ တင်းခနဲဖြစ်ကာ သူ့ကို ခပ်စူးစူးကြည့်လိုက်မိသည်။

သူက ဆွတ်ကို လှစ်ခနဲ မျက်လုံးတစ်ဖက်မှိတ်ပြသည်။

''ဆောရီးပါ ဆွတ်ရယ် ...ကိုယ် နောက်ကျသွားလို့ စိတ်ဆိုးနေတာလား၊ ကိုယ် အလုပ်ကိစ္စအရေးတကြီး ပေါ်လာလို့ပါ၊ ဘာလဲ ...ကားပျက်နေတာလား၊ ဟာ ...ဆွတ်လေး တစ်ယောက်တည်း ဒုက္ခရောက်နေတာပေါ့၊ ကိုယ် နေလဝင်ရှော့ကို ဖုန်းဆက်ပြီး ချာတိတ်တွေ လှမ်းခေါ်ပေးမယ်''

သူ တစ်ယောက်တည်း ရွှန်းရွှန်းဝေအောင်ပြောလျက်ရှိသည်။

ဆွတ်ကတော့ ဘာမှပြန်မပြောမိဘဲ စိတ်ထဲက သူ့ကို တင်း၍သာ နေသည်။

ဆွတ်ကို ညာတဲ့လူ။

သူ့မှာ အကြံအစည်တစ်ခုခု ရှိကိုရှိရမယ်။

မုန်းစရာကောင်းလိုက်တာ။

ဟိုလူတွေကလည်း သူရောက်လာတော့ ခဏသာငြိမ်သွားသော်လည်း သူ့ကို ယုံကြည်ပုံမရကြချေ။



www.burmeseclassic.com

www.burmeseclassic.com



"နားစမ်းပါကွာ ... ဒီအက်ရှင်တွေက ဝွမ်းနေပါပြီ၊ ကိုယ့်လမ်းကိုယ်သွားစမ်းပါ"

"ခင်ဗျားတို့က မယုံဘူးပေါ့ ... ဟုတ်လား၊ ကဲ ... မေးဗျာ ... ကာကာယံရှင်ကိုသာ မေးကြည့်တော့၊ သူနဲ့ ကျွန်တော် ဘယ်လိုပတ်သက်သလဲဆိုတာ"

သူက အေးအေးဆေးဆေးပင် ဆွတ်ဘက် မေးဆတ်ပြလေသည်။

ဆွတ်သည် သူ့ကို စိတ်ထဲက တင်းသည်မှန်သော်လည်း အခြေအနေအရ သူ့စကားအတိုင်း လိုက်မျောရတော့သည်။

"ဟုတ်တယ် ... အဲ့ဒါ ကျွန်မသူငယ်ချင်း"

ဒီလိုမှ လိုက်မမျောလို့တော့လည်းမဖြစ်၊ အရေးကြီးတာက ဒီလူတွေ မြန်မြန်ထွက်သွားဖို့ပင်၊ ဘာပဲဖြစ်ဖြစ် သူရောက်လာတော့ ဆွတ် တကယ်ပဲ အားတက်သွားရပါသည်။

"ဩော် ... သူငယ်ချင်းတဲ့လား၊ ဒါဆို ... ကိုယ်တို့လည်း ကြိုးစားပိုင်ခွင့် ရှိသေးတာပဲနော်"

ထိုလူတွေ ရှေ့တစ်လှမ်းအတိုး ...

သူ ဆွတ်ရှေ့ ဖျတ်ခနဲ ကွယ်ရပ်ကာ ဂျာကင်ရဲ့ အတွင်းအိတ်ထဲ လက်နှိုက်သည်။

"အိုကေ ... ရပါတယ် ... ကိုယ်လူတို့ ကြိုးစားပိုင်ခွင့်





ရှိပါတယ်၊ ဒါပေမဲ့ ကိုယ့်ကံကြမ္မာကိုယ် ပိုင်ဆိုင်မှ ဖြစ်မှာနော်"

အေးဆေးညှံ့သက်လှသော သူ့အပြောကြောင့် ဟိုလူများမှာ ရှဲသွားကြသည်။

ထိုလူများ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး တွေဝေသွားလျှင် သူ့အတွက် အခွင့်ကောင်းဆိုက်သွားတော့ကာ။ ..

"ကိုယ့်လမ်းကိုယ်သွားကြပါ ကိုယ့်လူတို့ရာ၊ ဒီနေရာက ကိုယ့်နယ်မြေ၊ ကိုယ် ဖုန်းလေးတစ်ချက်တောက်လိုက်တာနဲ့ ကိုယ့်လူတို့ကံကြမ္မာ ပြောင်းသွားနိုင်တယ်"

သူက လေအေးစွာပြောသော်လည်း လမ်းပေါ်က ကလေကချေများကတော့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လျက် အခြေအနေမဟန်မှန်းသိကာ ခပ်သုတ်သုတ် ထွက်သွားကြလေတော့သည်။

ထိုလူများ ထွက်သွားတာနှင့် သူ ဆွတ်ဘက်လှည့်ကာ ပြုံးပြသောမျက်နှာဖြင့် စကားစ,လေသည်။

"တော်သေးတာပေါ့ ဆွတ်ရယ်၊ ကိုယ် အချိန်မီရောက်လာမိလို့၊ ကဲ ... ပြဿနာတစ်ခုတော့ ရှင်းသွားပြီ၊ နောက်ထပ် ပြဿနာတစ်ခု ရှင်းရမယ်၊ ကိုယ် နေလဝပ်ရှော့ကို ဖုန်းဆက်လိုက်မယ် ... သိလား"



www.burmeseclassic.com

www.burmeseclassic.com



"နေဦး ... ကားပျက်တဲ့ပြဿနာထက် အရင်ရှင်းရမယ့် ပြဿနာရှိသေးတယ်"

"ဗျာ"

ဆွတ် လက်ပိုက်လျက် ဘုရိုတ် ရှိတ်ပြီး ခပ်တင်းတင်း ပြောပုံကြောင့် သူ မျက်လုံးပြူးသွားသည်။

"ဘာပြဿနာလဲဟင် ဆွတ်"

"ရှင်နဲ့ကျွန်မရဲ့ ပြဿနာလေ"

"ဗျာ ... ကိုယ်နဲ့ဆွတ်ရဲ့ပြဿနာ ... ဟုတ်လား၊ ကိုယ်နဲ့ ဆွတ်ကြားမှာ ဘာပြဿနာရှိလို့လဲဟင်၊ ကိုယ် ဆွတ်ကို ဘာလုပ်မိလို့လဲ"

"ရှင် ဘာလုပ်မိသလဲဆိုတာ ရှင်မသိဘူးလား"

ဆွတ် သူ့ကို စူးစူးရဲရဲစိုက်ကြည့်လျက် ပြန်မေးလိုက်သည်။

သူ့မျက်နှာက တကယ့်သိုးဖြူကလေးတစ်ကောင်လို အပြစ်ကင်းစင်လျက်ရှိသည်။

ဟန်ဆောင်ကောင်းလိုက်တဲ့လူ။

ဆွတ်သည် နှုတ်ခမ်းများကို လုပစ္စာ တွန့်ကွေးမဲ့စပ်မိလျက် ...

"ရှင် ... ကျွန်မကို ညာတယ်၊ အကြီးအကျယ်ကို





ညာတယ်"

"ဩော်"

ဆွတ်ရဲ့စွပ်စွဲစကားကို ချက်ချင်းပြန်မချေပဘဲ သူ ခဏမျှ တိတ်ဆိတ်ငြိမ်သက်သွားပါသည်။

ထို့နောက် ...

သူ့မျက်နှာပေါ်မှာ မလုံလဲသော အိုးတိုးအမ်းတမ်းအပြုံး ရိပ်တချို့ ပေါ်လာခဲ့ပြီး ...

"ဟို ... ကျွန်တော် မျက်မမြင်ယောင်ဆောင် ..."

"ဟုတ်တယ် ... ရှင် ကျွန်မကို မျက်မမြင်ယောင် ဆောင်ပြီး ညာခဲ့တယ်၊ ရှင် တကယ့်ကို ပိပိရိရိဟန်ဆောင်ပြီး ညာခဲ့တာပဲ၊ ကျွန်မကတော့ ရှင့်ကို တကယ့်မျက်မမြင်ထင်ပြီး လမ်းတောင် တွဲကူပေးခဲ့သေးတယ် ...၊

ရှင် ကျွန်မကို ဘာဖြစ်လို့ ညာခဲ့တာလဲပြောစမ်းပါ၊ ရှင့်မှာ ဘာအကြံအစည်ရှိလို့လဲ၊ ဘာဖြစ်လို့ ကျွန်မကို လိမ်ညာပြီး ချဉ်းကပ်ခဲ့တာလဲ၊ ရှင် ... ကျွန်မဆီက ဘာလိုချင်လို့လဲ ပြောစမ်းပါ"

ဆွတ်သည် ပြောရင်းမှ ဒေါသတွေ တလိပ်လိပ်ထွက်လာကာ သူ့ကို တရစပ် စွပ်စွဲတိုက်ခိုက်နေမိသည်။

ဆွတ်ရဲ့ ပြင်းထန်နင့်သီးလှသော စွပ်စွဲစကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူ့မျက်နှာမှာ နွမ်းဖျော့၍သွားသည်။

သူက မျက်စိပျက် မျက်နှာပျက်နှင့် ဆွတ်ကို ပြန်ဖြေရှင်းပြရှာပါသည်။

"ဆောရီးပါ ဆွတ်ရယ်၊ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော်လေ ဆွတ်နဲ့ ခင်မင်ရင်းနှီးချင်ရုံသက်သက်ပါ"

"ကျွန်တော့်မှာ ဆွတ်အပေါ် ယုတ်မာတဲ့ဘာအကြံအစည်မှမရှိပါဘူး ... ယုံပါ ဆွတ်ရယ်"

"မယုံနိုင်ဘူး ... ရှင် ခင်မင်ချင်တာနဲ့ ဒီလိုညာတာကောင်းသလား၊ ရှင် အရမ်းတရားလွန်တယ် ... သိလား"

"ဆောရီးပါ ဆွတ်ရယ် ... ဆောရီးပါ၊ ကျွန်တော် ဆွတ်ကျေနပ်တဲ့အထိ တောင်းပန်ပါတယ်၊ ကျွန်တော် ဆွတ်နဲ့ ခင်ချင်လွန်းလို့ ကြံမိကြံရာ ကြံမိတာပါ ...၊

ဆွတ်က အရမ်းမာနကြီးပြီး ဘယ်သူ့ကိုမှ အရေးမစိုက်တတ်ဘူး မဟုတ်လား၊ အဲ့ဒါကြောင့် ဆွတ် သတိထားမိအောင် ကျွန်တော် မျက်မမြင်ယောင်ဆောင်မိတာပါ ...၊

ခွင့်လွှတ်ပါ ဆွတ်ရဲ့ ... ကျွန်တော် ဆွတ်နဲ့ခင်မင်ရင်းနှီးချင်လွန်းလို့ပါ"

သူက ဆွတ်နဲ့ ရင်းနှီးချင်တာကိုပဲ တဖွဖွပြောကာ ရှည်လျားစွာ တောင်းပန်လေသည်။





ထကယ်ကျတဲ့လူ ...

ခင်မင်ရင်းနှီးချင်တာကို မျက်မမြင်ယောင်ဆောင်ပြီး ချဉ်းကပ်သတဲ့။

ဟွန်း ...

ဉာဏ်ကောင်းထွက်တတ်သည့် ဦးနှောက်ကို ရွှေချစွာပင် ထားသင့်တော့သည်။

နူးညံ့ကြည်စင်လွန်းလှသော မျက်နှာထားနှင့် ...

ညှို့သက်ဖျော့တော့လှသော တောင်းပန်စကားကြောင့် ဆွတ်သည် တဖြည်းဖြည်းနှင့် တင်းမာနေမိသော ဒေါသအစိုင်အခဲများ ပြေကျသွားရတော့သည်။

"ရှင်ဟာလေ ... တကယ်မုန်းဖို့ကောင်းတဲ့လူပဲ"

"မမုန်းပါနဲ့ ဆွတ်ရဲ့ ... ခင်ပါ၊ ကျွန်တော်က ခင်ဖို့အရမ်းကောင်းပါတယ်၊ ဆွတ် ပေါင်းကြည့်ရင် သိမှာပါ"

"သွားစမ်းပါ"

"ယုံပါ ... တကယ်ပြောတာ ခုပဲ ကျွန်တော် အချိန်မီရောက်လာပြီး ဆွတ်ကို ကူညီပေးနိုင်တယ် မဟုတ်လား၊ ကျွန်တော်နဲ့ရင်းနှီးလို့ ဆွတ် အကျိုးမယုတ်စေရပါဘူး၊ ကျွန်တော် ရဲရဲကြီး အာမခံပါတယ်"

"အောင်မာ ... အပြောကောင်းလိုက်တာ၊ ဒါနဲ့ နေပါ



www.burmeseclassic.com

www.burmeseclassic.com



ဦး ... ရှင် ခုနက ဂျာကင်အိတ်ထဲ လက်နှိုက်ထားတာလေ၊ ဘာရှိလို့လဲ ... မားလား၊ ဟိုလူတွေ အနားမကပ်ရဲကြတော့ဘူး''

ဆွတ် တကယ်ပဲ သိချင်၍ မေးလိုက်မိပါသည်။

သူ ပြုံးစိစိလုပ်ကာ ...

''ဟင့်အင်း ... ဘာမှမရှိပါဘူး''

''ကြည့်စမ်း''

သူ့ရဲ့ဉာဏ်များမှုကို ဆွတ် အရမ်းကို အံ့သြသွားမိတော့သည်။

''ဟန်ကိုယ်ဖို့ပါ အက်ရှင်လေ ... ဟဲဟဲ''

''အိုး ... ကြည့်စမ်း ... ရှင် ... ရှင် ... တကယ့်လူပဲ၊ ရှင် တော်တော်ဟန်ဆောင်ကောင်းတဲ့လူ၊ ရုပ်ရှင်ရိုက်ဖို့ပဲ ကောင်းတယ်''

ဆွတ် တကယ်ပဲ လက်ဖျားခါကာ ချီးကျူးမိတော့သည်။

သူ့ရဲ့ဟန်ဆောင်ကောင်းမှု အတတ်ပညာကို ဆွတ် မချီးကျူးဘဲကို မနေနိုင်တော့ပါ။

သူကတော့ တဟဲဟဲ ရယ်လျက် ...

''ဟဲဟဲ ... ပါးပါးလေးပါ၊ ကဲ ... လောလောဆယ် ဒါက အရေးမကြီးဘူး၊ ဆွတ် ကားကို ပြင်ဖို့က အရေးကြီးတယ်၊





ဝပ်ရှော့ကို ကျွန်တော် ဖုန်းဆက်အကြောင်းကြားပေးမယ်''

အဲ့ဒီနေ့က ဆွတ် ကားပြင်သည့်ကိစ္စကို အစအဆုံး သူ ကူညီပေးခဲ့ပါသည်။

ကားပြင်နေသည့်အချိန်တစ်လျှောက်လုံးမှာလည်း သူက ဆွတ်အတွက် စကားပြောဖော်ဖြစ်နေခဲ့သည်။

အင်း ...

သူဟာ တကယ် စကားပြောလို့ကောင်းတဲ့လူပဲ။

နူးညံ့အေးဆေးစွာ စကားပြောတတ်သူလည်း ဖြစ်သည်။

ဆွတ်ကို အမြဲလို ရင့်သီးစွာ ဆက်ဆံတတ်သော လိုတရနှင့်တော့ အတော်ကလေး ခြားနားပါသည်။

အချိန်တိုကလေးအတွင်းမှာတင် ဆွတ် သူ့ကို အရမ်းကို ခင်မင်ရင်းနှီးမိသွားပါသည်။

ဒါဟာ ...

ဆွတ်အတွက် ကံကြမ္မာရဲ့အပြောင်းအလဲတစ်ခုများလားကွယ်။

ဆွတ် မပြောတတ်တော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

**ရယ်** စရာ မကောင်းဘူးလား။

လေးကြိမ်မြောက် ဆုံတွေ့ချိန်ကျမှ ဆွတ်က သူ့နာမည်ကို သိခွင့်ရခဲ့တာ ဖြစ်သည်။

“ဘယ်လို **"တုနှိုင်းမရ"** . . . ဟုတ်လား”

ဆွတ်သည် တအံ့တဩလေး သံယောင်လိုက်ရေရွတ်မိသည်။

“အင်ဟင်း . . . ဘာဖြစ်လို့လဲ၊ ကိုယ့်နာမည်က အံ့ဩစရာလား”

သူက ရယ်ဟဟနှင့် ပြန်ပြောပါသည်။

“အိုး . . . အရမ်းကို ဆန်းကြယ်တဲ့နာမည်ပဲ၊ အဓိပ္ပာယ်ကလည်း အတော့်ကို ကောင်းတာပဲနော်၊ နာမည်ပေးတဲ့ ရှင့်မိဘ





တွေက တော်လိုက်တာ”

ဆွတ်က စိတ်လိုလက်ရပင် သူ့နာမည်ကို ချီးကျူးလိုက်မိပါသည်။

သူက ဆွတ်ရဲ့မျက်ဝန်းများထဲကို စူးနေအောင် စိုက်ကြည့်ကာ အဓိပ္ပာယ်ပါသော စကားတစ်ခွန်းကို ပြောလေသည်။

“ကိုယ်က တစ်စုံတစ်ယောက်အတွက် တုနှိုင်းမရတဲ့လူပဲ ဖြစ်ချင်ပါတယ်”

သူ့စကားရဲ့အဓိပ္ပာယ်ကို ခပ်ရေးရေး ရိပ်မိလိုက်သော ဆွတ်က . . . ပခုံးလေး မသိမသာ တွန့်လိုက်မိပါသည်။

သို့သော် မနေနိုင်ပြန်သည်မို့ . . .

“ဘယ်လို”

ဟု စကားထောက်ပေးလိုက်မိပါသည်။

“တစ်စုံတစ်ယောက်အတွက် ပြိုင်ဘက်ကင်းတဲ့လူ ဖြစ်ချင်ပါတယ်”

“ဘာကိုလဲ”

“အရာရာမှာပေါ့၊ အထူးသဖြင့် . . . ပြိုင်ဘက်ကင်းစွာ ပေးဆပ်နိုင်ခွင့်ပေါ့”

“အံမယ်လေး . . . တယ်ဆိုတဲ့စာပါလား”

သူ့ရဲ့စကားတတ်မှုကို ဆွတ် လိုက်မမီတော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဆွတ်သည် စကားပြောနေရင်းမှ ဖျတ်ခနဲဆို သတိရ လိုက်မိသည်မှာ လိုတရကိုပင်။

''သိလား ... ကျွန်မမှာ ရှင့်လိုနာမည်ဆန်းဆန်းနဲ့ သူငယ်ချင်းတစ်ယောက်ရှိတယ်၊ အခု သူက ဩဖိုးမှာ ကျောင်း သွားတက်နေတယ်၊ သူ့နာမည်က လိုတရ ...တဲ့''

''အတော်စီးပိုးတဲ့နာမည်ပဲ''

လိုတရနာမည်ကို ကြားလိုက်သည်နှင့် သူ့မျက်နှာမှာ မသိမသာ တည်သွားကာ ခပ်တိုးတိုး ဝေဖန်ပါသည်။

''အံမယ်လေး ...လိုတရ့ကလေ နာမည်ကသာ စီး တာမဟုတ်ဘူး၊ လူကလည်း သိပ်စီးတာ၊ ကျွန်မကိုများဆို သိပ် နိုင်တာ''

ဆွတ် ဘာရယ်မဟုတ်ဘဲ လိုတရရဲ့အကြောင်းကို ပြော ရတာ ခံတွင်းတွေ့ဆဲ၊ ချက်ချင်းပဲ စကားလမ်းကြောင်း ပြန် ပြောင်းပါသည်။

''တကယ်တော့ ဆွတ်နာမည်လေးကမှ အရမ်းနုံးညံ့ တာ၊ ဖက်ဆွတ်မိုးဆိုတာ ဘယ်လောက်ကဗျာဆန်လိုက်သလဲ၊ မချင့်မရဲဖြစ်စရာလား''

ဆွတ်ကိုစိုက်ကြည့်နေသော သူ့မျက်လုံးများမှာ တကယ် ပဲ မချင့်မရဲဖြစ်လာသလို ရီဝေရွှန်းလဲ့လာလေလျှင် ဆွတ် မနေ





တတ်တော့ဘဲ ...

''တုန့်နိုင်းမရနော် ဘယ်လိုတွေဖြစ်နေတာလဲ ... ကျွန်မ မနေတတ်တော့ဘူး''

ဟု ဖြတ်အော်မိကာ ဆွတ်ကလည်း ပြန်ပြီး စကားလွှဲ မိပါတော့သည်။

''ဒါနဲ့ ရှင့်အိတ်ထဲမှာ စီဒီချပ်တွေ များလှချည်လား ... ဘာလုပ်မလို့လဲ''

''စတေ့ရှိုးခွေတွေလေ''

''ရှင် သီချင်းတွေကို ဝါသနာပါတယ်ပေါ့ ...ဟုတ် လား''

ဆွတ်မေးလိုက်လျှင် သူ့မျက်နှာပေါ်မှာ အရမ်းကို လေး နက်သော အသွင်အပြင်များ ပေါ်လာခဲ့ပြီး ...

''မြူးဇစ်ဟာ ကိုယ့်ရဲ့လိုက်ဖ်ပဲ''

ဟု အားမာန်အပြည့်ဖြင့် ပြန်ဖြေပါသည်။

''ကိုယ် ဂီတကို အရူးအမူး စွဲလမ်းတယ်''

သူက ထပ်ပြီး ဖြည့်စွက်ပြောပါသည်။

ဆွတ်သည် ဂီတကို ဘဝတစ်ခုအဖြစ် အရူးအမူးစွဲလမ်း တယ်ဆိုသော လူငယ်ကလေးကို အသေအချာ ကြည့်လိုက်မိ သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူဟာ နူးညံ့ပျော့ပျောင်းတာ။

အနုပညာကို စွဲလမ်းရူးသွပ်သူတွေဟာ စိတ်နုလုံး နူးညံ့တတ်သတဲ့။

ဆွတ် စာထဲဖတ်ဖူးပါရဲ့။

ပြီးတော့ သူဟာ အကင်းပါးပြီး သူမတူအောင် စိတ်ကူးဉာဏ် ကွန့်မြူးတတ်တာလည်း အနုပညာဗီဇခံလေးရှိလို့ ဖြစ်မှာပါပဲ။

"ကျွန်တော် အကြမ်းသွင်းထားတာရှိတယ်၊ နားထောင်ကြည့်မလား"

"ဘုရားရေ ... ရှင် သီချင်းဆိုတတ်တယ် ... ဟုတ်လား၊ အို ... ကျွန်မ နားထောင်မှာပေါ့"

ဆွတ်သည် တအံ့တဩဖြစ်ကာ သူ လှမ်းပေးသော ear phone လေးကို ခပ်မြန်မြန်ဆွဲယူကာ နားထဲအမြန်ကောက်ထည့်လိုက်မိပါသည်။

ဆွတ်ကြားလိုက်ရသော သူ့အသံမှာ အံ့ဩစရာကောင်းလောက်အောင်ကို ပြည့်ဝပါသည်။

သူ့သီချင်းမှာ Hip Hop အမျိုးအစားလည်းဖြစ်ပြီး ... ပရော်ဖက်ရှင်နယ်လ်အဆိုတော်တစ်ယောက်လို နားထောင်ကောင်းလှပါသည်။





စိုင်းစိုင်းခမ်းလှိုင်ရဲ့ ဖေဖော်ဝါရီမှတ်တမ်းလို သီချင်းမျိုးကို ရင်တစ်ခုလုံး နင့်နေအောင် ခံစားရတတ်သောဆွတ်သည် သူ့ရဲ့ပြင်းရှရှိဝေလှသော သီချင်းများထဲ၌လည်း လောကကြီးတစ်ခုလုံးကို မေ့အောင် နစ်မြောနေမိသည်။

အနည်းငယ်မျှသာ သွင်းထားသော သူ့သီချင်းများ ပြီးသွားခဲ့လျှင် ဆွတ်မှာ နားထောင်လို့ပင်မဝ။

"ပြီးသွားပြီ ... နားထောင်လို့တောင် မဝသေးဘူး"

"အခွေသွင်းပြီးသွားရင် . ဆွတ်ကို ပထမဆုံး လက်ဆောင်ပေးမယ်"

သူက ပြုံးပြုံးကလေး ပြန်ပြောပါသည်။

"အရမ်းကောင်းတာပဲ တုန်နိုင်းမရ၊ ကျွန်မဖြင့် ရှင်ဆိုထားတာလို့ မယုံနိုင်အောင်ပဲ၊ ရှင် သိပ်တော်တာပဲ၊ ဒီအခွေထွက်ရင် ရှင် အရမ်းအောင်မြင်မှာ သိလား ... ကျွန်မ ပြောတာမယုံမရှိနဲ့"

ပွင့်လင်းတတ်သော ဆွတ်မှာ စိတ်ထဲ အရှိအတိုင်း သူ့ကို တဲ့တိုးကြီး ချီးကျူးလိုက်မိပါသည်။

"တကယ်လား ... ကိုယ်ဖြင့် ကြိုတောင်မြှောက်ချင်နေပြီ၊ ကိုယ်က အလိုလိုနေရင်းကမှ အမြှောက်သိပ်ကြိုက်တဲ့ကောင်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ တကယ်ပြောတာ ... ဒီသီချင်းတွေအားလုံး ရှင်တစ်ယောက်တည်း ရေးထားတာလား"

"အင်း ... ကိုယ်ရေးတာတွေလည်း ပါတယ်၊ ကိုယ့်သူငယ်ချင်းတွေ ရေးထားတာလည်း ပါတာပေါ့၊ ဆွတ်က ဟာစ်ဟော့(ပ်) ကို ကြိုက်လား"

"ကြိုက်တယ်၊ ဆွတ် ... သီချင်းဆို အကုန်လုံးနီးပါး နားထောင်တာပဲ၊ ဒါပေမဲ့ ဟစ်ဟော့(ပ်) ကိုတော့ အကြိုက်ဆုံးပေါ့၊ လိုတရကကျတော့ လူငယ်ပေမယ့် ရော့ခ်မှကြိုက်တာ၊ သူက ရော့ခ်တောင် လုံးဝအပြင်းစား ... ဟဲဗီးရော့ခ်မှ"

ဆွတ်သည် သီချင်းအကြောင်းပြောရင်းမှ လိုတရကို မဆီမဆိုင် သတိရမိပြန်သည်။

"ဟုတ်လား ... သူ သီချင်းရော ဆိုတတ်လား"

"လေတောင်ချွန်တာ မကြားဖူးပါဘူး"

ဆွတ် ရယ်စရာလုပ်ပြောလိုက်ပေမယ့် သူ ပြုံးရုံသာ ပြုံးပါသည်။

သူ့အပြုံးက သိပ်အသက်မပါလှသလို ဆွတ်ထင်မိသည်။ ဆွတ် မျက်ခုံးများကုတ်ချီးကာ သူ့မျက်နှာကို အသေအချာစိုက်ကြည့်လိုက်မိသည်။

သူ လိုတရကို မနာလိုဖြစ်နေတာလား။





ဆွတ်စိတ်ထဲ ဟာစ်မျိုးကြီးဖြစ်သွားရသည်။

သူ ... ဆွတ်ကို လိုတရနှင့် အထင်မလွဲစေချင်။

"ကျွန်မသူငယ်ချင်းက အနုပညာနဲ့ ပတ်သက်ရင် အရမ်းဝေးတာ၊ ကိုယ်တိုင်ဖန်တီးတတ်ဖို့ကို ကျွန်မ့သူငယ်ချင်းက ..."

အဲ့ဒါ ဆွတ် သူသိအောင် တမင်ထည့်ပြောလိုက်တာ ဖြစ်ပါသည်။

လိုတရဟာ ဆွတ်ရဲ့သူငယ်ချင်းပဲ။

ထာဝရသူငယ်ချင်းပဲ။

ဒီထက် ဘာမှမပို။

သူ့မျက်နှာ နည်းနည်းပြန်လန်းလာကာ ...

"ဆွတ်က အပေါင်းအသင်း အတော်နည်းတယ်နော်"

"အင်း ... လိုတရက သူ့အပြင် တခြားသူတွေကို ခင်တာ မကြိုက်ဘူးလေ"

"ဆွတ်က သူ့စကား နားထောင်တာပေါ့ ... ဟုတ်လား"

"မိန်းကလေးသူငယ်ချင်းတစ်ယောက်၊ နှစ်ယောက်တော့ ရှိပါတယ်၊ လိုတရကတော့ အရင်းနှီးဆုံးပေါ့၊ သူက ငယ်ငယ်လေးကတည်းက ပေါင်းလာတာကိုး၊ ပြီးတော့ အိမ်နီးချင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဆွတ် သူ့ကို ဘာလို့ဖြေရှင်းနေမိသလဲ မသိ။

ပထမဆုံးအကြိမ်အဖြစ် ဆွတ် အရေးစိုက်ဖူးတဲ့သူဟာ တုန့်နှိုင်းမရဖြစ်ခဲ့ပြီ။

လိုတရအကြောင်းပြောမိတိုင်း မနာလိုရိပ်၊ မလိုတမာရိပ် ဖြတ်ပြေးတတ်သော တုန့်နှိုင်းမရကို အထင်မလွဲစေချင်သည့်ကြားကပင် ကျေနပ်တတ်မိသေးသော ကိုယ့်ကိုယ်ကိုယ် ဆွတ်နားမလည်နိုင်တော့။

ရီဝေရွှန်းလဲ့စွာကြည့်တတ်သော တုန့်နှိုင်းမရရဲ့မျက်ဝန်းတွေကိုလည်း ဆွတ် ဘာသာမပြန်တတ်ချင်။

သူဟာ အနုပညာသမားတစ်ယောက်ပီပီ လွှမ်းမိုးဖမ်းစားတတ်ပါသလားကွယ်။

အိုး ... ဆွတ်တော့ခက်ပြီ။

BURMESE CLASSIC .com

ဆွတ်တို့ ရင်းနှီးခဲ့ကြပြီး မကြာခင် အချိန်တိုအတောအတွင်းမှာပင် ...

ဆွတ်အတွက် ရင်ခုန်သံ အပြင်းထန်ရဆုံးအချိန်ကို





ရောက်လို့လာခဲ့ပါသည်။

အဲ့ဒီနေ့က အရင်နေ့တွေထက် သူ နည်းနည်းတော့မှုပျက်နေတာ ဆွတ် ရိပ်မိသည်။

သူ့ကြည့်ရတာ စိတ်လှုပ်ရှားနေပုံရသည်။

ဘောင်းဘီအိတ်ပွပွထဲ လက်ထိုးထည့်လိုက်၊ ဦးထုပ်ကို မကြာခဏ ပြုပြင်စောင်းလိုက်၊ ဖုန်းကို အကြောင်းမရှိအကြောင်းရှာ ကလိလိုက်နှင့် ...

ကြာတော့ ဆွတ် မနေနိုင်တော့။

“နှိုင်းမရ ... ဘယ်လိုဖြစ်နေတာလဲ၊ ဒီနေ့ ဂနာမငြိမ်ပါလား၊ ဆွတ် မျက်စိနောက်လာပြီ”

ဆွတ် မျက်မှောင်ကုတ်ရင်း သူ့ကို ဟောက်သလိုလိုဟန့်သလိုလို လုပ်လိုက်တော့ ‘အဟဲ’ ခနဲ သူရယ်ပြပါသည်။

“အဟဲ ... ဟိုလေ ဆွတ် နားထောင်ဦးမလား”

သူက ဝေ့ခ်မန်းကိုပြတော့ ဆွတ် နည်းနည်းစိတ်ဝင်စားသွားရပါသည်။

“ဘာလဲ နှိုင်းမရ ... အသစ်ထပ်သွင်းထားတာလား”

“ဟုတ်တယ် ... နားထောင်ပေးပါဦး”

“နားထောင်မှာပေါ့ ... ပေးလေ”

ဆွတ် ချက်ချင်းပဲ ear phone ကို နားမှာ ကောက်တပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသည်။

"ဆွတ် ... ဆွတ်ကို ကိုယ် အရမ်းချစ်တယ်၊ သိလား ... ကိုယ် ဆွတ်ကို ချစ်တယ် ... အရမ်း၊ ကိုယ် ဆွတ်ကို အရမ်းချစ်တယ်"

"ဘုရားရေ"

ဆွတ် တကယ်ပဲ ဘုရားတ,လိုက်မိပါတော့သည်။

သူဟာ ဆွတ်ကို ချစ်တယ်ဆိုတာကိုချည်း သီချင်းလို လုပ်ဆိုထားတာ ...

ထပ်ခါတလဲလဲဆိုနေပေမယ့် သူ့အသံက နူးညံ့ချိုရီလို့ နေလေသည်မှာ နှိုင်းယှဉ်ဖွဲ့စရာ မရှိ။

ဆွတ်သည် အရင်ဆုံး ထိတ်လန့်အံ့အားသင့်သွားခဲ့ရသော်လည်း တဖြည်းဖြည်းနှင့် သတိဝင်လာခဲ့ချိန်မှာ မျက်နှာတစ်ပြင်လုံး ထူပူအမ်းထုံလျက် ရှက်သည်းလို့နေမိသည်။

ear phone ကို ခပ်မြန်မြန်ပြန်ဆွဲချွတ်ရင်း ခေါင်းကိုငုံ့ကာ ခပ်တိုးတိုးပြောလိုက်မိသည်။

"ဘာမှန်းလည်း မသိဘူးကွာ ... နှိုင်းမရက"

"ဟို ... ကိုယ် မပြောရဲလို့"

သူ့အသံမှာလည်း တိုးဖွတိမ်အက်၍နေပါသည်။

သူလည်း ဆွတ်လိုပဲ အရမ်းကို ရင်ခုန်စိတ်လှုပ်ရှားလို့



BURMESE CLASSIC .com



နေတယ်ဆိုတာ သိသာပါသည်။

"ဆွတ် ... ကိုယ့်ကို စဉ်းစားပေးပါနော်"

သူက ဆက်ပြီး တောင်းဆိုနေသေးသည်။

သူ့ကို စဉ်းစားပေးပါတဲ့။

အိုး ... လောလောဆယ်တော့ ဆွတ် ဘာကိုမှ မစဉ်းစားနိုင်။ ဘာကိုမှ မသိ။

ဆွတ် အရမ်းကို ရင်ခုန်နေမိတာပဲ သိသည်။

ဆွတ်ရဲ့ ရင်ခုန်သံတွေက ပြင်းထန်ဆူညံလွန်းလှတာမို့ သူ ကြားသိသွားမှာကိုတောင် ဆွတ် စိုးမိပါရဲ့။

ဟော ... တဒိတ်ဒိတ်နဲ့ ...

သာယာလှသော ဂီတသံ ...

သူ့ရင်ခုန်သံကိုလည်း ဆွတ် ကြားလိုက်မိသလို ထင်မိပါရဲ့။

ဘယ်သူတစ်ယောက်ကိုမှ စိတ်မဝင်စားခဲ့ဖူးသော အရေးမစိုက်တတ်ခဲ့ဖူးသောဆွတ်က ခုတော့ ...

ဆွတ် သူ့ကို ချစ်နေမိပြီလား ...



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# တူနှိုင်းမရ၊ လိုတရနှင့် ဖက်ဆွတ်မိုး

## အခန်း (၆)

နှိုင်းမရ ဆုံတွေ့ခဲ့ရတဲ့ ကံကြမ္မာဟာ ဆွတ်ဘဝရဲ့ အပြောင်းအလဲတစ်ခု ဖြစ်ခဲ့ရတယ်ဆိုရင် ...

ဆွတ်ဘဝရဲ့ ကံဆိုးမိုးမှောင်အကျရဆုံး အချိန်ကတော့ လိုတရ နိုင်ငံခြားမှ ပြန်ရောက်လာခဲ့တဲ့ အချိန်ပဲ ဖြစ်ပါသည်။

ဘယ်လောက်တောင် ကံဆိုးတဲ့ တိုက်ဆိုင်မှုလဲကွယ်။

ဆွတ်ဟာ နှိုင်းမရကို အဖြေပေးတော့မယ့်ရက်မှာ လိုတရဟာ ကြိုတင်အကြောင်းကြားမထားဘဲ ရုတ်တရက်ကြီး ပြန်ရောက်လာတာ။

ဆွတ်က လိုတရကို တွေ့လိုက်ရတဲ့အချိန်မှာ မထင်မှတ်နိုင်လွန်းလို့ ...

"အား" ခနဲပင် ထ,အော်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟ ... ငါ့ကိုတွေ့တာ ဒီလောက်တောင် လန့်ရလား"

လိုတရက ဆွတ်ရဲ့ယေထိပ်ကို အရင်လိုပင် အုပ်မိုးကိုင်ကာ ရယ်ဟာဟာနှင့် နှုတ်ဆက်သည်။

"ဘုရားရေ ... နင် လိုတရအစစ်နော်"

ဆွတ် အံ့ဩတကြီး မယုံသင်္ကာပြောမိတော့ ...

"အေး ... ငါ လိုတရအစစ်ပဲ၊ အတုက ဩဖီးမှာ ကျန်ခဲ့တယ်"

"ငါ့ကို သရဲလာခြောက်တာတော့ မဟုတ်ပါဘူးနော်"

"ဟမ် ... ငါ အဲ့လောက်တောင် ရုပ်ဆိုးသွားပြီလား"

လိုတရ မျက်နှာရှုံ့မဲ့သွားသည်။

အဲဒီတော့မှ ဆွတ် သူ့ကို အသေအချာကြည့်မိတော့သည်။ လိုတရက အသားတွေပိုဖြူပြီး ပိုလည်းပြည့်လာကာ အရင်ကထက် ယောကျ်ားပိုပီသလာပြီး အရင်ကထက် ပိုပြီးလည်း ကြည့်ကောင်းလာတာ အမှန်ပဲ ဖြစ်သည်။

"နင် ... ဘယ်လိုဖြစ်ပြီး ရုတ်တရက်ပြန်ရောက်လာတာလဲ ... အကြောင်းမကြား ဘာမကြားနဲ့"

"နင် အခုလို အလန့်တကြား ဖြစ်သွားတာ မြင်ချင်လို့လေ"

သူ့ထုံးစံအတိုင်း မထီတရီပြောတတ်ဆဲ။ လိုတရက





ဆွတ်မျက်လုံးတွေထဲကို စိုက်ကြည့်ရင်း ...

"နင် ငါ့ဖုန်းကို ဘာလုပ်ပစ်လိုက်တာလဲ ဆွတ်၊ တစ်နှစ်လုံးလုံး ငါ နင့်ကို ဆက်သွယ်လို့မရခဲ့ဘူး။ ထားပါ ... ငါ့ဖုန်းကို နင် ဘာပဲ လုပ်ပစ်ခဲ့ပစ်ခဲ့ နဲဗားမိုင်းန် (Never Mind) ပါ၊ တီတီနဲ့ငါက အဆက်အသွယ်မှမပြတ်ခဲ့တာ၊ တီတို့ဆီ ဆက်စုံစမ်းပြီး ဒီတစ်နှစ်လုံး နင့်အကြောင်းတွေ ငါသိနေခဲ့ပြီးသားပါ"

လိုတရရဲ့စကားကြောင့် ဆွတ်စိတ်ထဲ ထင့်ခနဲ ဖြစ်သွားမိသော်လည်း ဆွတ်သည် လိုတရ ခုလို ရုတ်တရက်ကြီး ပြန်ရောက်လာသည်ကို ပျော်မိသည်ပင်။

"နင် ပိုချောလာတယ် ... သိလား လိုတရ"

လို့ပင် စိတ်လိုလက်ရ မပြောစဖူး ပြောလိုက်မိသည်။

"အံမယ် ... မြှောက်နေပြန်ပြီ၊ မြှောက်ပြီးရင် စားတော့မှာ ငါသိတယ်"

"ဘာဖြစ်တယ်၊ နင့်ကိုမြှောက်လို့ ငါကဘာစားရမှာလဲ"

ဆွတ် ရန်တွေ့လိုက်မိသည်။ လိုတရက သားရေသေတ္တာကို ဆတ်ခနဲ ဆွဲကာထောင်ပြလျက် ...

"ဒီမှာ နင့်အတွက်"

"ဟင်"

ဆွတ် မျက်လုံးလေး ဝိုင်းသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီသေတ္တာတစ်လုံး,လုံးက နင့်အတွက်ပဲ"

"ဘုရားရေ ... ငါ့အတွက် ... ဟုတ်လား"

"ဟုတ်တယ် ... နင်ဝတ်ဖို့ အဝတ်အစားတွေ"

ဆွတ် အံ့အားတသင့် မျက်လုံးလေးပိုင်းနေရဆဲ ... လိုတရက မြန်ဆန်စွာပင် သေတ္တာကို ဖျိုးခနဲဖျတ်ခနဲ ဖွင့်ပြသည်။

"ဘုရားရေ"

ဆွတ် ဒုတိယအကြိမ် ဘုရားတ,ကာ မျက်လုံးလေး ပိုင်း၍တင်မက ပါးစပ်ပါ အဟောင်းသားလေး ဖြစ်သွားရသည်။

သေတ္တာအပြည့် များပြားလှသော အဝတ်အစားများ။

"လိုတရ ... အဲ့ဒါ ငါ့တစ်ယောက်တည်းအတွက် ... ဟုတ်လား"

"ဒါပေါ့ ... ငါ့မှာ နင်တစ်ယောက်တည်းရှိတာ၊ နင်က လွဲပြီး ငါ ဝယ်ပေးစရာ ဘယ်သူရှိလို့လဲ"

နင်တစ်ယောက်တည်းရှိတာ ... တဲ့။

ဘာပဲဖြစ်ဖြစ် ရှားရှားပါးပါး လိုတရ ဒီလိုပြောဖော်ရ တော့ ဆွတ်သည် ရင်ထဲ ကြည်နူးကျေနပ်သွားရသည်။

"တော်ပါ့မလား ... နင်က ငါ့ကိုယ်တိုင်းမှ မသိဘဲနဲ့"

ဆွတ်က အပေါ်ယံ ခပ်ရှမ်းရှမ်းကြည့်ကာ စိုးရွံ့မိလျှင် လိုတရက ပိုင်နိုင်လှသည့်ပုံမျိုး 'ကျစ်'ခနဲ စုတ်သပ်ကာ မျက်လုံး





ဇာစ်ဖက်ပါ လှစ်ခနဲ မှိတ်ပြပြီး ...

"ဝတ်ကြည့်လိုက်"

ဟု အမိန့်ပေးလေသည်။

ဆွတ် မယုံရဲရဲဖြင့် အင်္ကျီတစ်ထည်ကို ကောက်ယူဝတ် ကြည့်လိုက်သည်။

"ဟယ် ... ဖစ်(တ်)ပဲ ကြည့်စမ်း၊ လိုတရ ... နင် အရမ်းတော်တာပဲ ... ငါ ထင်တောင်မထင်ဘူး၊ နင် ဘယ်လို မှန်းပြီး ဝယ်လာတာလဲ၊ ငါ့ကိုယ်တိုင်းလည်း မသိဘဲနဲ့"

ဆွတ် အံ့ဩဆဲ ... လိုတရက ဆွတ်မျက်နှာကို စိုက် ကြည့်ကာ ပိုင်နိုင်ဝင့်ကြွားစွာ ပြုံးလျက် ...

"ဆွတ်ရယ် ... နင်က သိပ်လှတဲ့မိန်းကလေးတစ် ယောက်ပဲဥစ္စာ၊ မိန်းမလှတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ အလှ စံနှုန်းတွေနဲ့ နင်က ပြည့်စုံနေတာပဲ၊ နင့်ကိုယ်တိုင်းကို ငါ မှန်းဆ လို့ရတာပေါ့"

လိုတရအပြောကြောင့် ဆွတ် ပခုံးတွန့်လိုက်မိပါသည်။

သူဝယ်လာခဲ့သော အဝတ်အစားများအားလုံးမှာ လှပ သလောက် ဒီမှာပင် မတွေ့ဖူးသော ဒီဇိုင်းဆန်းသစ်လှကာ အသားလေးများမှာလည်း ထိကိုင်၍မရလောက်အောင် အိစက် ညက်ညော၍နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ...

အားလုံးလိုလိုက ရှားပါးလှသော ခရမ်းပြာဖျော့ဖျော့လေးတွေချည်း။

"လိုတရ ... နင် သိပ်တော်တာပဲ၊ ငါ့အကြိုက်အရောင်လည်း နင်သိတယ်"

ဆွတ် ချီးကျူးမိပြန်သည်။

လိုတရကတော့ ဆွတ် အဓိပ္ပာယ်မဖော်တတ်သော အပြုံးမျိုး ပြုံးလိုက်ပြီး ...

"ဆွတ်ရယ် ... နင်နဲ့ငါ ခုမှတွေ့ကြတဲ့သူတွေမှ မဟုတ်တာ၊ ငယ်ငယ်လေးကတည်းက ပေါင်းခဲ့ကြတဲ့သူတွေပဲ၊ နင် ဘာအရောင်ကြိုက်သလဲဆိုတာ ငါမသိဘဲ နေပါ့မလား ...၊

မှတ်ထား ဆွတ် ... နင်နဲ့ပတ်သက်လို့ ငါ့မှာ မသိတာ ဘာမှမရှိဘူး၊ နင် ဘာကြိုက်တတ်လဲ, ဘာလိုချင်လဲ, ဘာဖြစ်ချင်လဲ ... ငါ့လောက် ဘယ်သူမှမသိနိုင်ဘူး ...၊

ငါက နင့်ကို အရိပ်တကြည့်ကြည့်နဲ့ နေခဲ့တာပါ ဆွတ်ရဲ့"

လိုတရရဲ့စကားများမှာ ဆွတ်သည် မှင်တက်တွေဝေသွားမိသည်။

အဲဒါ အမှန်ပဲဖြစ်သည်။





ငယ်စဉ်ကလေးဘဝကတည်းက လိုတရဟာ ဆွတ်ကို တကယ်ပဲ အရိပ်တကြည့်ကြည့်နေခဲ့တာ ...

မျက်စိအောက်က အပျောက်မခံတတ် ...

သူ့ ဆွတ်ကို သိပ်တွယ်တာတာပဲ ...

ဆွတ် ကံကောင်းသလား။

လိုတရလို ကိုယ့်အပေါ် အရိပ်တကြည့်ကြည့်နဲ့ တွယ်တာတတ်တဲ့ သူငယ်ချင်းမျိုးရှိတာ ဆွတ် ကံကောင်းသလား ...ဟု တွေးမိဆဲမှာပင်။

လိုတရ ပြောလိုက်သောစကားတစ်ခွန်းကြောင့် ဆွတ်ရဲ့ အတွေးများအားလုံး ပျောက်ပျက်သွားခဲ့ရပါသည်။

"ဆွတ် ... နင် အရင်အတိုင်းပဲလား"

"ဟင် ... ဘာကိုလဲ"

လိုတရရဲ့ အဓိပ္ပာယ်ကျယ်ဝန်းလှသော မေးခွန်းကြီးကြောင့် ဆွတ်မှာ အထိတ်တလန့် ဖြစ်သွားရသည်။

"ငါမရှိတဲ့အချိန်မှာ နင် ဘာတွေများ ပြောင်းလဲသွားခဲ့သလဲ ...လို့"

လိုတရ ဆွတ်ကိုကြည့်ပုံက အတော်ကလေး ထူးဆန်းနေပါသည်။

ဆွတ်မျက်ဝန်းတွေရဲ့ ဟိုးအတွင်းထဲကို စူးနေအောင်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပုံက ရွှန်းရွှန်းစားစားနိုင်လှပါသည်။

ဆွတ် ... သူ့အကြည့်တွေကို ရင်မဆိုင်ရဲပါ။

မျက်နှာကိုလွှဲလိုက်မိလျက် ...

"နင်ကလည်း ငါက ဘာပြောင်းလဲရမှာလဲ"

ဆွတ် အသံအက်အက်နှင့် ငြင်းလိုက်မိပါသည်။

ရင်ထဲကတော့ နှိုင်းမရကို ဒိတ်ခနဲ သတိရလိုက်မိပါသည်။

အိုး ... ဆွတ်ရဲ့နှလုံးသားအရေးအခင်းဟာ သူနဲ့ ဘာဆိုင်လို့လဲ။

သူ့ကိုညာလို့ ဆွတ်မှာ အပြစ်မရှိနိုင်။

"အေးပါ ... ပြောင်းလဲဖို့လည်း မစဉ်းစားပါနဲ့၊ စဉ်းစားခဲ့မိရင်လည်း ငါ့မှာထားတာ မမေ့နဲ့"

ဆွတ် ကျောထဲက စိမ့်ခနဲ။

လိုတရက ဆွတ်မျက်ဝန်းတွေကို စိုက်ကြည့်လျက်က

"နင့်ကို ငါဝယ်ထားတာနော် ဆွတ်၊ နင့်ကို ငါပိုင်တယ်၊ အဲ့ဒါ ဘယ်တော့မှ နင်မမေ့နဲ့"

ကြည့်စမ်း ...

ဒါဟာ ...

တစ်မြေစီ ခွဲခွာပြီး ပြန်ဆုံခဲ့ရတဲ့ ပထမဆုံးနေ့ရက်မှာ





အတွယ်တာဆုံးဆိုတဲ့ သူငယ်ချင်းကိုပြောတဲ့စကားလား။

သူနှင့်ပြန်ဆုံရသည်မို့ ချိုမြိန်စ ဆွတ်ရဲ့စိတ်နှလုံးက ပြန်ပြီး ခါးသီးခက်ထန်သွားရသည်။

လိုတရ ...

နင်ဟာ ငါ့အပေါ် ခုထိ မပြောင်းလဲသေးဘဲကိုး။

ဘယ်လောက် တိုးတက်ကြွယ်ဝတဲ့နိုင်ငံရပ်ခြားမှာ ပညာသွားသင်လည်း နင့်ရဲ့နိုင့်ထက်စီးနင်းနိုင်တဲ့ အတ္တစိတ်ကတော့ ပြောင်းလဲမသွားခဲ့သေးဘူးပဲ။

ဆွတ် ရင်ချိုင့်နှလုံးအိမ်တစ်ခုလုံး ခါးသီးခြင်းဖြင့် အေးစက်မာကျော၍နေသည်။

နင်ပြန်လာတာ ငါ့အတွက်တော့ ကံဆိုးမိုးမှောင်ကျမှုပဲ လိုတရ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

တကယ်ပဲ လိုတရရဲ့ ပြန်ရောက်လာမှုဟာ ဆွတ်အတွက်တော့ ကံဆိုးမိုးမှောင်ကျခြင်းပင်။

လိုတရဟာ ဆွတ်အတွက်တော့ ဂြိုဟ်ဆိုးပဲ ဖြစ်ပါသည်။

အတန်းဝမှာ နှိုင်းမရ လာရပ်စောင့်နေတာတွေ့လျှင် ဆွတ်ရင်ထဲ ထိတ်ခနဲဖြစ်သွား၏။

လိုတရနှင့် ရင်ဆိုင်တိုးမှာ ကြောက်မိသော်လည်း မတွေ့ရတာ အနည်းငယ်ကြာခဲ့ပြီမို့ ဆွတ် နှိုင်းမရကို လွမ်းဆွတ်သလိုလို ဖြစ်နေခဲ့သည်။

သူက အတန်းဝမှာ မှီရပ်ကာ လက်ပိုက်လျက်က ခေါင်းကို ငုံ့စောင်းကာ ငေးရီကြည့်လျှင် ဆွတ် အသည်းနှလုံးတွေ ပျော့ဆွေးသွားတော့သလို ခံစားရလေသည်။





ဆွတ်သည် စာထဲလည်း အာရုံမဝင်စားတော့။

အတန်းပြီးတာနှင့် မပြေးရုံတမယ် ခြေလှမ်းများနှင့် သူ့ဆီ သွားမိကာ ...

"နှိုင်းမရ ... ဆွတ်ဆီ လာတာလား"

ဆွတ်ရဲ့ အလောတကြီးမေးပုံကြောင့် သူ ကြောင်သွားရပါသည်။

"ဟောဗျာ ... ကိုယ်က ဆွတ်ဆီမလာလို့ ဘယ်သူ့ဆီ လာရမှာတုံး"

"ဘာကိစ္စရှိလို့လဲဟင်"

"ဟာ ... ကိစ္စရှိမှ လာတွေ့ရတော့မှာလား ဆွတ်ရယ်၊ ကိုယ် ဆွတ်ကို အရမ်းကိုတွေ့ချင်လို့"

နှိုင်းမရပြောပုံက နင့်နင့်သီးသီးနိုင်လှရာ ဆွတ် သက်ပြင်းရှိုက်လိုက်မိသည်။

"ကဲ ... ခုတွေ့ပြီပဲ၊ ကိစ္စမရှိရင် ပြန်တော့နော် နှိုင်းမရ"

ဆွတ်က သက်ပြင်းရှိုက်လျက် နှင်လိုက်မိသည်။

နှိုင်းမရမျက်နှာမှာ အုံ့ညှိုသော အရိပ်အယောင်များ ချက်ချင်းထ,တောက်ကာ ...

"ဟာ ... နှင်ရက်တယ် ဆွတ်ရယ်၊ တွေ့ချင်လွန်းလို့



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ရတဲ့သူကို ဆွတ်မို့ နှင်ရက်တယ်၊ ဆွတ်ကို တွေ့ချင်လွန်းလို့ ကိုယ် အရမ်းကို အလုပ်များနေတဲ့ကြားက လာခဲ့ရတာ၊ ကိုယ် ခု စင်္ကာပူဒီယိုကနေ လစ်ထွက်လာခဲ့တာ ဆွတ် သိရဲ့လား၊ ကိုယ် အရမ်းကို ရှုပ်ထွေးလှတဲ့အလုပ်ကို ထားခဲ့ပြီး ဆွတ်ဆီ လာခဲ့တာ၊ အလုပ်ထက် ဆွတ်ကို ဦးစားပေးမိတာ ဆွတ် သိရဲ့လား''

သူ နာနာကျင်ကျင်ပြောလျှင် ဆွတ်သည် ကိုယ့်ကိုယ်ကိုယ်ပင် ခါးသီးသွားမိသည်။

ငါ ... ဘာကိုကြောက်နေမိတာလဲ။

ဆွတ်သည် မျက်လုံးကိုမှိတ်ကာ အသက်ကို တဝကြီး ရှိုက်သွင်းလျက် ...

''ဆောရီးပဲ နှိုင်းမရရယ်''

လို့ တောင်းပန်လိုက်မိသည်။

နှိုင်းမရက ဆွတ်ကို အံ့သြသလိုကြည့်လျက် ...

''ဆွတ် ... ဘာတွေဖြစ်နေတာလဲဟင်၊ ဆွတ် တစ်ခုခု ဖြစ်နေတယ်''

''ဆွတ် ... အဲ့လိုဖြစ်နေသလားဟင်''

ဆွတ်သည် ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင်တော့ဘဲ သူ့ကိုပင် ပြန်မေးလိုက်မိတော့သည်။





''ဟုတ်တယ် ... ဖြစ်နေတယ်၊ ဆွတ်မျက်နှာကို ကိုယ် ကောင်းကောင်းဖတ်တတ်တာပေါ့၊ ဆွတ် ဘာဖြစ်နေလဲ၊ ကိုယ့်ကို ပြောပြစမ်းပါ၊ မသိရရင် ကိုယ်ရူးလိမ့်မယ် ဆွတ်ရဲ့''

သူ ဆွတ်အတွက် အရမ်းကို စိတ်လှုပ်ရှားနေတာ ပေါ်လွင်လှပါသည်။

''ဆွတ် ဘယ်ကဘယ်လို စ,ပြောရမလဲတောင် မသိတော့ပါဘူး နှိုင်းမရရယ်''

ဆွတ်သည် တွေတွေဝေဝေဖြင့် နွမ်းဖျော့စွာ ပြောမိသည်။

နှိုင်းမရရဲ့မျက်နှာပေါ်မှာ စိုးရိမ်ပူပန်ရိပ်တွေ ထိန်းမရအောင် ထင်ဟပ်လျက် ရှိသည်။

''ကိုယ်တို့ ဆိုင်တစ်ဆိုင်မှာ ကော်ဖီသောက်ရင်း အေးအေးဆေးဆေး စကားပြောရအောင်''

သူ အကြံပေးလျှင် ဆွတ်မှာ သူ့မျက်နှာကိုမော့ကြည့်မိလျက် ...

''လူစည်ကားတဲ့နေရာ မဖြစ်ဘူး နှိုင်းမရရဲ့''

ဆွတ် ပူပန်စွာ ပြောမိပြန်သည်။

သူ အနည်းငယ် စိတ်ရှုပ်ထွေး နောက်ကျိသွားသလို ဆံပင်တွေကို ဖွပစ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ... ကန်ပေါင်ဘက်သွားမယ် ... ဖြစ်လား"

ဆွတ် တစ်ချက်စဉ်းစားကာ ကန်ပေါင်ဘက်တော့ လိုတရနှင့် ဆုံနိုင်စရာလမ်းမရှိ ... ဟု တွေးမိကာ နှိုင်းမရကို ခေါင်းညိတ်ပြလိုက်မိသည်။

ထို့နောက် ...

နှိုင်းမရက ရှေ့မှမောင်းလျက် ဆွတ်က နှိုင်းမရရဲ့ကားနောက်က မေးမောင်းရင်း ထွက်ခဲ့ကြပါသည်။

"သူ ပြန်ရောက်လာပြီ"

ဆွတ် စားပွဲမျက်နှာပြင်ကိုသာ အမိပ္ပာယ်မဲ့ ငေးစိုက်ကြည့်လျက် ခပ်တိုးတိုး ပြောလိုက်မိသည်။

နှိုင်းမရ မျက်မှောင်ကြုတ်လိုက်မိသည်။

"ဘယ်သူလဲ ဆွတ်"

"လိုတရ ... လေ"

ဆွတ် ခပ်အက်အက် ပြန်ဖြေလိုက်မိသည်။

"လိုတရ"





နှိုင်းမရ ကုပ်ချိုးထားသော မျက်ခုံးတွေကို မဖြေသေးဘဲ လိုတရနာမည်ကို တစ်လုံးချင်းရွတ်လိုက်ပြီး ...

"လိုတရ ပြန်ရောက်တာနဲ့ ဆွတ်က ဘာလို့ ဒီလောက်တောင် သွေးပျက်ရတာလဲ၊ သူက ဘာမို့လဲ ဆွတ် ... သူက ဆွတ်ကို ချုပ်ခြယ်ထားသလား ...၊

သူက ဆွတ်ကို ဘောင်ခတ်ထားသလား၊ သူ ပြန်ရောက်လာတာနဲ့ ကိုယ်နဲ့ဆွတ်နဲ့ တွေ့ခွင့်မရှိတော့ဘူးလား"

"သူက ဆွတ်ကို ဘယ်သူနဲ့မှ ရင်းနှီးတာမကြိုက်ဘူး၊ သူ့အပြင် တခြား ဘယ်သူ့ကိုမှ မပေါင်းသင်းစေချင်ဘူး၊ ငယ်ငယ်ကတည်းက ဆွတ်မှာ အပေါင်းအသင်းသူငယ်ချင်းဆိုလို့ သူ တစ်ယောက်တည်းရှိတာ နှိုင်းမရရဲ့"

ဆွတ်သည် နှိုင်းမရကို ယုံကြည်ကိုးစားစွာ လိုတရနှင့်ပတ်သက်၍ ခါးသီးခဲ့သမျှ ရင်ဖွင့်နေမိသည်။

တစ်သက်လုံးက လည်ပင်းဖက်ပေါင်းသင်းခဲ့သော လိုတရထက် နှိုင်းမရဟာ ဘာလို့ ဆွတ်ကို စိတ်နှလုံးထဲ နီးကပ်နေရတာလဲ။

ဆွတ်ရဲ့စိတ်တွေ ဖမ်းဆုပ်မရနိုင်အောင် လွင့်ပြေး၍နေတော့သည်။

"ဆွတ်က အဲ့ဒီလူကို ကျွတ်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



နှိုင်းမရက လွင့်ပြေးနေမိသော ဆွတ်ရဲ့စိတ်တွေကို ပြန်ဆွဲခေါ်လျက် လေးနက်စွာမေးပါသည်။

"ဟင့်အင်း ... ဆွတ် သူ့ကို အရမ်းမုန်းတယ်"

ဆွတ်ဆီမှ အဖြေစကားကြားရလျှင် နှိုင်းမရရဲ့မျက်ဝန်းတွေ ဖျတ်ခနဲ တောက်ပသွားသည်။

"ပြီးတာပဲ ဆွတ်ရဲ့ ... ဆွတ် သူ့ကိုမုန်းမှတော့ ဘာဂရုစိုက်စရာလိုသေးလဲ၊ ဒုန့်ခဲ (don't care) ပစ်ထားလိုက်စမ်းပါ"

နှိုင်းမရရဲ့အသံမှာ အင်အားပါလှသည်။

ဆွတ်သည် တွေဝေစွာ နှိုင်းမရကို ငေးကြည့်မိသည်။

"ဆွတ် ... သူ့ကိုမုန်းမှတော့ ဆွတ်နဲ့ကိုယ်နဲ့ ပေါင်းပြီး သူ့ကို တိုက်ခိုက်မှာပေါ့၊ ဒီမှာ ဆွတ် ..."

သူက ဆွတ်မျက်နှာရှေ့ ပိုမိုနီးကပ်အောင် တိုးလာကာ သူ့မျက်နှာကို အသေအချာကြည့်စေလျက် ...

"ဆွတ် ... ကိုယ် အရမ်းအရေးကြီးတဲ့မေးခွန်းတစ်ခု မေးမယ်"

ဆွတ် သူ့မျက်နှာကို အရေးတကြီး ကြည့်လိုက်မိပါသည်။

"ဆွတ် ကိုယ့်ကိုချစ်လား"





သူက မေးလေပြီ။

ဆွတ် ရုတ်တရက် ဘာပြန်ဖြေရမလဲမသိ။

"ကိုယ်တို့အတွက် အရမ်းအရေးကြီးတဲ့အချိန် ရောက်နေပြီလေ ဆွတ်ရဲ့၊ မြန်မြန်ဖြေပါ ... ဆွတ် ကိုယ့်ကိုချစ်လား။ ဆွတ် ... ဆွတ် ကိုယ့်ကိုချစ်တယ် မဟုတ်လားဟင် ... ဟင် ဆွတ်"

နှိုင်းမရက အသည်းအသန်မေးလေပြီ။

ဆွတ်သည် သူ့မျက်နှာကို တွေဝေစွာငေးရီကြည့်မိလျက်။

"ဆွတ် ... နှိုင်းမရ ... ကို"

ဆွတ် မျက်လုံးတွေကိုမှိတ်ကာ အသက်ရှူလိုက်မိပါသည်။

"မချစ်ဘူး"

ကျောဘက်မှ ရုတ်တရက် ထွက်လာသောအသံကြောင့် ဆွတ်တို့နှစ်ယောက်လုံး လန့်သွားရပါသည်။

ဆွတ်မျက်လုံးတွေကို ကပျာကယာဖွင့်ကာ လှည့်ကြည့်လိုက်မိသည်။

ဆွတ်မျက်လုံးများထဲ ပြာဝေကာ တစ်ကိုယ်လုံး ချွင်ချင်းပင် အေးစက်သွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မချစ်ရဘူး ... ချစ်လို့လည်း မရဘူး"

ဆွတ်တို့နှစ်ယောက်ကို မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် စူးစူးရဲရဲကြီး စိုက်ကြည့်နေသော လိုတရ။

ဆွတ်မှာ သွေးပျက်ချောက်ချား၍နေမိဆဲ။

နှိုင်းမရကတော့ လိုတရကို အရူးတစ်ယောက်လို သဘောထားလျက် ပြန်ရင်ဆိုင်ကြည့်လျက် ...

"ဘာဖြစ်လို့လဲဆိုတော့ ဆွတ်ဟာ ငါဝယ်ထားတဲ့မိန်းကလေးတစ်ယောက်ဖြစ်နေလို့ပဲ၊ ဆွတ်ကို ငါပိုင်တယ်"

သွားပြီ ...။

လိုတရ အပေါ်စီးမှ ပိုင်စိုးပိုင်နင်း ပြောနေခဲ့စဉ် ...

နှိုင်းမရဆီမှ ဘာအသံမှ မထွက်နိုင်တော့လောက်အောင် အံ့သြမှင်တက်စွာ ကြောင်အသွားခဲ့လေသည်။

ဆွတ် ...

ဆွတ်ကတော့ ...

ချက်ချင်းပင် လေလို အငွေ့ပျံပစ်လိုက်ကာ သူတို့နှစ်ယောက်ရှေ့မှ ပျောက်ကွယ်လိုက်ချင်တော့သည်။





"လိုတရ ... နင် မိုက်ရိုင်းလှချည်လား ဟင်၊ ငါ့ကို သူစိမ်းယောကျ်ားတစ်ယောက်ရှေ့ ရက်ရက်စက်စက် အရှက်ခွဲလိုက်တာပေါ့ ... ဟုတ်လား"

နှိုင်းမရရှေ့မှာ မျိုသိပ်ခဲ့ရသလောက် လိုတရနှင့်နှစ်ယောက်တည်းရှိသောအခါ ဆွတ်သည် 'အော်ဟစ်ပေါက်ကွဲမိတော့သည်။

လိုတရကို လက်သြိုးငေါက်ငေါက်ထိုးကာ တစ်သက်လုံးက ခါးသီးခဲ့ရသမျှ ခံစားခဲ့ရသမျှကို ပေါက်ကွဲနေမိတော့သည်။

"ဘာ ... ငါက မိုက်ရိုင်းတယ် ... ဟုတ်လား၊ အေး ... ငါက မိုက်ရိုင်းတယ်ဆိုရင် နင်က ကလိမ်ကကျစ်ပဲ၊ ငါမေးတော့ နင် ဘာမှမပြောင်းလဲပါဘူးဆို၊ ခုတော့ ... ဟင် ... ဟိုကောင်နဲ့"

လိုတရကလည်း လက်များကို လေထဲဝှေ့ယမ်းကာ ဒေါသတကြီး ပြန်အော်ဟစ်သည်။

လိုတရရဲ့လက်များမှာ ဆွတ်ရဲ့မျက်နှာရှေ့ ဝဲနေကြသည်။

"ငါသွားတာ တစ်နှစ်တည်းပါ ဆွတ်ရဲ့၊ ခြောက်နှစ် မဟုတ်ပါဘူး၊ ဒီတစ်နှစ်လေးအတွင်းမှာ နင် တခြားကောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကောင်နဲ့ တွဲလိုက်တာ ငါ အရမ်းအံ့သြတယ်၊ နင် ငါ့အပေါ် ဖောက်ပြန်တာပဲ ဆွတ်ရဲ့ ... သိရဲ့လား''

လိုတရရဲ့လေသံမှာ ဒေါသတကြီးနိုင်ရာမှ ကြိတ်မနိုင်ခဲမရ ပြောင်းလဲလာသည်။

သူ လက်သီးများကို တင်းတင်းဆုပ်ထားတာ ဆွတ်တွေ့နေရသည်။

''ဘာ ...ငါက နင့်ကို ဖောက်ပြန်တယ် ...ဟုတ်လား၊ နင် ရူးနေလားဟင် လိုတရ၊ နင်နဲ့ငါက ဘာပတ်သက်နေလို့ နင်က ငါ့ကို ဖောက်ပြန်တယ်ဆိုတဲ့စကားလုံး သုံးရတာလဲ''

လိုတရက ဆွတ်မျက်နှာကို အေးခဲစွာကြည့်ပြီး တစ်လုံးချင်း ပြန်ပြောသည်။

သူပြောလိုက်သောစကားမှာ ဆွတ်တစ်ကိုယ်လုံးကို စုပ်ယူဝါးမျိုပစ်လိုက်သလို ခံစားရစေပါသည်။

''နင်မသိဘူးလား ဆွတ် ...နင်နဲ့ငါ လူကြီးတွေ သဘောတူထားကြတာ''

''ဘာ''

ဆွတ်တစ်ကိုယ်လုံး အေးခဲသွားလျက် သွေးပျက်ချောက်ချားစွာ အော်လိုက်မိသည်။

''ငယ်ငယ်လေးကတည်းက နင်နဲ့ငါ့ကို လက်ထပ်ပေး





မယ်လို့ လူကြီးတွေ သဘောတူထားတာ၊ ငါပြောတာ မယုံရင် နင့်မိဘတွေကို ပြန်မေးကြည့်နိုင်တယ်''

လိုတရက ပိုင်နိုင်စွာပြောသည်။

ဆွတ်သည် မျက်နှာကို လက်ဝါးနှစ်ဖက်ထဲ နှစ်ကာ နံရံမှာ ကျောကပ်မှီလိုက်မိသည်။

သွားပြီ ...

ဆွတ် ဘာလုပ်ရတော့မှာလဲ။

ဆွတ်ဟာ ဘယ်လောက်ကံဆိုးလိုက်တဲ့မိန်းကလေးလဲ။

ဆွတ် ဆောက်တည်ရာမရသာ ထွက်ပြေးသွားလိုက်ချင်တော့သည်။

ဆွတ်ရဲ့အေးစက်သော ခန္ဓာကိုယ်လေး နံရံဆီမှ လျောတိုက်ကျကာ ကြမ်းပြင်မှာ ပုံလျက်သား လဲကျပျော့ထွေသွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

“**မေမေ** ပါ သားရဲ့ ... ဘယ့်နှယ် ဒီလောက်တောင် လောနေရတာလဲ”

“အာ ... လောတာမဟုတ်ပါဘူး တီတီရယ်”

“ဒါဆို လောတာမဟုတ်ရင် ဘာလဲ”

“အင်း ... အဲ”

“အဟင်းဟင်း ... ငါ့သားလေးကတော့လေ”

“လောတာတော့ မဟုတ်ပါဘူး တီတီရယ်၊ လောလည်း မလောချင်ပါဘူး၊ ဒါပေမဲ့ တီတီ သိပါတယ် ... အခြေအနေက မလောလို့မှ မဖြစ်တော့တာ”

“အေး ... ဟုတ်ပါတယ်လေ”

စာကြည့်ခန်းဆီမှ မေမေနှင့်လိုတရ တိုးတိုး,တိုးတိုး





ပြောနေကြသော စကားသံများကြောင့် ဆွတ် ရှေ့ဆက်မသွားဘဲ နံရံအကွယ်၌ရပ်ကာ နားထောင်နေမိသည်။

ဘာအကြောင်းတွေ ပြောနေကြတာပါလိမ့်။

လိုတရဟာ ငယ်ငယ်ကတည်းက မေမေ့ရဲ့အသည်းကျော်ပင်။

သားယောကျ်ားလေး လိုချင်ခဲ့သော မေမေက လိုတရကို သားဆိုတာ နှုတ်ဖျားမှ မချစတမ်း။

လိုတရက ဆွတ်ကို အမြဲလိုအနိုင်ယူတတ်တာကိုလည်း သိရဲ့နဲ့ပင် မေမေတို့က ခွင့်လွှတ်နိုင်ခဲ့သည်။

မေမေ အမြဲတဖွဖွ ပြောတတ်သည်က ...

ငါ့သမီးလေး သိပ်ကံကောင်းတာပဲ။

လိုတရက ငါ့သမီးလေးကို အံ့ရိပ်လိုတကြည့်ကြည့်နဲ့ သိပ်ဂရုစိုက်တာ။

သမီးလေးလိုချင်တာဆို တို့ထက်တောင် သိနေပြီ ... လိုလေသေးမရှိဘဲ။

လိုတရလို အိမ်နီးချင်းသူငယ်ချင်းရတာ သမီးလေးအတွက် သမီးလေးအတွက် lucky draw ပဲ။

လိုတရသာ ဘေးမှာရှိရင် ဘာမှပူစရာမလိုဘူး။ အစစအရာရာ စိတ်ချလို့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့သလိုပြောပြီး လိုတရ ဆွတ်ကို အနိုင်ကျင့်သမျှ ပိုင်စိုးကျောစီးစွာဆက်ဆံသမျှကို မေမေတို့က ချေပစ်နိုင်ခဲ့သည်။

ဆွတ်သည် မေမေနှင့်လိုတရတို့စကားကို ချောင်းပြီး ခိုးနားထောင်နေရာမှ အတွေးတို့က လွင့်ထွက်သွားရတာမို့။

ပြန်ဖမ်းဆုပ်ကာ အာရုံတို့ကို မေမေတို့ရဲ့စကားသံဆီ ပြန်ပို့လွှတ်လိုက်ရသည်။

ဆွတ်ရင်ထဲ လိုတရ မေမေ့ကို ဘာတွေကပ်ပြီး ပူဆာနေသလဲဆိုတာ သိချင်စိတ်ကဲနေမိသည်။

လိုတရက လိုချင်တာရှိလျှင် မေမေ့ကို တိုးတိုး,တိုးတိုးနှင့် ကပ်ချွဲတတ်သည်။

ခုလည်း ... စာကြည့်ခန်းထဲမှာ ကျိတ်ပြီးပြောနေတာမို့ တစ်ခုခုကို ကပ်ချွဲပြီး ပူဆာနေတာပဲဖြစ်မှာ သေချာသည်။

"တီတီရယ် ... သား တစ်နှစ်လေး သွားနေတဲ့အချိန် အတွင်းမှာ ဒီလိုတွေဖြစ်သွားရတယ်ဆိုတော့ သား ဘယ်လိုလုပ် ဆွတ်ကို စိတ်ချလို့ရတော့မှာလဲ"

ဘုရားရေ ... ဆွတ်နာမည်ပါလာခဲ့ပြီမို့ ဆွတ် ဒိန်းခနဲ ရင်ထဲဆောင့်ခုန်သွားရတော့သည်။

လက်စသတ်တော့ လိုတရ မေမေ့ကို ကျိတ်ပြီး ကပ်ပူဆာနေသည့်ကိစ္စက ...





"ဟုတ်ပါတယ် သားရယ်၊ တီတီ သူ့ကို ယုံကြည်မိတာပါ၊ တီတီရဲ့ပေါ့ဆမှုလည်း ပါ,ပါတယ်၊ သားကို တီတီ အရမ်းအားနာပါတယ်၊ အမှန်အတိုင်းပြောရရင် သမီးရဲ့လုပ်ရပ်ကြောင့် သားကို အန်တီ မျက်နှာပူမိပါတယ်"

အံမယ်လေး လေး ... မေမေတို့ပြောပုံက ...

ဆွတ်က ဘာတွေများ ဖြစ်နေလို့လဲ ...

ဘာတွေများ လုပ်မိနေလို့လဲ။

"ရပါတယ် တီတီရယ် ... အားနာစကား ပြောရမယ့်သူတွေမှ မဟုတ်ဘဲ၊ သားပြောတဲ့အစီအစဉ်လေးကိုသာ အမြန်ဆုံး အကောင်အထည်ဖော်နိုင်ဖို့အောင် ..."

"အိုး ... စိတ်ချ ... သားဆန္ဒအတိုင်း ဖြစ်စေရမယ်၊ တီတီ တာဝန်ယူတယ်"

"တကယ်နော် တီတီ ... ဒါဆို သား အားလုံးစီစဉ်တော့မယ်နော်၊ ဟိုတယ်လ်ဒိတ်ရော, ဖိတ်စာကိစ္စ, ဝတ်စုံကိစ္စ, တီးဝိုင်းတို့အားလုံး သား တစ်ခါတည်း စီစဉ်လိုက်တော့မယ်"

"အံမယ်လေး ငါ့သားရယ် ... သားပြောတာ ကြားရတာနဲ့တင် တီတီဖြင့် မောနေပြီ၊ သားတစ်ယောက်တည်း အားလုံးစီစဉ်ရရင် ပင်ပန်းနေမှာပေါ့၊ တီတီလည်း ဝိုင်းလုပ်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် တီတီ ... သားက အားလုံး arrange လုပ်ပြီးသား၊ တီတို့ဆီက ခွင့်ပြုချက်ကို စောင့်နေတာ၊ ခု တီတီ ခွင့်ပြုလိုက်ပြီဆိုတာနဲ့ သားက အစီအစဉ်အတိုင်း စ,အကောင် အထည်ဖော်လို့ရပြီ"

"အံမယ်လေး ... တော်လိုက်တာ၊ သားက အရည် အချင်း တကယ်ရှိတဲ့ လူငယ်တစ်ယောက်ပါ၊ အဲ့ဒါကြောင့် ဆွတ် ကို သားလက်ထဲထည့်ရမှာ တီတီကစိတ်ချတာ၊ သားကို သား အရင်းတစ်ယောက်လို တီတီက အားကိုးချင်နေတာ၊ ဆွတ်က တော့ တကယ်ကံကောင်းတာပဲ"

မေမေက သူ့ကို မမောစတမ်း ချီးကျူးလို့နေဆဲ။

ဆွတ်ကတော့ အရာအားလုံးကို သိခွင့်ရလိုက်ပြီမို့ ရင် ထဲနာကျင်နေမိသည်။

အသွေး၊ အသား၊ အသက်၊ နှလုံးသား၊ ရင်ခုန်သံတွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ လူတစ်ယောက်ရဲ့ဘဝကို ဒီလို လက်ပြောင်းလက်လွှဲလုပ်လို့ ရစတမ်းလား။

ဆွတ်သည် နှုတ်ခမ်းကို ပြတ်ထွက်လုမတတ် ကိုက်မိ လျက် ရင်ထဲတင်းကျပ်နေအောင် ခါးသီးနာကျင်နေမိသည်။





"ဆောရီးပဲ လိုတရ ... နင့်အစီအစဉ်ကို ငါ လုံးဝ သဘောမတူနိုင်ဘူး"

"ဘာ"

ဆွတ် မဲ့စပ်စပ်ပြုံးလျက် ငြင်းလိုက်သည်။

လိုတရ အံ့ဩမယုံမှတ်သလို အကျယ်ကြီး ထ,အော် သည်။

"ဆွတ် ... ဆွတ် ... နင်က ငါနဲ့လက်ထပ်ဖို့ကို ငြင်း တယ်ဟုတ်လား ... ဟင် ... ဆွတ်"

လိုတရ လေသံမှာ အံ့ဩတကြီး။

ပြီးတော့ လုံးဝ မထင်မှတ်နိုင်စွာ၊ မယုံကြည်နိုင်စွာ လှိုက်ခါ၍နေသည်။

ဆွတ်က နှုတ်ခမ်းကို မဲ့လျက်ပြုံးရင်း လိုတရကို ထိ မထင် စိုက်ကြည့်လျက် ...

"လိုတရ ... နင်သိထားဖို့က ငါ စက်ရုပ်တစ်ရုပ် မဟုတ်ဘူး"

ဆွတ် အေးစက်စွာ ပြောလိုက်သည်။

လိုတရရဲ့မျက်လုံးတွေ အတော့်ကို အံ့အားသင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆွတ် သူ့ကို တစ်ခါမှ ဒီလိုမပြောဖူးဘူး မဟုတ်လား။

ဘယ်တော့မှ ခုလိုပြန်မပြောရဲ ... လို့ သူ ယုံကြည်ထားပုံရသည်။

ဆွတ်ကို အကြာကြီး စိုက်ကြည့်နေခဲ့ပြီးမှ ...

''ဩော်''

ခနဲ ခနဲ့တဲ့တဲ့ ရေရွတ်လိုက်ကာ ...

''နင်ပြောတာ ငါ ဂရုမစိုက်ဘူး ဆွတ်၊ ငါ တီတီ့ဆီက ခွင့်ပြုချက်ရထားပြီးပြီ၊ ဒါပဲ ပြီးပြီ''

''လိုတရ ... နင် ... နင် ... တောက်''

လိုတရပြောပုံက ကိုယ့်ကို တစ်စက်ကလေးမှ အရေးမထားတဲ့ပုံစံမျိုးမို့ ဆွတ် နာနာကြည်းကြည်းဖြင့် 'တောက်' ခေါက်လိုက်မိတော့သည်။

ဆွတ်မှာ နီရဲကြွပ်ထနေသော မျက်ဝန်းများဖြင့် စိုက်ကြည့်ကာ လက်ညှိုးငေါက်ငေါက်ထိုးလျက်သာနေမိသော်လည်း သူ့ကို ဘာတစ်ခွန်းမှ ပြန်မပြောနိုင်။

ပြောစရာစကားလုံးလည်း ရှာမတွေ့။

ပြန်ပြောနိုင်သည့် အနေအထားကလည်း ကိုယ့်ဘက်မှာ မရှိတော့သည့်အတွက် နာကြည်းခြင်းသာ စိုးမိုးလျက် မချင့်မရဲ ဖြစ်နေမိဆဲ။





''ဆွတ် ... နင် ဘယ်တော့မှမမေ့နဲ့ ... နင့်ကို ငါဝယ်ထားတာ၊ နင့်ကို ငါပိုင်တယ်၊ နင့်ကို ငါကလွဲလို့ ဘယ်သူမှ မပိုင်ဘူး၊ ပိုင်ဆိုင်ခွင့်လည်း မရှိစေရဘူး ... မှတ်ထား''

လိုတရကလည်း ဆွတ်ရဲ့နားထင်ကို လက်ညှိုးဖြင့် ပြန်ထိုးလျက် အေးခဲစွာ ပြောလေသည်။

ဆွတ်အမုန်းဆုံးစကားကို လိုတရနှုတ်ဖျားမှာ ကြားရပြန်ချေပြီ။

ဆွတ်သည် ခါးသီးစွာဖြင့် မျက်လုံးစုံမှိတ်ကာ အော်ပစ်လိုက်သည်။

''မသိဘူး၊ နင့်ကို ငါ လုံးဝလက်မထပ်ဘူး၊ နင့်ရဲ့တစ်ဖက်သတ်အစီအစဉ်တွေကို ငါလုံးဝသဘောမတူဘူး၊ ကန့်ကွက်တယ် ... သိရဲ့လား''

ဆွတ်အော်တာခံလိုက်ရလျှင် လိုတရရဲ့မျက်နှာတစ်ပြင်လုံး သွေးကြောများ ပေါက်ကွဲထွက်တော့မတတ် နီရဲတုန်လှုပ်လာလေကာ ...

''နင် ... ငါ့ကိုမအော်နဲ့ ဆွတ်''

ဆွတ်ကိုသာ မအော်ဖို့ ပြောသော်လည်း သူကတော့ ဆွတ်ကို အထက်စီးမှ အော်ရက်သူဖြစ်သည်။

ဆွတ်သည် ဒီတစ်ခါတော့ သူ နိုင်ထက်စီးနင်း ဆက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



တာကို ငုံမခံနိုင်တော့ဘဲ။

"အော်မယ် … အော်တယ် … ဘာဖြစ်လဲ၊ နင် ဘာလုပ်ချင်သလဲ"

ဟုပင် အသံကုန် ထုပ်အော်မိကာ ရန်စ စိန်ခေါ်လိုက်သည်။

သူကလည်း ဆွတ်ကို ခါးနှစ်ဖက်တင်းတင်းထောက်ကာ မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် ပြန်ကြည့်နေခဲ့ပြီး…

"အော်လေ … အော် … နင်ရှုံးလို့ အော်တာပဲ၊ အော်ပေါ့၊ ဘာပဲဖြစ်ဖြစ် … နင် ငါ့ကို လက်ထပ်ရမှာပဲ၊ ကြိုက်သလောက်အော်"

"သေလိုက် … ငါ နင့်ကို ဘယ်တော့မှ လက်မထပ်ဘူး လိုတရ၊ အရှုံး … နင်သာ အရှုံး၊ အတ္တရှုံး၊ အတ္တတွေနဲ့ ကိုယ့်ကိုယ်ကိုယ် ရှုံးလို့ရှုံးမှန်းမသိတဲ့ အရှုံး"

သူနှင့်ဆွတ်သည် တစ်ယောက်ကိုတစ်ယောက် အနိုင်မခံ အရှုံးမပေးစတမ်း အော်ဟစ်နေမိကြသည်။

အော်ရလွန်းသဖြင့် လည်ချောင်းများပင် မခံမရပ်နိုင်အောင် နာလာသည်။

အသံများလည်း အက်ဝင်လာခဲ့သည်။





လိုတရသည်လည်း မျက်နှာတစ်ပြင်လုံး ရဲရဲနီနေပြီ။

"မှန်တယ် … အဲ့ဒီအတ္တတွေနဲ့ နင့်ကို သိမ်းပိုက်ဦးမှာ မှတ်ထား"

နောက်ဆုံးမှာ လိုတရသည် ဆွတ်ရဲ့နဖူးတည့်တည့်ကို လက်ညှိုးထိုးလျက် တစ်ခွန်းတည်းသောစကားဖြင့် အနိုင်ပိုင်းကာ ဆွတ်ရှေ့မှ ချာခနဲပင် ခြေလှမ်းကျဲကြီးများဖြင့် လှည့်ထွက်သွားလေတော့သည်။

"လိုတရ … အရှုံး … အရှုံး … နင် အရှုံး"

ဆွတ်မှာသာ မချင့်မရဲ ကြိတ်မနိုင် ခဲမရဖြင့် သူ့ကို အရှုံးဟုသာ ထပ်ခါတလဲလဲ ကျိန်ဆဲမိလျက် ကျန်ရစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ဆွတ်သည် ခေါင်းကိုငုံ့ကာ မျက်နှာကို ဆံပင်များဖြင့် ကွယ်လိုက်သော်လည်း မျက်ရည်စက်များက စားပွဲခုံပေါ် ပေါက်ခနဲ ပေါက်ခနဲ ကျလေသည်။

ဆွတ်သည် သူစိမ်းယောကျ်ားတစ်ယောက်ရှေ့ မျက်ရည်မကျချင်။

သို့သော် မတတ်နိုင်ပြီ။

“ဟာ ... ဆွတ် ... ဆွတ်”

သူက အလန့်တကြားပင် ချက်ချင်း ဆွတ်နံဘေးကို ပြောင်းထိုင်လာခဲ့လေသည်။

“ဆွတ် ... မျက်ရည်ကျနေတယ် ... ဟုတ်လား၊ ဟာ ... ဆွတ်ရယ်”





သူ့အသံမှာ မချိတင်ကဲ။

ပျာပျာသလဲပင် ဆွတ်ဆံပင်များကို နားရွက်နောက်သိမ်းလိုက်ပြီး မျက်ရည်စများကို လက်ညှိုးကွေးဖြင့် တို့သုတ်ပေးလေတော့သည်။

ဆွတ်သည် သူ့ရှေ့မျက်ရည်ကျရသောအဖြစ်ကို အမှန်တကယ်ပင် ရှက်သည်းမိသော်လည်း ...

သူက ခုလို မျက်ရည်သုတ်ပေးတော့လည်း ရင်ထဲ ပိုဝမ်းနည်းလို့လာသည်။

မျက်ရည်ဆိုတာ သုတ်ပေးတဲ့လူရှိရင် ပိုပြီးဝမ်းနည်းရင်နင့်လိုက်ဖို့စွာ ကျကောင်းသော အရာများပဲလား။

“ဆွတ် အရမ်းကိုခံစားနေရသလား ... ဟင်၊ ဆွတ်ပြောပြပါ၊ ကိုယ့်ကို ရင်ဖွင့်ပါ ... ဆွတ်ရဲ့ ဆွတ်ရင်ထဲ ဘာတွေတင်းကျပ်လှောင်ပိတ်နေသလဲ၊ မျိုသိပ်မထားပါနဲ့ ... ကိုယ့်ကို ပြောပြပါ၊ ကိုယ်နားထောင်ပါ့မယ်”

နိုင်းမရမှာ ဆွတ်ရဲ့မျက်ရည်တွေကို ကြေကြေကွဲကွဲကြည့်လျက် နင့်လှိုက်စွာ ပြောလေသည်။

ဆွတ်သည် မျက်ရည်များ အိခနဲပြိုကျလာတော့လျက် မျက်ရည်များ တသွင်သွင်ကျမိရင်းက ငိုရင်းရှိုက်ရင်းဖြင့် သူ့ကို စတင်ရင်ဖွင့်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ ... သူက လက်ထပ်ဖို့ အားလုံးအစီအစဉ်ဆွဲပြီး သွားပြီ နှိုင်းမရရဲ့ ... ဆွတ် ကန့်ကွက်တာလည်း အရာမရောက်ဘူး ...၊

မေမေတို့ကို သူက အပိုင်စည်းရုံးထားတော့ ဆွတ် ဘယ်လောက်ငြင်းငြင်း သူ ဂရုမစိုက်ဘူး ...၊

သူက ဆွတ်ကို စကားတစ်ခွန်းနဲ့ အမြဲအနိုင်ကျင့်နေတာ"

"ဘာစကားလဲဆွတ် ... ကိုယ့်ကိုပြောပြပါလား"

နှိုင်းမရက စိတ်ဝင်တစားဖြင့် အလောတကြီးပင် မေးလေသည်။

တကယ်တော့ ထိုစကားကို နှိုင်းမရရှေ့မှာလည်း လိုတရက ပြောခဲ့ဖူးသည်ပင်။

ထိုစကားမှာ ဆွတ်အတွက် အရှက်တကွဲဖြစ်စေသည်ကို သိသော်လည်း ဆွတ်သည် နှိုင်းမရအား ရင်ဖွင့်လက်စဖြင့် ဘာတစ်ခုမှ မျိုသိပ်မထားချင်တော့။

မခြွင်းချန်ချင်တော့။

ပြီးတော့ . သူသိပြီးသားပင်။

ဆွတ် ဖုံးကွယ်ထား၍လည်း မထူးပြီ။

"အဲဒီစကားကို နှိုင်းမရ သိပါတယ်၊ နှိုင်းမရရှေ့မှာ





လည်း သူ ပြောခဲ့ဖူးတာပဲလေ၊ ဆွတ်ကို သူက ဝယ်ထားတယ်၊ ဆွတ်ကို သူပိုင်တယ် ဆိုတာလေ"

"အဲ့ဒါ တကယ်ပဲလား ဆွတ်"

သူ ဆွတ်ရဲ့မျက်ဝန်းတွေကို မှုန်မှိုင်းစွာ ငေးကြည့်ရင်း ပြန်မေးပါသည်။

"ကလေးဘဝတုန်းကပါ နှိုင်းမရရဲ့၊ ဆွတ်ကို သူက အရုပ်ကလေးနဲ့တူလို့ဆိုပြီး သူ့မိဘတွေကို အတင်းပူဆာပြီး ဝယ်ခိုင်းတာ ...၊

နောက် ... သူ အရမ်းဖျားတော့ မေမေတို့က မိတ်ဆွေဟောင်းတွေလည်းဖြစ်နေ, သူ့ကိုလည်း သနားတာနဲ့ ထောင့်ငါးရာပေးပြီး သူဝယ်တာကို လက်ခံခဲ့တာ ...၊

အဲ့ဒီ တစ်ရာတန်လေးဆယ့်ငါးရွက် ခုထိ ဆွတ်မှာ ရှိသေးတယ်၊ ဆွတ် မုန်းလွန်းလို့ ကိုယ့်ဘဝကိုယ် နာကြည်းခါးသီးလွန်းလို့ သိမ်းထားခဲ့တာ ...၊

နှိုင်းမရရဲ့ ... အဲ့ဒါ အဓိပ္ပာယ်ရှိသလားဟင် ... စဉ်းစားကြည့်ပေါ့၊ လူ လူချင်း အဲ့သလိုဝယ်လို့ ရသတဲ့လား၊ အဲဒီနည်းနဲ့ ပိုင်ဆိုင်ခွင့်ရှိသတဲ့လား"

ဆွတ်သည် ဒိုရင်းရိုက်ရင်း ပြောမိရာမှ သူ့ကိုပင် ဝမ်းနည်းရင်ဖွင့်စွာ တိုင်တည်မေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက သက်ပြင်းရှိုက်လိုက်ကာ ခေါင်းကို ဖြည်းညင်းစွာ ခါပြပါသည်။

"ဟင့်အင်း ... အဲ့ဒီလူပြောတဲ့စကားဟာ လုံးဝ အဓိပ္ပာယ်မရှိပါဘူး၊ အသက်နဲ့နှလုံးသားနဲ့ ရှင်သန်နေတဲ့လူတစ်ယောက်ရဲ့ဘဝကို ဝယ်လို့မရပါဘူး ...၊

ထောင့်ငါးရာဆိုတာ ဘဝတစ်ခုကို ဝယ်ယူသိမ်းပိုက်လို့ မရနိုင်ပါဘူး ...၊

ထောင့်ငါးရာဆိုတာ နှလုံးသားတစ်ခုကိုပဲ တောင်းခံလို့ရတဲ့အရာမျိုးပါ"

"ဟုတ်တယ် ... ဟုတ်တယ် နှိုင်းမရ၊ နှိုင်းမရပြောတာ မှန်တယ်၊ ချစ်ခြင်းမေတ္တာကို ကိုယ်စားပြုတဲ့ ထောင့်ငါးရာဆိုတာ နှလုံးသားကို တောင်းခံတဲ့အရာပဲဖြစ်သင့်တာနော်"

ဆွတ်သည် သူ့စကားကို သဘောကျသွားကာ လိုက်လိုက်လှဲလှဲပင် ထောက်ခံလိုက်မိသည်။

နှိုင်းမရက ဆွတ်ကို ကြေကွဲစွာ စိုက်ကြည့်ရင်းက ပြုံးပြသည်။

သူ့အပြုံးမှာ အဓိပ္ပာယ်များစွာ ပါသည်။

ကျယ်ဝန်းသလောက် လေးနက်သောအဓိပ္ပာယ်များဖြင့် ပြည့်ဝ၍နေလေရာ ဆွတ်ရဲ့မျက်ရည်များကိုပင် ရပ်တန့်ခြောက်





သွေ့သွားစေသည်။

နူးညံ့နွေးထွေးလွန်းလှသော သူ့အပြုံးကလေးကို ဆွတ် အမှတ်တမဲ့ သတိလက်လွတ် ငေးရီမိဆဲ။

သူက မထင်မှတ်နိုင်သော လျှပ်တစ်ပြက်အပြုအမူကလေးတစ်ခုကို ဖန်တီးလိုက်လေသည်။

ဖျတ်ခနဲဆို သူ့ရှပ်အင်္ကျီအိတ်ထဲမှ တစ်ထောင်တန်တစ်ရွက်နှင့် ငါးရာတန်တစ်ရွက်ကို ဆွဲထုတ်ကာ နှစ်ရွက်ပူးထပ်လိုက်လျက် ...

လှပသော အသည်းပုံကလေးတစ်ခုကို မြန်ဆန်လှစွာ ပြုလုပ်လိုက်ကာ ဆွတ်ရှေ့ ကမ်းပေးပြီး ...

"ကဲ ... ဆွတ်ကို ကိုယ်က ထောင့်ငါးရာပေးပြီး တောင်းခံတယ်၊ ဆွတ်က ကိုယ့်ကို ဆွတ်ရဲ့အသည်းနှလုံး ပြန်ပေး"

အို ...

ကြည့်စမ်း ...

ဘယ်လောက်ချစ်စရာကောင်းလိုက်တဲ့ အပြုအမူလေးလဲ။

ဆွတ်ကို ငေးနေသော နှိုင်းမရရဲ့မျက်ဝန်းများမှာ နူးညံ့ကြည်စင်လျက် ...။



www.burmeseclassic.com

www.burmeseclassic.com



အပြုံးမှာလည်း နွေးထွေးချိုမွေ့လျက် ...။

ဆွတ်သည် သူ့ရဲ့ချစ်စရာကောင်းလွန်းလှသော ချစ်ခွင့်ပန်မှုကလေးထဲ ပျော်ဝင်သွားရတော့သည်။

နှိုင်းမရဟာ လိုတရနှင့် ဘယ်လောက်များ ကွာခြားလိုက်သလဲ။

လိုတရကတော့ မိန်းကလေးတစ်ယောက်ရဲ့ဘဝကို သူ့ရဲ့အတ္တကိုသာ ရှေ့တန်းတင်လျက် သိမ်းပိုက်ပိုင်စိုးလိုသူဖြစ်ပြီး၊

နှိုင်းမရကတော့ မိန်းကလေးတစ်ယောက်ရဲ့နှလုံးသားကို သူ့ရင်တွင်းမှ ချစ်ခြင်းကို ဖွင့်လှစ်ပြခြင်းဖြင့်သာ နူးညံ့ညင်သာစွာ ဖြားယောင်းလိုသူဖြစ်သည်။

ဆွတ်သည် နှိုင်းမရကို လိုတရနှင့် နှိုင်းယှဉ်မြင်မိရင်မှ ချက်ချင်းပင် စိတ်တွေက လိုတရဆီ ရောက်သွားမိတော့သည်။

လိုတရရယ် ...နင်ဟာ ငါ့အပေါ် ဘယ်သူနဲ့မှ မတူအောင် အရိပ်တကြည့်ကြည့်နဲ့ လိုအပ်တာမှန်သမျှ၊ လိုချင်တာမှန်သမျှ လိုလေသေးမရှိရအောင် ဖြည့်ဆည်းပြီး ငါ့ကို သိပ်တွယ်တာတာ ငါသိပါတယ်။

ငါလည်း နင့်ကို သူငယ်ချင်းတစ်ယောက်အနေနဲ့ သိပ်ခင်ပါတယ်။

ဒါပေမဲ့ ...





ငါ အရမ်းမုန်းတာက နင် မကြာခဏပြောတတ်တဲ့

"နင့်ကို ငါဝယ်ထားတာ ...နင့်ကို ငါပိုင်တယ်"

ဆိုတဲ့ စကားပဲ။

အဲ့ဒီစကားကို ရင့်ရင့်သီးသီး ပြောတတ်တဲ့ ...

နင့်ရဲ့အတ္တကိုပဲ တစ်ဖက်သတ်ရှေ့တန်းတင်တတ်တဲ့ တစ်ဖွတ်ထိုးနိုင်မှုတွေကို ငါက ခါးခါးသီးသီး မုန်းတယ်။

"ဟေ ဆွတ် ...ဘာဖြစ်လို့ ငိုင်သွားတာလဲ၊ ဟင် ...ဘာတွေတွေးနေတာလဲ"

ဆွတ်သည် သတိလက်လွတ်ဖြင့် လိုတရအကြောင်းများ တွေးနေမိရာ နှိုင်းမရက လှန့်လိုက်တော့မှ ပြန်သတိဝင်လာခဲ့သည်။

"ဩော် ...ဘာမှမဟုတ်ပါဘူး နှိုင်းမရ ...အသည်းနှလုံးပုံစံချိုးထားတာ လှလို့ကြည့်နေမိတာ"

ဆွတ် ကပျာကယာ ဉာဏ်ဆင်ပြီး ညာလိုက်မိပါသည်။

နှိုင်းမရကတော့ ဘာမှမသိရှာဘဲ ...

"အလှကြည့်ရုံတင်ပဲလား ဆွတ်ရယ် ...ကိုယ်က ဆွတ်ကို တစ်သက်လုံး သိမ်းထားစေချင်တာ"

နှိုင်းမရက ဆွတ်ရဲ့မျက်ဝန်းတွေကို ရွှန်းရီစွာကြည့်ရင်း တောင်းဆိုလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဆွတ်သည် နှိုင်းမရရဲ့ နူးညံ့လှသော ညို့ဝင်ဖြားယောင်းမှုမှာ နစ်မျောပျော်ဝင်နေမိလျက် နှိုင်းမရကမ်းပေးသော အသည်းပုံ ထောင့်ငါးရာကို လက်လှမ်းယူမိတော့မလို ဖြစ်သွားခဲ့ပြီးမှ ...

"သမီး ... လိုတရကို သမီးက ငြင်းတယ် ... ဟုတ်လား၊ လိုတရလို အရည်အချင်းရှိတဲ့လူတစ်ယောက်ကို လက်ထပ်ဖို့ သမီးက သဘောမတူဘူး ... ဟုတ်လား၊ အမလေး ... မိုက်လိုက်တာ သမီးရယ်၊ လိုတရဟာ သမီးအပေါ် အရိပ်တကြည့်ကြည့်နဲ့ တွယ်တာရှာတာ၊ လိုတရလို လူတစ်ယောက်က လက်ထပ်ခွင့်ပန်တယ်ဆိုတာ သမီးအတွက် lucky draw ပဲ၊ မေမေတို့က သမီးကို သမီးလေးတစ်ယောက်တည်း မွေးထားခဲ့မိတာမို့ အမြဲ ရင်မအေးဖြစ်နေရတာ၊ လိုတရလိုလူနဲ့မှသာ သမီးရဲ့ဘဝအတွက် မေမေတို့ စိတ်ချရမှာ၊ မမိုက်ချင်စမ်းပါနဲ့ သမီးရယ် ... မေမေတို့လူကြီးတွေ မျက်နှာပျက်ရအောင် မလုပ်ချင်စမ်းပါနဲ့"

ဆွတ်သည် နားထဲ မေမေ့စကားများကို ကြားယောင်လာမိပြန်ကာ နှိုင်းမရရဲ့အသည်းပုံ ထောင့်ငါးရာဆီ လှမ်းမိတော့ဆဲဆဲ လက်ချောင်းလေးများက လေထဲရပ်တန့်သွားရသည်။

ပြီးတော့ ...

သက်ပြင်းလေး ရှိုက်မိပြန်သည်။





ဆွတ်သည် ဘယ်တုန်းကမှ ဘာ့အတွက်ကြောင့်မှ မိဘစကား ပယ်ရှားခဲ့သူတစ်ယောက်မဟုတ်။

ဖေဖေနှင့်မေမေရဲ့စကားကို ငယ်စဉ်ကတည်းက ဟုတ်ကဲ့ ... တစ်ခွန်းတည်း မြေဝယ်မကျ နာခံနားထောင်ခဲ့သော သမီးတစ်ယောက်ဖြစ်သည်။

ထိုအတွေးနှင့်အတူ ရပ်တန့်နေဆဲ ဆွတ်ရဲ့လက်ချောင်းလေးများက နောက်သို့ ပြန်ဆုတ်သွားခဲ့ရသည်။

"ဆွတ် ... ဘာတွေတွေးပြီး တွေဝေနေတာလဲ"

နှိုင်းမရက ရိပ်မိစွာ မေးလာခဲ့လျှင် ...

ဆွတ်သည် မသက်သာသောအပြုံးနှင့် ခေါင်းကိုယမ်းပြရင်း သက်ပြင်းလည်း ရှိုက်မိပြန်ကာ ...

"ဘာရယ်မဟုတ်ပါဘူး နှိုင်းမရရယ်"

လို့သာ ခပ်ဖျော့ဖျော့ ပြန်ဖြေမိသည်။

"ကိုယ်သိပါတယ် ... တကယ်တမ်း လိုတရနဲ့ ကိုယ့်ကို ရွေးချယ်ရမယ်ဆိုရင် ဆွတ် တွေဝေလိမ့်မယ်ဆိုတာ ...၊

တစ်ခုတော့ ကိုယ်ပြောပါရစေ ဆွတ် ... ဆွတ်ကို ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် ကိုယ်မျှော်လင့်နေမယ်၊ ဆွတ်သာ ကိုယ်နဲ့လက်တွဲဖို့ ကိုယ့်ဘဝထဲ ဝင်လာခဲ့မယ်ဆိုရင် ကိုယ် အမြဲရင်ဖွင့်ပြီး ကြိုဆိုနေမယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒါ ... ကိုယ့်ရဲ့ မပြောင်းလဲမယ့် သဘောထားပဲ''

အင်အားပါကာ နွေးထွေးလွန်းလှသော နှိုင်းမရရဲ့ စကားအဆုံးတွင် ဆွတ်မှာ ကျောက်ဆစ်ရုပ်တစ်ရုပ်ဖြစ်သွားရတော့သည်။

ဆွတ် ... ဘာလုပ်ရမလဲကွယ်။

နှိုင်းမရက ရင်ဖွင့်ကြိုတော့လည်း ဆွတ်ဘက်က မပြတ်သားရဲပြန်။

ဆွတ်သည် ငြိမ်သက်တွေဝေရင်း သက်ပြင်းတွေနှင့်သာ လုံးထွေးငေးမှိုင်၍နေမိတော့သည်။



## အခန်း (၁၀)

ည ဖြည်းဖြည်းနှင့် မင်္ဂလာညည့်ခံပွဲရက်မှာ နီးကပ်၍လာခဲ့ပေပြီ။

လိုတရကတော့ အရာအားလုံးကို သူ့စိတ်တိုင်းကျ စီစဉ်၍နေလေသည်။

သူတစ်ယောက်တည်း အလုပ်တွေရှုပ်ကာ ဟိုပြေးဒီလွှားနှင့် မြင်ရသည့်လူတိုင်း မျက်စိနောက် ခေါင်းမူးချင်စရာ။

သူကသာ အလုပ်တွေရှုပ် ပြေးလွှားနေသလောက် ဆွတ်ကတော့ ထိုမင်္ဂလာပွဲသည် ဆွတ်နှင့် ဘာဆိုဘာမှမဆိုင်သလို ဘာသိဘာသာ အေးအေးဆေးဆေးပင်။

''ဆွတ် ... ဒီမှာကြည့်စမ်း ... ဖိတ်စာကို ခါတ်ပုံတစ်ခါတည်း ဆွဲထည့်ထားတာ ကြိုက်လား၊ ဒါမှမဟုတ် ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ပိုးဖဲပြားကြိုးလေး စည်းထားတဲ့ ပုရပိုက်ခေါက်ပုံစံမျိုးလေး ကြိုက်လား''

သူ ဖိတ်စာနမူနာပုံစံတွေ ယူလာ၍ ဆွတ်ရှေ့ပြသည်။

ဆွတ်က ဖက်ရှင်မဂ္ဂဇင်းစာအုပ်ဖတ်နေရာမှ သူ့ဖိတ်စာတွေကို မျက်လုံးလေးပင့်၍ပင်မကြည့်။

''ဆွတ် ... ဒီမှာ ငါပြနေတယ်လေ ... နင် မမြင်ဘူးလား''

သူ အောင့်သက်သက်ဖြစ်သွားပုံဖြင့် ဆွတ်ရှေ့ရပ်ကာ ခပ်တင်းတင်းပြောလေသည်။

''ဆောရီးပဲ လိုတရ ... ငါစိတ်မဝင်စားဘူး''

ဆွတ် ... ကိုယ့်ရှေ့တည့်တည့်ရပ်၍နေသော လိုတရကို တစ်ချက်ကလေးမှ မော့မကြည့် ...

''အခု မင်္ဂလာဆောင်မယ့်ပွဲက နင့်ရဲ့မင်္ဂလာပွဲဆိုတာရော နင်သိရဲ့လား ဆွတ်''

ဆွတ် သူ့ကို ပခုံးသာတွန့်ပြလိုက်သည်။

''အခုရိုက်မယ့် ဖိတ်စာမှာ ဖက်ဆွတ်မိုးဆိုတဲ့ နင့်နာမည်ပါတာရော သိလား''

ဆွတ် ဒူးလေး လှုပ်လိုက်သည်။

''ဆွတ်''





သူ့ ဘယ်လိုမှ သည်းမခံနိုင်တော့သလို ဆွတ်ကို တအားကြုံးအော်လေသည်။

အဲဒီတော့မှ ဆွတ် ဆတ်ခနဲ ထ,ရပ်လိုက်ကာ ...

''ငါ့ကို လာမအော်နဲ့ လိုတရ၊ ဒီမင်္ဂလာပွဲက နင့်ဘာဘာ တစ်ဖက်သတ် စီစဉ်နေတဲ့ပွဲ၊ အစောကြီးကတည်းက ငါ့သဘောတစ်ခုမှ မပါဘူး၊ ခုမှ ငါ့အကြိုက် လာမေးမနေနဲ့၊ နင်ကြိုက်တာလုပ်၊ နင့်ဘာဘာ ဘယ်လိုပုံစံလုပ်လာလာ ငါနဲ့မဆိုင်ဘူး''

ဆွတ်က သူ့မျက်နှာကို စိုက်ကြည့်လျက် တစ်ခွန်းချင်းပြောကာ လက်ထဲမှ မဂ္ဂဇင်းစာအုပ်ကို စားပွဲပေါ်တမင်အသံမြည်အောင် ပစ်ချခဲ့လျက် သူ့ရှေ့မှ ချာခနဲ ထွက်လာခဲ့သည်။

မင်္ဂလာဖိတ်စာများမှာ ကြမ်းပြင်ပေါ် ပြန့်ကျဲ၍သွားတော့သည်။

''ဆွတ်ရေ ရေချိုးပြီးပြီလား''

အော်ရင်းဟစ်ရင်း သူ့ထုံးစံအတိုင်း အိမ်ထဲ အပြေး



www.burmeseclassic.com

www.burmeseclassic.com



လွှားဝင်လာပြီး မေးလိုက်သော လိုတရမေးခွန်းကြောင့် ဆွတ် မျက်မှောင်ကြုတ်လိုက်မိသည်။

''နင် ဘာလုပ်မလို့လဲ''

''ရေချိုးပြီးရင် အဝတ်အစားလဲ ... အပြင်သွားရအောင်''

''ဘာကိစ္စလဲ ... ငါက ဘာလို့လိုက်ရမှာလဲ''

ဆွတ် သူ့ကို မျက်မှောင်ကြုတ်ကြည့်ရင်းက ဘုကန့်လန့်သာတိုက်ပြီး ပြန်မေးနေမိသည်။

သူကတော့ ကမ္ဘာတစ်ခြမ်းကို ပိုင်ဆိုင်ရတော့မယ့် သူတစ်ယောက်လို ဖျတ်လတ်တက်ကြွ၍နေကာ ...

''ဟ ... နင် လိုက်ကိုလိုက်ရမယ့်ကိစ္စ၊ ငါ အခုသွားမှာ နင့်အတွက်မင်္ဂလာဝတ်စုံ သွားချုပ်မလို့၊ ပိတ်စပါ တစ်ခါတည်း ရွေးရမှာ၊ နင် ဘာအရောင်ကြိုက်လဲ၊ ဘယ်လိုပုံစံချုပ်မလဲ ... နင်ကိုယ်တိုင် ရွေးမှဖြစ်မှာလေ''

ဩော် ...

မင်္ဂလာဝတ်စုံချုပ်ဖို့ကိစ္စဆိုပါလား။

ဒီကိစ္စဟာ မင်္ဂလာဆောင်မယ့် သတို့သမီးတိုင်း ရင်ခုန်ရမယ့်ကိစ္စပဲ။

ဆွတ့်အတွက်ကတော့ ရင်ခုန်စရာမဟုတ်သည့်အပြင်





ခါးသီးစရာဖြစ်နေလေတော့ ...

''ဆောရီးပဲ လိုတရ ... ငါ လုံးဝမလိုက်ချင်ဘူး၊ နင်တစ်ယောက်တည်းသွားပြီး ကြိုက်တဲ့အရောင်ရွေး၊ ကြိုက်တဲ့ပုံစံချုပ်လာခဲ့၊ ငါ လုံးဝစိတ်မဝင်စားဘူး''

''ဆွတ် ... နင် ဘာပြောတယ်၊ ဒါ နင်မလိုက်လို့မဖြစ်တဲ့ကိစ္စလေ၊ ဒီအဝတ်အစားက နင် ဝတ်ရမှာလေ''

''လိုတရ ... နင့်ကို ငါ ပြောပြီးသားပဲ ... ဒီမင်္ဂလာဆောင်ကို ငါ လုံးဝ စိတ်မဝင်စားဘူးလို့''

ဆွတ်က သူ့မျက်လုံးတွေကို စူးရဲစွာစိုက်ကြည့်လျက်ကအေးခဲစွာ ပြန်ပြောလိုက်သည်။

သူ့မျက်လုံးတွေထဲ မီးလျှံတွေလို တဖျပ်ဖျပ်တောက်နေတာမြင်ရတော့ ဆွတ် ကျေနပ်သည်။

ပူလောင်စမ်း လိုတရ။

ငါ ခါးသီးသမျှ ဆတူအောင် နင်လည်း ပူလောင်စေရမယ်။

ငါ စိတ်မချမ်းသာရသလို နင်လည်း စိတ်ဆင်းရဲစေရမယ်။

''ဆွတ် ... နင် ငါ့ကို ရွဲ့ပြောမနေနဲ့၊ နင် စိတ်မဝင်စားလို့မရဘူး၊ ဒါ နင့်မင်္ဂလာပွဲ၊ နင်ကိုယ်တိုင်ဆောင်ရမယ့်



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲ ... နားလည်ရဲ့လား''

''မိန်းကလေးဆိုတာ တစ်သက်မှာ တစ်ခါပဲ မင်္ဂလာဆောင်ရတယ်၊ ဒါ မိန်းကလေးရဲ့ရင်ခုန်တဲ့ပွဲပဲ၊ ဒါ နင့်ရဲ့တစ်သက်မှာ အလှပဆုံးပွဲပဲ ဖြစ်ရမယ်၊ ဒီပွဲမှာ နင့်ရဲ့အလှအပကို အစွမ်းကုန် ဖော်ထုတ်ရမှာ၊ နင့်အလှကို တန်ဖိုးအမြင့်ဆုံး ဖြစ်အောင် လုပ်ပေးရမှာ ...၊

ဒါကို နင် စိတ်မဝင်စားလို့ ဖြစ်မလား''

''တော်စမ်းပါ လိုတရရယ် ... ငါ့ဆန္ဒ တစ်စက်ကလေးမှ မပါတဲ့ မင်္ဂလာပွဲကို ငါက ရင်ခုန်စရာလား ...၊

နင့်သဘောနဲ့နင် စီစဉ်နေတဲ့မင်္ဂလာပွဲဟာ ငါ့အတွက်တော့ ဘာအဓိပ္ပာယ်မှမရှိဘူး၊ ငါ့အတွက်တော့ မင်္ဂလာပွဲ မဟုတ်ဘူး၊ ငါ့ရုပ်ခန္ဓာနဲ့ ငါ့အသည်းနှလုံးကို အသတ်ခံလိုက်ရတဲ့ ငါ့ရဲ့အသုဘပွဲပဲ''

''ဘာ ... ဆွတ် နင် ... နင်''

ဆွတ်စကားကြောင့် သူ နောက်ကိုလန်ကျတော့မလို ဖြစ်သွားသည်။

လက်ညှိုးကြီး ငေါက်ငေါက်ထိုးလျက် စကားတို့ထစ်အ, တစ်ဆို့နေကာ ...

သူ့မျက်လုံးတွေလည်း ချက်ချင်း မှုန်မှိုင်း၍သွားလေ





တော့သည်။

''ဆွတ်ရာ ... နင် ... ဟာကွာ''

ဆွတ်သည် ဆောက်တည်၍မရတော့သလို သူဖြစ်သွားပုံကိုကြည့်ကာ စိတ်ထဲ အတော်ကျေနပ်သွားရသည်။

မှတ်ထား လိုတရရဲ့ ...

လူတစ်ယောက်ဟာ မတတ်သာလွန်းလို့ အညှံ့ခံ အရှုံးပေးရမယ်ဆိုရင်တောင် သူ အင်အားရှိသရွေ့တော့ တွန်းလှန်ခံမှာပဲ။

အဲ့ဒါကို နင် သိထားဖို့လိုတယ်။

ထို့နောက် ...

သူနှင့်ဆွတ်သည် တစ်ခါမှ မတွေ့ဖူးကြသည့်သူတွေလို တစ်ယောက်ကိုတစ်ယောက် အကြာကြီး စိုက်ကြည့်နေမိကြသည်။

သူ့မျက်လုံးတွေက မှုန်မှိုင်းရီဝေလျက် ...

ဆွတ်မျက်လုံးတွေကတော့ အေးခဲနာကြည်းလျက် ...

အကြာကြီး တစ်ယောက်နှင့်တစ်ယောက် စိုက်ကြည့်နေခဲ့ကြပြီးမှ ...

ပထမဆုံး မျက်နှာလွှဲလိုက်သူမှာ လိုတရပဲဖြစ်သည်။

''နင် တကယ်မလိုက်ခဲ့ဘူးပေါ့ ... ဟုတ်လား ဆွတ်''



www.burmeseclassic.com

www.burmeseclassic.com



သူက ထပ်ပြီးမေးပါသည်။

"ဝါ့ဘက်ကတော့ လုံးဝသေချာတယ် လိုတရ"

ဆွတ်ကလည်း အေးခဲစွာပင် တုံ့ပြန်လိုက်သည်။

သူ ဆွတ်ကိုမကြည့်ဘဲ တစ်ချက်ပြုံးပါသည်။

အပေါ်နှုတ်ခမ်းကို တွန့်သည်ဆိုရုံ ပြုံးလိုက်သော သူ့အပြုံးမှာ အဓိပ္ပာယ်ပြေးလွှန်းလှပါသည်။

"အိုကေလေ ... နင်မလိုက်ချင်ရင်လည်း ငါက ဖွတ်အတင်းမခေါ်ပါဘူး"

လိုတရဘက်က လျှော့လိုက်သောလေသံကြောင့် ဆွတ်အံ့အားအသင့်ကြီး သင့်သွားရဆဲ ...

လိုတရက ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"နင်မလိုက်ခဲ့လည်း ဖြစ်ပါတယ်၊ ငါက ငယ်ငယ်ကတည်းက နင်ကြိုက်တတ်တဲ့အရောင်အသွေးကို သိနေတာပဲ၊ ဆင်စွယ်ရောင်လေး ဝယ်လိုက်မယ်၊ ပြီးတော့ ... နင့်ဘော်ဒီစထရပ်ချာအတိုင်းအတာကိုလည်း ငါ ခန့်မှန်းနိုင်တာပဲ၊ ပြဿနာ မရှိပါဘူး၊ အိုကေ ... ငါသွားပြီ"

ကြည့်စမ်း ...

ဒီတစ်ခါလည်း သူ အနိုင်နဲ့ပိုင်းလိုက်နိုင်ပြန်ပြီ။

ဆွတ်နဲ့ပတ်သက်သမျှ အရာအားလုံးကို သူသိနေခဲ့





တာဟာ ဆွတ်အတွက် တစ်ဘဝစာအရှုံးကို ဖန်တီးခဲ့တာပဲ။

နောက်ဆုံးမှာတော့ ဆွတ်သည်သာ ရှုံးသူဖြစ်ရပြန်သည်မို့ ...

ဆွတ်သည် သူ့ကို နာနာကြည်းကြည်းကြည့်မိလျက်

"ရတယ် လိုတရ ... နင်ကြိုက်တဲ့အရောင် ဝယ်၊ ကြိုက်တဲ့ပုံစံချုပ်၊ နင် တစ်ဖက်သတ်စီစဉ်တဲ့ မင်္ဂလာပွဲမှာ ငါက သတို့သမီးအရုပ်တစ်ရုပ်အဖြစ် နေပေးမယ် ... ကျေနပ်တယ်မဟုတ်လား"

ဆွတ် နာနာကြည်းကြည်း ခါးခါးသီးသီး ပြောမိဆဲ။

သူကတော့ တစ်ချက်မှလှည့်မကြည့်ဘဲ ခြေလှမ်းကျဲကြီးများဖြင့် ဆွတ်ရှေ့က ထွက်သွားခဲ့ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

**ဆွတ်** သည် အခိုက်အတန့်ကလေးမှာပင် အလှပြင်ခန်းအတွင်းမှ လှစ်ခနဲပြေးထွက်လိုက်သည်။

ဓာတ်လှေကား ...။

ဓာတ်လှေကားကိုတွေ့လျှင် ခလုတ်များကို တုန်ယင်လှုပ်ရှားနေသော လက်များဖြင့် နှိပ်ကာ တစ်ရှိန်ထိုးဆင်းလာခဲ့သည်။

ရင်ထဲမှာတော့ ထိတ်ရလွန်းလှသည်မှာ အသက်ပင်မရှူမိတော့ဘူး ထင်သည်။

နောက်ဘက်မှာ ဆူဆူညံညံနှင့် ရုတ်ရုတ်သဲသဲဖြစ်ကျန်ခဲ့မှာ အသေအချာပါပဲ။

ဟင့်အင်း ...





ဘာကိုမှ မတွေးချင်တော့။

ဟိုတယ်လ်အောက်ဘက်ရောက်သည်နှင့် ပြေးပေါက်အရင်ရှာမိသည်။

အိုး ...

ဟိုမှာ ...

မမျှော်လင့်ဘဲ သော့တန်းလန်းနှင့် ကားတစ်စီးကို တွေ့သည်။

ဆွတ်သည် ဘာကိုမှစဉ်းစားမရတော့ဘဲ ကားပေါ်တက်ပြီး စက်နှိုးကာ တစ်ရှိန်ထိုး မောင်းထွက်လာခဲ့တော့သည်။

အရေးကြီးတာက ...

လိုတရနှင့်လက်မထပ်ရဖို့ပင်။

ဘယ်သူ့ ဘယ်ဝါကားမှန်းမသိသည့် ကားတစ်စီးကို တက်မောင်းရင်း ဆွတ်သည် အတွေးတွေက အတိတ်ကို ပြန်ရောက်လျက်ရှိသည်။

တုန်ယင်နေသည့်လက်များဖြင့် စတီယာရင်ကိုကိုင်ကာ



www.burmeseclassic.com

www.burmeseclassic.com



အလောတကြီး မောင်းနေမိရင်းက ... မစာည်ငြိမ်နိုင်သော စိတ်အတွေးများက လိုတရထံ ရောက်လိုက်၊ တုနှိုင်းမရထံ ရောက်လိုက်နှင့် ဖရိုဖရဲ ဖြစ်နေရသည်။

ဖြစ်ချင်ရာဖြစ် သဘောပိုက်ကာ လှည့်မကြည့်စတမ်း ထွက်သာလာခဲ့ရသည်။

ဆွတ်တစ်ယောက် ဘယ်ကိုသွားလို့ သွားရမှန်းမသိ။

လိုတရစက်ကွင်းက လွတ်ပြီထင်တဲ့နေရာရောက်လျှင် ကားကို ဘေးကပ်ရပ်လိုက်သည်။

ဆွတ် ... ခု ဘာဆက်လုပ်သင့်သလဲ။

ဘယ်ကိုသွားရမှာလဲ။

ဘယ်သူ့ဆီသွားရမှာလဲ။

ဆွတ် ... ဘယ်သူ့ဆီများ သွားရမှာလဲကွယ်။

ဆွတ်သည် ကြံရာမရ ခေါင်းထဲထူပူကာ စိတ်လှုပ်ရှားလွန်း၍နေဆဲ။

ရုတ်တရက် နားထဲကြားယောင်မိသည်မှာ နှိုင်းမရရဲ့ ပြောခဲ့ဖူးသော စကားများပင်။

"ဆွတ်ကို ဘယ်လိုအချိန်၊ ဘယ်လိုအခြေအနေမှာပဲ ဖြစ်ဖြစ် ကိုယ်မျှော်လင့်နေမယ်၊ ဆွတ်သာ ကိုယ်နဲ့လက်တွဲဖို့ ကိုယ့်ဘဝထဲ ဝင်လာခဲ့မယ်ဆိုရင် ကိုယ်အမြဲရင်ဖွင့်ပြီး ကြိုဆို





နေမယ်၊ အဲ့ဒါ ကိုယ့်ရဲ့မပြောင်းလဲမယ့် သဘောထားပဲ"

ဆွတ်သည် နှိုင်းမရရဲ့စကားများကို နားထဲပြန်ကြားယောင်ခဲ့မိလျှင် ဘာကိုမှစဉ်းစားမနေနိုင်တော့ဘဲ ချက်ချင်းပင် ဟမ်းဖုန်းကို ဖွင့်လိုက်သည်။

ဆွတ်ရဲ့တုန်ယင်သောလက်ချောင်းလေးများက နှိုင်းမရရဲ့ဟမ်းဖုန်းနံပါတ်ဆီ ပြေးလွှားသွားမိသည်။

"လူကြီးမင်း ခေါ်ဆိုသော ..."

ဆွတ်သည် "ကျွတ်" ခနဲ စုတ်သပ်လိုက်မိသည်။

အရေးထဲမှာ နှိုင်းမရက ဖုန်းခေါ်လို့မရနိုင်အောင် ဘယ်လိုများ ရောက်နေရတာတဲ့လဲ။

ဆွတ်သည် စိတ်ပျက်ညစ်ညူးစွာဖြင့် ဆွတ်သိသော နှိုင်းမရရဲ့အပေါင်းအသင်း ရက်ပါ (Rapper) များဆီ ဖုန်းလှမ်းဆက်ကြည့်မိတော့သည်။

"ကိုထိုက် ... နှိုင်းမရဆီ ဖုန်းခေါ်တာမရလို့ ... အဲ့ဒါ"

ဆွတ် ... ကိုထိုက်ကို အလောတကြီးမေးမိသည်။

ဒီနေ့ ဆွတ်ရဲ့မင်္ဂလာဆည်ခံပွဲနေ့ဆိုတာ အားလုံးသိကြမှာပင်။

ဒီအချိန်ကြီး ဆွတ် နှိုင်းမရဆီ ဆက်သွယ်တာကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတစ်စုံတစ်ရာကြောင့်ဆိုတာ သူတို့ ရိပ်မိကြမှာပင်။

"ဩော် ဖက်ဆွတ်မိုး ... ကျွန်တော် နှိုင်းမရနဲ့ မတွေ့တာကြာပြီ၊ ကျွန်တော်လည်း ကျွန်တော့်တစ်ကိုယ်တော်စီးရီးကိစ္စ အလုပ်တွေရှုပ်နေတာ"

"အို ... ဆောရီးပါ၊ ဒါဆိုလည်း ဒါပဲနော် ကိုထိုက်"

ဆွတ်သည် ကပျာကယာ ဖုန်းချလိုက်သည်။

ရင်ထဲ၌ တုန်၍နေလေပြီ။

ဆွတ်မှာ အချိန်က မရှိတော့။

နှိုင်းမရဆီ ဆက်သွယ်၍ရမှဖြစ်မည်။

ဆွတ်သည် နှိုင်းမရရဲ့ နောက်ထပ်သူငယ်ချင်းတစ်ယောက်ဆီ ဖုန်းခေါ်မိပြန်သည်။

"ကိုလင်း ... နှိုင်းမရဆီ ဖုန်းခေါ်လို့မရလို့၊ အဲ့ဒါ ... နှိုင်းမရ ဘယ်မှာရှိမလဲ၊ ကျွန်မ အရမ်းအရေးကြီးလို့"

"ဖက်ဆွတ်မိုးလား ... ကျွန်တော်လည်း ခုမှ ခရီးသွားပြီး ပြန်လာတာ၊ နှိုင်းမရနဲ့ မတွေ့ရသေးဘူး"

"ဟုတ်လား ... ဒါဆို ကျွန်မ တခြားဆက်သွယ်ကြည့်လိုက်ဦးမယ်"

ဆွတ်မှာ ဟမ်းဖုန်းတစ်လုံးနှင့် ဆောက်တည်ရာမရ ဖြစ်ရချေပြီ။





နှိုင်းမရရယ် ...

ဘယ်ကိုရောက်နေသလဲ။

ဆွတ်ရင်ထဲ၌ မီးတစ်စမွှေသလို ပူပြင်း၍နေသည်။

ကိုထိုက် ...

ကိုလင်း ...

ပြီးတော့ ...

နှိုင်းမရရဲ့သူငယ်ချင်းတွေ ဘယ်သူတွေများ ကျန်နေသေးလဲ။

ဆွတ်သည် ခေါင်းထဲကလည်း အငွေ့ထွက်မတတ် စဉ်းစားရင်း ...

ဖုန်းနံပါတ်များကိုလည်း တစ်ခုပြီးတစ်ခု ဆက်တိုက်ခေါ်လာခဲ့ရာ ...

နောက်ဆုံး မဂျူးဆိုသော နှိုင်းမရရဲ့မိန်းကလေးသူငယ်ချင်းတစ်ယောက်နှင့်တွေ့မှ အကြောင်းစုံကို ရေရေရာရာ သိရတော့သည်။

"ဟယ်လို ... ဖက်ဆွတ်မိုးလား၊ အသံက ဘယ်လိုဖြစ်နေတာလဲဟင်၊ ငိုသံပါကြီးနဲ့ ပြောနေသလိုပဲ၊ ဘာဖြစ်လို့လဲဟင်"

"ကျွန်မ ... ကျွန်မ နှိုင်းမရကို ဖုန်းခေါ်လို့မရလို့ သူ့



www.burmeseclassic.com

www.burmeseclassic.com



အပေါင်းအသင်းတွေဆီလည်း ဖုန်းဆက်ကြည့်တာ၊ လူကုန်သလောက်ရှိနေပြီ မဂျူးရယ်၊ နှိုင်းမရသတင်း ဘာမှမရလို့''

ဆွတ်သည် မဂျူးကိုတော့ မိန်းမသားချင်းမို့ ပွင့်ပွင့်လင်းလင်းပြောရရှာ ...

''သူ့ အခု ဘယ်မှာရှိသလဲဆိုတာ မဂျူးသိလားဟင်၊ ကျွန်မ အရမ်းကိုအရေးကြီးနေလို့ပါ''

ဆွတ်ရဲ့ စိုးရိမ်တကြီး ပျာလောင်ခတ်နေသော ဒိုသံပါသံကလေးကြောင့် တစ်ဖက်မှာ ခဏအသံတိတ်သွားခဲ့ပြီး ...

''ဒီနေ့ ဆွတ်ရဲ့ဝက်ဒင် (wedding) မဟုတ်လား၊ ဆွတ် ဘာကြောင့် နှိုင်းမရကို မေးနေရတာလဲ၊ မဂျူးကို ပြောပြလို့ဖြစ်မလား''

မဂျူးက မေးလာခဲ့လျှင် ဆွတ်မှာ ပြန်အဖြေရခက်သွားလျက် ...

''နောက်မှ အကြောင်းစုံ ပြောပြပါရစေ မဂျူးရယ်၊ အခု ဆွတ် သေရေးရှင်ရေး အရေးကြီးနေလို့ပါ၊ နှိုင်းမရနဲ့ တွေ့မှဖြစ်မယ်၊ နှိုင်းမရ အခု ဘယ်မှာရှိတယ်ဆိုတာ မဂျူး သိတယ်မဟုတ်လားဟင်၊ ဆွတ်ကို ပြောပြပါနော်၊ ဆွတ် သူနဲ့ တွေ့မှ ဖြစ်မှာမို့ပါ''

ဆွတ် အသည်းအသန် ပြောနေမိသည်။





မဂျူးမှာ အခြေအနေကို သေသေချာချာသိခွင့်မရတဲ့အတွက် ကျေနပ်ချင်ပုံမပေါ်။ သို့သော် ...

ဆွတ်ရဲ့အသည်းအသန် အရေးတကြီးဖြစ်နေပုံကို စာနာညှာတာမိလို့ပဲလား မသိ ... သက်ပြင်းချသံဖြင့် ...

''နှိုင်းမရ အခု ရန်ကုန်မှာမရှိဘူး''

''ရှင်''

ဆွတ်မှာ မျက်လုံးကလေး ပြူးကျယ်ဝိုင်းစက်သွားရတော့သည်။

ဖုန်းကိုင်လျက်သားနှင့် အရုပ်ကြိုးပြတ် ဖြစ်သွားခဲ့ရလေသည်။

''နှိုင်းမရက အခု ရှမ်းပြည်နယ်ဘက် သွားတယ်၊ စီးရီးအတွက် M.T. V ရိုက်ဖို့လေ''

''သူ ... သူ ဘယ်လောက်ကြာမှာလဲဟင်''

''တစ်လလောက်ကြာမယ်လို့ ပြောသွားတယ်''

ဟမ်းဖုန်းလေးမှာ ဆွတ်ရဲ့လက်ထဲမှနေ ထိုင်ခုံဆီ လျှောကျသွားရတော့သည်။

ဆွတ်မှာ ဘာစကားမှ မဆိုနိုင်တော့လောက်အောင်ပင် ခြေကုန်လက်ပန်းကျသွားခဲ့ရသည်။

ကံကြမ္မာက ဆွတ်ဘက်မှာ တစ်ချက်ကလေးမှ မရှိ



www.burmeseclassic.com

www.burmeseclassic.com



တည်ပေးနိုင်တော့ဘူးလား။

ဆွတ် . . . ဆီဗိုးနားဟိုတယ်လ်က မင်္ဂလာဧည့်ခံပွဲဆီ ပြန်သွားရတော့မှာလား။

ဟင့်အင်း . . . ထိုနေရာကိုတော့ ဆွတ်က သေတောင် မသွားလိုတော့ပြီ။

လိုတရဆီကိုတော့ ဆွတ် ဒီတစ်သက် ဘယ်တော့မှ မပြန်နိုင်တော့။

တစ်သက်လုံးက . . .

နင့်ကို ငါဝယ်ထားတာ . . .

နင့်ကို ငါပိုင်တယ် . . .

လို့ ရင့်ရင့်သီးသီး ကျောကျောစီးစီး ပြောလာခဲ့သော လိုတရထံကိုတော့ ဆွတ် ဘယ်တော့မှ ပြန်မသွားတော့။

နှိုင်းမရကလည်း အနားမှာမရှိ။

ဆွတ် ဘာဆက်လုပ်ရမလဲကွယ်။

ဆွတ် ဘယ်ကိုများသွားရမှာလဲ။

ကံကြမ္မာရယ် . . . ဆွတ်ကိုလေ တစ်ခါလောက်များ လိုတရကို နိုင်ခွင့်ပေးပါတော့လား။



## အခန်း (၁၂)

## “မေ့ဟာ တော့ . . . ဘုရားရေ”

ဖွေးဖွေးမှာ ခုံတန်းရှည်နောက်မှ ဘွားခနဲထွက်လာသော ဆွတ်ကို မြင်လိုက်ရလျှင် အလန့်တကြား ထ,အော်သည်။

“ဆွတ် . . . ဆွတ် . . . နင်”

ဆွတ်က အံ့ဩထိတ်လန့်နေသော ဖွေးဖွေးကို နှုတ်ခမ်းပေါ် လက်ညှိုးကို ကန့်လန့်ဖြတ်တင်လျက် “ရှူး”ခနဲ တားကာ

“ဖွေး . . . စကားမပြောသေးနဲ့ဦး . . . တံခါးမြန်မြန် ဖွင့်”

ဆွတ် အသံကို နှိမ့်ကာပြောသည်။

ဖွေးဖွေးမှာလည်း ထိတ်ထိတ်လန့်လန့်နှင့် ဆွတ်စကားနားထောင်ကာ တံခါးကို သော့မြန်မြန်ဖွင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



သော့ဖွင့်သည်နှင့် ဆွတ်မှာ မြန်ဆန်စွာ အခန်းထဲဝင်လိုက်ပြီး ...

"ဖွေး ... တံခါးကို မြန်မြန်ပိတ်"

ဖွေးဖွေးမှာ ဆွတ်ပြောသည့်အတိုင်း တံခါးကို အမြန်ပြန်ပိတ်လိုက်ရပြန်သည်။

တံခါးပိတ်ပြီးသွားတော့မှ ဆွတ်မှာ စိတ်လုံခြုံသွားရတော့သလို နွမ်းဖျော့ညှိုးငယ်နေသောမျက်နှာနှင့် ...

"ဖွေးရယ် ... ငါ နင့်ကို စောင့်နေတာကြာလှပြီ၊ ငါ့ကို ဒီအဝတ်အစားကြီးနဲ့ သူများတွေ တွေ့သွားမှာစိုးလို့ ခုံနောက်မှာ နင်မလာမချင်း ပုန်းပြီးစောင့်နေခဲ့ရတာ လှုပ်တောင်မလှုပ်ရဲဘူး"

ဖွေးဖွေးမှာ သတို့သမီးအဝတ်အစားတွေနှင့် ဆွတ်ကိုကြည့်ကာ ရင်ဘတ်ကိုဖိလျက် အံ့အားသင့်ဆဲရှိသည်။

"ဆွတ်ရယ် နင် ဘယ်လိုလုပ်လိုက်တာလဲ၊ ဟင် ... ဘာဖြစ်လို့ ထွက်ပြေးလာခဲ့ရတာလဲ၊ ဟိုမှာ ဘယ်လိုဖြစ်ကုန်မယ်ဆိုတာ နင် မသိဘူးလား"

"ဟင့်အင်း ... ငါမသိချင်ဘူး ဖွေးဖွေး၊ အစောကြီးကတည်းက ငါ ကန့်ကွက်ခဲ့တဲ့ကိစ္စပဲ၊ ငါ့သဘော, ငါ့ဆန္ဒ တစ်စက်ကလေးမှမပါဘဲ သူ့ဘာသာ တစ်ဖက်သတ်စီစဉ်ခဲ့တဲ့ မင်္ဂလာပွဲမှာ သူ ဘယ်လိုပဲဖြစ်ကျန်ကျန် ငါ မသိချင်ဘူး ဖွေးဖွေး"





ဆွတ်မှာ အပြစ်တင်သံကဲကာ ပြောလာခဲ့သော ဖွေးဖွေးကို ယတိပြတ်ပင် ပြန်ပြော၏။

ထိုမင်္ဂလာပွဲ ဘာဖြစ်ဖြစ် ဆွတ်စိတ်၌ အရေးမကြီးတော့ပြီ။ လောလောဆယ် ဆွတ်အတွက် အရေးကြီးနေသည်က လိုတရလက်ထဲက လွတ်ဖို့။ လိုတရ မတွေ့နိုင်မည့်၊ မမိနိုင်မည့် တစ်နေရာ၌ ပုန်းအောင်းနေဖို့ပဲ ဖြစ်သည်။

"ငါ ... နိုင်းမရဆီ ဖုန်းခေါ်တော့ မရဘူး"

အံ့သြစွာ, ထိတ်လန့်စွာ စိုက်ကြည့်၍နေသော ဖွေးဖွေးကို ဆွတ်မှာ အစီအစဉ်မကျစွာ ပြန်ပြောပြနေမိသည်။

"နိုင်းမရက အမ်တီဗွီရိုက်ဖို့ ရှမ်းပြည်ဘက် ထွက်သွားတယ်တဲ့"

"ဪ ... နင်က နိုင်းမရသာ ရှိနေရင်တော့ နင် ဘာဖြစ်ဖြစ်, ဘယ်အချိန်မှာပဲဖြစ်ဖြစ်, ဘယ်လိုအခြေအနေမှာပဲ ဖြစ်ဖြစ် ရင်ဖွင့်ကြိုနေပါတယ် ... ဆိုတဲ့ နိုင်းမရရင်ခွင်ထဲ ပြေးပုန်းတော့မယ်ပေါ့ ... ဟုတ်လား"

ဖွေးဖွေးက ခနဲ့စကားဆိုသည်။

ဆွတ်မှာ သက်ပြင်းသာရှိုက်မိလျက် ...

"ဖွေးဖွေး ... လောလောဆယ် ငါ နင့်ဆီမှာ ခဏလောက် ပုန်းနေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ"

ဆွတ်စကားကြောင့် ဖွေးဖွေးမှာ မျက်လုံးပြူးကျယ်သွားရတော့သည်။

"နင် ဘာတွေလုပ်နေတာလဲ ဆွတ်ရဲ့၊ ဒီလိုပုန်းရှုံနဲ့ပြီးမှာလား၊ လိုတရဘက်ကို နင် လုံးဝ လှည့်မကြည့်တော့ဘူးလား"

"ဘာ"

ဖွေးဖွေးစကားကြောင့် ဆွတ်မှာ ဆတ်ဆတ်ခါနာသွားသလို စူးစူးရဲရဲမျက်ဝန်းများဖြင့် မော့ကြည့်သည်။

"လိုတရဘက်ကို ငါက လှည့်ကြည့်ပေးရမယ်ပေါ့ ... ဟုတ်လား၊ နင် အဲ့လိုပြောလိုက်တာလား ဖွေးဖွေး ...၊

ငါ့ဘက်ကို ဘယ်တုန်းကမှ လှည့်ကြည့်ပေးဖော်မရခဲ့တဲ့ လိုတရကို ငါက လှည့်ကြည့်ပေးရမယ်ပေါ့ ...၊

လိုတရဟာ ငယ်ငယ်ကတည်းက ငါ့ကို ဘယ်လောက် အနိုင်ယူခဲ့သလဲဆိုတာ နင်တို့အသိဆုံးပေါ့ ဖွေးဖွေးရယ် ...၊

ဒါတောင် နင်က သူ့ဘက်ကနေ တွေးပေးနေသေးတယ်၊ ရတယ် ဖွေးဖွေး ... နင့်ဆီမှာ ငါ့ကို လက်မခံချင်ရင်လည်း ရတယ် ...၊

ငါ နှိုင်းမရဆီ လိုက်သွားမယ်၊ နှိုင်းမရကို ရအောင်





ဆက်သွယ်မယ်"

စကားဆုံးသည်နှင့် ဆွတ်က ချက်ချင်းထ,ရပ်ကာ တံခါးရှိရာဆီ ခြေလှမ်းဖြစ်သည်။

နူးညံ့ပျော့ပျောင်းမယောင်နှင့် အေးစက်မာကျောတတ်သော ဆွတ်ရဲ့စိတ်ဓာတ်နှင့် လုပ်မယ်လို့ ကြွေးကြော်ပြီးရင် မဖြစ်,ဖြစ်အောင် လုပ်တတ်သော ဆွတ်ဗီဇနှင့်စရိုက်ကို ငယ်ငယ်လေးကတည်းက ပေါင်းလာခဲ့သော ဖွေးဖွေးမှာ အသိဆုံးမို့ ဆွတ် တံခါးဆီ ခြေလှမ်းပြင်တော့ မျက်လုံးပြူးကာ ချက်ချင်းထ,ဆွဲမိသည်။

"ဆွတ် ... ဆွတ် ငါက သဘောပြောပြတာပါ၊ စိတ်မဆိုးပါနဲ့ဟာ၊ ရတယ် ... ငါ့ဆီမှာပဲနေ ... ဘယ်မှမသွားနဲ့၊ နှိုင်းမရက အဖွဲ့နဲ့သွားတာဆိုတော့ နင် မိန်းကလေးတစ်ယောက်တည်း လိုက်သွားလို့ မသင့်တော်ဘူး။ နင်မကြိုက်တာ ငါ မပြောတော့ဘူး ... နော် ဆွတ်"

ဖွေးဖွေးမှာ တင်းမာနေသော ဆွတ်မျက်နှာထားကြောင့် အသည်းအသန် ပြန်ချော့ရလေတော့သည်။

ဆွတ်မှာ မကျေနပ်သေးဘဲ တောင့်မတ်စွာရပ်နေဆဲ။

"လာပါ ဆွတ်ရာ ... လာ အေးအေးဆေးဆေးစကားပြောရအောင် ... လာ"



www.burmeseclassic.com

www.burmeseclassic.com



ဖွေးဖွေးမှာ ကိုယ့်အိမ်မှာနေဖို့ကို အသည်းအသန် ပြန်ချော့ရင်း ဆွတ်ကို ဆွဲခေါ်လာရတော့သည်။

ဆွတ်မှာ တောင့်မတ်စွာ ဖွေးဖွေးရဲ့ ဆွဲခေါ်ရာနောက် ပါလာမိသည်။

ဖွေးဖွေးမှာ ခုနေခါ စိတ်လှုပ်ရှားပူလောင်နေမှာဖြစ်သည်။ ဆွတ်ကို ခရီးဝေး တစ်ယောက်တည်းမလွှတ်ရဲ။

ကိုယ်နှင့်အတူ ရှိနေတာကမှ စိတ်ချရသေးသည်မို့ ခေါ်ထားဖို့ပဲ ဆုံးဖြတ်လိုက်မိသည်။

ဆင်စွယ်ရောင် သတို့သမီးဝတ်စုံကလေးနှင့် အလှကြီးလှကာ ကျက်သရေရှိလွန်းလှသည့် ဆွတ်ကိုကြည့်ကာ ဖွေးဖွေးမှာ လွှတ်ခနဲပင် ...

"ဆွတ်ရယ် ... နင် သိပ်လှတာပဲ"

လို့ ပြောလိုက်မိသည်။

"တကယ်ပြောတာ ... သတို့သမီးဝတ်စုံလေးနဲ့ နင်အရမ်းကျက်သရေရှိတာပဲ၊ လှလိုက်တာကလည်း ရွှေရုပ်လေးအတိုင်းပဲ"

ဖွေးဖွေးသည် တစိမ့်စိမ့်ကြည့်ကာ ပြောနေမိရင်းမှ ဒီလောက် ကျက်သရေရှိတဲ့အလှနဲ့ ခန်းမက ညည်ပရိသတ်ရှေ့ ပွဲထုတ်တဲ့အခါ အားလုံးမှင်တက်ငေးမောမိကြမှာပဲ ... လို့ တွေး





လိုက်မိသည်။

ပြီးတော့ ... လိုတရ ...။

လိုတရလည်း ဒီလောက် ဝင်းမွတ်နုဖပ်ကာ မထိရက် မတို့ရက်စရာ ကျက်သရေရှိရှိ လှပလွန်းနေသည့် သတို့သမီးကလေးကိုတွေ့လျှင် သိပ်မြတ်နိုးမှာ သေချာပါသည်။

ဘယ်လောက်များ ဂုဏ်ယူဝင့်ကြွားလိုက်ရှာမလဲ။

ဖွေးဖွေးက သတိလက်လွတ် ငေးကြည့်နေမိဆဲ။ ဆွတ်သည် အနေခက်သလိုဖြင့် ခုထိလည်း သတို့သမီးပုံစံကြီးအတိုင်း ရှိနေဆဲဖြစ်သော ကိုယ့်ကိုယ်ကိုယ် ပြန်သတိပြုလိုက်မိကာ ...

"စိတ်ကျဉ်းကျပ်လိုက်တာ ဖွေးဖွေးရယ်၊ ငါ့ကို နင့်အဝတ်အစားတွေ ပေးဝတ်ပါလား"

"ဟယ် ... ဆွတ်ရယ် ... မလဲပါနဲ့၊ ဒီအဝတ်အစားနဲ့ နင် အရမ်းကိုလှနေတာ၊ ငါဖြင့် ကြည့်လို့ကိုမဝဘူး"

ဖွေးဖွေးက အဝတ်အစားလဲတော့မယ့်ဆွတ်ကို နှမြောသလို ပြောသည်။

သို့သော် ...

ဆွတ်ကတော့ နဂိုကပင် မကြည့်ချင်တော့သလို ဖြစ်နေတာမို့ ...

"ဘာလဲ ... နင့်အဝတ်အစားတွေ ပေးမဝတ်ချင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လား''

ဟု ဘုတောမိသည်။

ဖွေးဖွေးမှာ ကပျာကယာ လက်ကာပြကာ ...

''အံမယ်လေး ကျောင်းအစ်မရယ် ... အထင်တော်မလွဲလိုက်ပါနဲ့၊ အဲ့ဒီမှာ ဗီရိုတစ်လုံးလုံး ကြိုက်တာယူဝတ်တော်မူပါ ... ဝတ်တော်မူ ...''

အဲဒီတော့မှပဲ ဆွတ်နူတ်ခမ်းလေးတွေ ပြုံးယောင်သန်းနိုင်ကာ ...

''ဒါပဲနော် ဖွေးဖွေး ... ငါက ခြေလွတ်လက်လွတ်ထွက်လာတာနော် ... ဘာဆို ဘာမှ ပါမလာဘူး၊ အဝတ်အစားလည်း ပါမလာဘူး၊ ပိုက်ဆံလည်း တစ်ပြားမှ ပါမလာဘူး၊ အားလုံး နင် အိတ်စိုက်မဲ''

''စိုက်ပါတယ် ... စိုက်ပါတယ်၊ ကြိုက်တာ ယူဝတ်၊ ကြိုက်တာယူစား၊ ပိုက်ဆံလည်း အဲ့ဒီအံဆွဲထဲမှာ ကြိုက်သလောက် ယူသုံး၊ အစ်မဖုရားကို တစ်ခွန်းမပြောရဲပြီ''

ဆွတ် ... ခုမှ 'ခစ်' ခနဲ ရယ်၏။

''လောလောဆယ် ဆာတယ်''

ဆွတ် ဂါဝန်တိုပွပွလေးတစ်ထည် ယဲဝတ်ရင်းက ပြောသည်။





မနက်မိုးလင်းကတည်းက လိုတရရဲ့အစီအစဉ်အတိုင်း ရေမိုးချိုးကာ ဟိုတယ်လ်သွားပြီး အလုပြင်ခဲ့ရသည်မို့ ဗိုက်ထဲ၌ ဘာမှမရှိ။

ကိုယ်နှင့်အတိဖြစ်၍နေသော ဝတ်စုံကျပ်ကျပ်ကြီးကို ချွတ်လိုက်တော့မှ အစာအိမ်က ဆန္ဒပြတော့သည်။

''ဘာစားချင်လဲ ပြော ... ဘာလုပ်ပေးရမလဲ''

''ဂျုစ်နဲ့ အသားညှပ်မုန့်တစ်မျိုးမျိုးပေါ့''

''အိုကေ ... ချက်ချင်းလုပ်ပေးမယ်''

''ဂျုစ်က ရေခဲတုံးမထည့်နဲ့နော်''

''ဘူးနဲ့ပဲ သောက်မလား၊ အော်ရင့်ဂျ် (orange) ရှိတယ်''

''ရတယ်''

လိုတရသာဆို ခုနေမျိုးမှာ ဆွတ်အကြိုက်ကို သိပြီးသားပင်။

ဆွတ်က ဂျုစ်ဆို ဘူးအတိုင်း ဖရစ် (fridge) ထဲ အအေးခံထားတာကိုသာ သောက်တတ်သူ။

အဆီတို့ အမှုန့်တို့ကို ဖျော်ပြီး ရေခဲတုံးထည့်တာမျိုးဆို မသောက်တတ်။

နည်းနည်းမှလည်း မကြိုက်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ...

မုန့်ဆိုရင်လည်း ပေါင်မုန့်နုနုလေးထဲ ကြက်ပြားကြော်လေး၊ ကြက်ဥဟက်ဖရိုက်ကြော်လေး၊ ဝက်အူချောင်းအကွင်းပါးပါးလေးတွေ ညှပ်ထည့်ထားတာမျိုးကိုမှ ကြိုက်တတ်တာဖြစ်သည်။

အဲ့ဒါမျိုးကို ငယ်ငယ်ကတည်းက လိုတရတို့က သိပြီးသားပင်။

ငါဗိုက်ဆာတယ် ပြောလိုက်မိတာနှင့် သူကိုယ်တိုင် ဆွတ်အကြိုက်ကို ချက်ချင်း ထ,လုပ်ပေးတတ်သော လိုတရပဲဖြစ်သည်။

ဆွတ်ကသာ သူ ဘာကြိုက်တတ်သည်ဆိုတာကို မသိပေမယ့် ...

သူကတော့ ဆွတ်အကြိုက်ကို အားလုံးသိပြီးသားဖြစ်သည်။

ဆွတ်သည် ဘယ်လိုကဘယ်လို အတွေးထဲ သူ့ကို ထည့်တွေးလိုက်မိသည် မသိပေမယ့် ...

ကိုယ့်အတွေးကို သတိထားလိုက်မိလျှင် ချက်ချင်းပင်သွားစမ်း ...

လိုတရနာမည်ကို တစ်သက်သတိမရတော့ဘူး ... ဟု





ကိုယ့်ကိုယ်ကိုယ် ကျိန်ဆိုလိုက်မိသည်။

"ကဲ ... ရပြီ ဆွတ်ရေ နင် ကြိုက်ပါ့မလားတော့ မသိဘူး၊ ငါက နင့်အကြိုက်မှမသိတာ၊ နင့်အကြိုက်ကို သိတာ က ..."

ဖွေးဖွေးကလည်း သတိလက်လွတ်ပင် လိုတရတစ်ယောက်ပဲရှိတာ ... ဟု ပြောမိတော့ဆဲဆဲ စူးခနဲကြည့်လိုက်သော ဆွတ်ရဲ့မျက်ဝန်းများကြောင့် မုန့်လင်ပန်းကြီးကိုင်လျက်သားနှင့် ချက်ချင်း စကားရပ်တန့်ကာ ကမန်းကတန်း ပါးစပ်ပိတ်လိုက်ရတော့သည်။

"ဟိုလေ ... နင့်အကြိုက်ကိုသိတာက နင့်အမေတစ်ယောက်ပဲ ရှိမှာပေါ့နော်"

ဖွေးဖွေး ကပျာကယာ စကားလျှော့ချသည်။

နောက်ထပ်လည်း ဖွေးဖွေး စကားမဆက်ရဲတော့။

သူ့အကြိုက်မဖြစ်သည့်တိုင် ဆာလောင်မွတ်သိပ်လွန်းနေပြီမို့ ...

အားပါးတရ မြိန်ရေရှက်ရေစားနေသော ဆွတ်ကိုကြည့်ကာ သက်ပြင်းခိုးရှိုက်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖွေးဖွေးမှာ ပြောချင်လှပြီဖြစ်သော်လည်း ဆွတ်အခြေအနေကိုကြည့်ကာ မပြောရဲ။

ဆွတ်မျက်နှာထား တင်းမာမှုလျော့နည်းလာတော့မှ မရဲတရဲ စကားစ,ကြည့်ဖို့ ကြိုးစားမိသည်။

"ဆွတ် ... နင် စိတ်မဆိုးနဲ့နော် ... ငါ နင့်ကို ပြောပြချင်တာရှိလို့"

ဖွေးဖွေးစကား ကြားလိုက်ရသည်နှင့် လိုတရနှင့်ပတ်သက်တဲ့ အကြောင်းအရာ ပြောချင်လို့သာ ဒီလောက် လမ်းခင်းနေတယ်ဆိုတာ ဆွတ်နားလည်ကာ ကိုယ်လေး ဆတ်ခနဲ တောင့်မတ်သွားမိသည်။

ဖွေးဖွေးမှာ ဆွတ်ကို မဝံ့မရဲကြည့်လျက် ...

"ဟိုလေ ... နင် မကြားချင်တဲ့နာမည်မပါအောင် ငါ ပြောပါ့မယ်"

ဆွတ် ငြိမ်သက်နေမိသည်။

စိတ်မဝင်စားဘူးဟု ကြွေးကြော်ခဲ့သည့်တိုင် တကယ်တမ်းကျ သိချင်သေးသောမိန်းကလေးဇီဇက ခေါင်းထောင်ထ၏။

ဖွေးဖွေးမှာလည်း ဆွတ်က ဟင့်အင်းဟု မငြင်းသည်မို့





"ဒီနေ့ ငါရောက်ခဲ့တဲ့ ဝက်ဒင် (wedding) အကြောင်းလေး ပြောပြချင်လို့"

ဖွေးဖွေး နည်းနည်းလေး အားတက်လာလျက် စကားဆက်သည်။ ဆွတ် အဟင့်ခနဲ မထိတရီ အသံထွက်ရယ်မိလျက်

"သတို့သမီးမပါတဲ့ ဝက်ဒင် ... လား"

လို့ ပြန်မေးလိုက်မိသည်။

သတို့သမီးမရှိဘူးဆိုမှတော့ ဒီမင်္ဂလာညည့်ခံပွဲက ဘယ်လိုအထမြောက်တော့မှာလဲ။

တစ်သက်လုံးက ဆွတ်ကို ဗိုလ်ကျအနိုင်ကျင့်ခဲ့တဲ့ လိုတရတစ်ယောက် လူအများရှေ့မှာ အရှက်ကွဲပြီးနေပြီပေါ့။

လိုတရရယ် ...

တစ်ရာတန်လေး ဆယ့်ငါးရွက်ပေးခဲ့ရုံနဲ့ နင် ငါ့ကို တကယ်မပိုင်ပါဘူး။

ဆွတ်က ကျေနပ်အားရစွာ စိတ်ထဲ၌ ဟစ်ကြွေးနေမိဆဲ။

ဖွေးဖွေးက ဆွတ်မျက်နှာကို ရီဝေစွာကြည့်လျက်က ခေါင်းယမ်းပြကာ ...

"ဝက်ဒင်က ပြီးစီးအောင်မြင်ခဲ့တယ် ဆွတ်"

"ဘာ"

ဆွတ် ... နေရာမှ ချက်ချင်း ခုန်ထကာ အလန့်တကြား



www.burmeseclassic.com

www.burmeseclassic.com



အော်လိုက်မိသည်။

"ဝက်ဒင်က ပြီးစီးအောင်မြင်ခဲ့တယ် ... ဟုတ်လား။ သတို့သမီး မပါဘဲနဲ့လေ"

စူးရဲလှသည့် မျက်ဝန်းများက အရောင်တဖျပ်ဖျပ်ထ၊ တောက်လျက် ဆွတ် အံ့သြလွန်းကြီးစွာ ပြန်မေးလိုက်သည်။

"သ ... သတို့သားက အစားထိုးပြီး မင်္ဂလာဆောင်ခဲ့တယ်"

"ဘာ ... အစားထိုးပြီးတော့ ... ဟုတ်လား ... ဟင် ဖွေးဖွေး၊ နင် ငါ့ကို ပြောပြစမ်းပါ ... သူ ဘယ်သူနဲ့ အစားထိုးပြီး မင်္ဂလာဆောင်ခဲ့တာလဲ ... ဟင် ဖွေးဖွေး ... နင် ငါ့ကို မြန်မြန် ပြောပြစမ်းပါ"

လုံးဝစိတ်မဝင်စားဘူး ... ဟု ဟစ်ကြွေးကြော်ခဲ့သော ဆွတ်မှာ ခုတော့ ဖွေးဖွေးပခုံးနှစ်ဖက်ကို သတိလက်လွတ် ဆုပ်ကိုင်လှုပ်ယမ်းရင်းက အငမ်းမရ မေးနေလေသည်။

"အရမ်းကိုဆန်းကြယ်တဲ့ ဝက်ဒင်ပါပဲ ဆွတ်ရယ်၊ ဒီလို အဖြစ်မျိုး ကမ္ဘာပေါ်မှာ နှစ်ခုမရှိနိုင်ဘူးလို့ ငါ ယုံကြည်တယ်"

ဖွေးဖွေးက သက်ပြင်းရှိုက်သံနှင့်အတူ ပြောလေသည်။



## အခန်း (၁၃)

**သ**တို့သမီး မရှိတော့ဘူး။

ဘုရားရေ ...

ဟုတ်ရဲ့လား ...

ဟုတ်တယ် ... သတို့သမီး မရှိတော့ဘူး။

အိုး ... သေချာရှာကြစမ်းပါဦး ... တိုင်းလက်တွေ၊ ဘာတွေများ ...။

သေချာတယ် ... နှံ့နေပြီ ရှာတာ ... မရှိဘူး။

ဘုရားရေ ... ဒါဆို ...

သတို့သမီး ပျောက်နေတယ်။

သတို့သားကို အမြန်သွားပြော ... အချိန်မီ စီစဉ်စရာ ရှိတာ စီစဉ်ရအောင်။



www.burmeseclassic.com

www.burmeseclassic.com



လိုတရ ...

လိုတရရေ ...

"ဘာ ... ဆွတ်,မရှိတော့ဘူး ... ဟုတ်လား"

သတင်းကြားကြားချင်း လိုတရမှာ မျက်လုံးပြူးသွားရပြီး အံ့ဩထိတ်လန့်စွာ ဟိန်းခနဲ ထ,အော်၏။

"ဟာ ... ဘယ်ဖြစ်မလဲ၊ မရှိလို့ ဘယ်ဖြစ်မလဲ၊ ရှာကြစမ်းပါဦး ... အသေအချာ ရှာကြစမ်းပါဦး"

လိုတရမှာ ချက်ချင်းပင် ပျာယာခတ်သွားရသည်။

ခန္ဓာကိုယ်တစ်ခုလုံး၌ရှိသော သွေးကြောများ ပေါက်ကွဲထွက်တော့မတတ် ထူပူအမ်းထုံနေမိသည်။

ဒါ ... ဒါဟာ ... တကယ်ပဲလား။

မဖြစ်နိုင်ဘူး။

မယုံဘူး။

"ရှာတာနဲ့နေပြီ ... ဘယ်မှာမှ ရှာလို့မတွေ့ဘူး၊ အလုပြင်နေရင်းကနေ မာမီက တွိုင်းလက်ခဏာသွားတုန်း ပျောက်





သွားတာဝဲ"

"ဘာ ... သောက်သုံးမကျတဲ့ အခြောက်မ၊ သူ ပေါ့လျော့လို့ ဆွတ် ပျောက်သွားရတာပေါ့ ... ဟုတ်လား"

"လိုတရ .. ဒေါသကြီးမနေနဲ့၊ သူလည်း ဘာသိမှာလဲ၊ အခု ဘာဆက်လုပ်မှာလဲ ... စဉ်းစား"

စဉ်းစား ... တဲ့။

ခုလိုအချိန်မှာ သူ ဘာကိုများ စဉ်းစားနိုင်မှာတဲ့လဲ။

ခေါင်းတစ်ခုလုံး ပွင့်ကွဲထွက်တော့မတတ်။

ရင်ထဲမှာလည်း မီးဟုန်းဟုန်းတောက်နေပြီ။

"ပျောက်တာ တကယ်သေချာရဲ့လား"

ပျာယာခတ်နေမိရင်းမှ သူ့လက်သီးကို တင်းတင်းဆုပ်ကာ စိတ်တည်ငြိမ်အောင် ကြိုးစားလျက် မေးလိုက်သည်။

"သေချာတယ် ... ရှာတာနဲ့နေပြီ"

အားလုံးက တညီတညွတ်တည်း ပြန်ဖြေကြလျှင် နေရာ၌တင် လိုတရတစ်ယောက် ခြေပစ်လက်ပစ် ထိုင်ချလိုက်မိတော့သည်။

မယုံနိုင်။

ဆွတ်ရယ် ...

ရက်စက်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ခန်းမထဲ ဝင်ခါနီးတော့မှ ရက်ရက်စက်စက်လုပ်ရက်လိုက်တာ။

ညှော်ပရိသတ်အများကြီးရှေ့ ငါ့ကို တစ်ယောက်တည်းနင် ထားရက်ခဲ့တယ် ဆွတ်ရယ်။

ငါ ဘယ်လိုများ ဖြစ်ကျန်ခဲ့မလဲဆိုတာ နင် နည်းနည်းမှ မတွေးမိဘူးလား။

ငါ့ဘက်ကို နည်းနည်းကလေးမှ စာနာပေးဖော်မရတော့ဘူးလားဟာ။

နင့်ကို ဆုံးရှုံးရမှာကြောက်တဲ့စိတ် ...

နှိုင်းမရလက်ထဲ နင်ပါသွားမှာ စိုးရိမ်တဲ့စိတ်နဲ့ အတင်းအကျပ်လုပ်လိုက်မိတဲ့ ငါ့ရဲ့တစ်ဖွတ်ထိုးလုပ်ရပ်ကြောင့် နင် ငါ့ကိုအရမ်းကို ခါးသီးမုန်းတီးနေမယ်ဆိုတာ ငါသိပါတယ်။

ဒါပေမဲ့ ...

ဒီလောက်ထိတော့ နင် ရက်စက်ရက်လိမ့်မယ်လို့ ငါ မထင်ခဲ့မိဘူး။

ရင်ထဲဆို့နင့်ကြေကွဲနေမိလျက်က ဆွတ် နာနာကြည်းကြည်းပြောခဲ့ဖူးသော စကားများကို ပြန်ကြားယောင်နေမိပြန်သည်။

''နင့်သဘောနဲ့နင် စီစဉ်နေတဲ့ မင်္ဂလာပွဲဟာ ငါ့အတွက်





တော့ ဘာအဓိပ္ပာယ်မှမရှိဘူး၊ ငါ့အတွက်ကတော့ မင်္ဂလာပွဲမဟုတ်ဘူး၊ ငါ့ရုပ်ခန္ဓာနဲ့ ငါ့အသည်းနှလုံးကို အသတ်ခံလိုက်ရတဲ့ငါ့ရဲ့အသုဘပွဲပဲ''

''ရတယ် လိုတရ ... နင်ကြိုက်တဲ့အရောင်ဝယ်၊ ကြိုက်တဲ့ပုံစံချုပ်၊ နင် တစ်ဖက်သတ်စီစဉ်တဲ့ မင်္ဂလာပွဲမှာ ငါက သတို့သမီးအရုပ်တစ်ရုပ်အဖြစ် နေပေးမယ်၊ ကျေနပ်တယ် မဟုတ်လား''

သတို့သမီးအရုပ် ...

ဆွတ် နာနာကြည်းကြည်းပြောခဲ့ဖူးသော စကားကို ပြန်ကြားယောင်မိလျှင် ခြေပစ်လက်ပစ်ထိုင်နေမိရာမှ ခန္ဓာကိုယ်မှာ ဆတ်ခနဲတောင့်မတ်သွားခဲ့ရသည်။

ထို့နောက် ...

ပူပြင်းတောက်လောင်ကာ ကစဉ့်ကလျားဖြစ်နေမိသည့် စိတ်အတွေးတွေက ဟိုးအတိတ်ဆီ ရောက်သွားမိပြန်သည်။

''မေမေ ... သားကို အဲ့ဒီအရုပ်ကလေး ဝယ်ပေးပါ''

''ဟုတ်တယ်လေ ... အဲ့ဒီအရုပ်မလေးကို သားလိုချင်တယ်၊ သား အဲ့ဒီအရုပ်မလေးနဲ့ ဆော့ချင်တယ်၊ သားကို ဝယ်ပေးပါ၊ ဝယ်ပေးနော် မေမေ''

''မရဘူး ဝယ်ပေး ... ခုချက်ချင်း ဝယ်ပေး၊ အဲ့ဒီအရုပ်



www.burmeseclassic.com

www.burmeseclassic.com



မလေးကို ခုချက်ချင်း ရအောင်ဝယ်ပေး''

''မေမေ ... သားကို အရုပ်ဝယ်ပေး၊ ဟိုဘက်ခြံက အရုပ်ဝယ်ပေး''

''လာပါပြီဗျာ ... ကိုလိုတရ လိုချင်တဲ့ အရုပ်မလှလှလေး လာပါပြီခင်ဗျာ''

''ဟာ ... ဖေဖေ တကယ်ဝယ်လာတာပဲ ... ပေးဖေဖေ''

တကယ့် လူသားအစစ်ကဲ့သို့ အိအိကလေးဖြစ်နေကာ ပါးအို့နီနီ၊ မျက်သားပြာပြာနှင့် အရုပ်မကလေး။

လိုတရ အဖေဖြစ်သူ ပွေ့ချီလာသော အရုပ်မကလေးကိုမြင်လျှင် ထိတ်ခနဲဝမ်းသာသွား၏။

သို့သော် ...

ဖေဖေ့လက်ထဲက လက်ပြောင်းလွှဲယူတော့မှ သိလိုက်ရသောခံစားမှု။

''ဟင် ... ဒါကြီးက အရုပ်ပဲ''

အရုပ် ...

အရုပ် ...

ရင်ထဲ၌ ပွဲတင်ထပ်နေမိလျက် ...

''အရုပ်''





လိုတရ လွှတ်ခနဲ ရေရွတ်လိုက်မိ၏။

''ဟင်''

''ဘယ်လို''

ဘေးမှလူများ အံ့သြကြောင်သက်သွားကြသည်။

''ဟာ ... ဟုတ်ပြီ''

ဖျတ်ခနဲ ခေါင်းထဲလင်းသွားကာ လိုတရ 'ဖြောင်း'ခနဲ မြည်အောင် လက်ဖျောက်ထ,တီးလိုက်မိသည်။

အားလုံးမှာ လိုတရကို အံ့သြကြောင်ငေးကြည့်နေဆဲ ... လိုတရမှာ စိတ်ထွက်ပေါက်ရသွားသလို ပြုံးလျက် ...

''အရုပ်တစ်ရုပ် အမြန်ဆုံး သွားဝယ်ပေးကြပါ''

ဟု တစ်ခွန်းတည်းသောစကားကို ပြောလိုက်လေသည်။

''အရုပ် ... အရုပ် ... ဟုတ်လား၊ အရုပ် ဘာလုပ်ဖို့လဲ လိုတရ''

ရဲရဲက လိုတရကို နားမလည်သလို ပြန်မေးသည်။

''မမေးနဲ့ ရဲရဲ ... မင်းတို့ကို ရှင်းပြဖို့ အချိန်မရှိတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အခု အရေးကြီးတာက မင်းနဲ့မွန်ကြီး ငါတို့မင်္ဂလာဝတ်စုံ ချုပ်ပေးတဲ့ ဖက်ရှင်ဆိုင်ကို အမြန်ပြေး ...၊

Show room မှာထားတဲ့အရုပ်ကို ဝယ်လာခဲ့၊ ပြီးတော့ ... ဆင်စွယ်ရောင်သတို့သမီးဝတ်စုံ, လက်ဝတ်ရတနာတွေအားလုံး တစ်ခါတည်း ဆင်လာခဲ့ ...၊

ငါမှာတာ မမေ့နဲ့နော်၊ မှားလည်း မမှားစေနဲ့၊ အခု အမြန်သွားယူကြ''

ရဲရဲနှင့်မွန်ကြီးမှာ ဘာမှနားမလည်နိုင်တော့သော်လည်း ...

ခုချိန်မှာ လိုတရ စိတ်ချမ်းသာဖို့က အရေးကြီးသည်မို့ သူပြောသည့်အတိုင်း ဖြစ်အောင်လုပ်ပေးဖို့သာ ဆုံးဖြတ်လိုက်မိသည်။

အချိန်မှာ အရမ်းနီးကပ်နေပြီမို့ ... အားလုံးမှာ လူစုခွဲကာ တက်သုတ်ရိုက် စီစဉ်နေရသည်။

မင်္ဂလာပွဲကျင်းပရန် မိနစ်ပိုင်းမျှသာအလို၌ ...

အဖိုးထိုက်တန်လှသော အိစက်ကြွရွ၍နေသည့် ဆင်စွယ်ရောင် သတို့သမီးဝတ်စုံနှင့် ...

မီးရောင်အောက်၌ တဖျပ်ဖျပ်လက်ကာ တောက်ပနေသော လက်ဝတ်လက်စား အပြည့်အစုံ ဆင်ယင်ထားသည့်





သတို့သမီးအရုပ်တစ်ရုပ်မှာ လိုတရရှေ့ ရောက်လာခဲ့သည်။

''အိုကေ ...ကြိုက်တယ်''

လိုတရက ကျေနပ်စွာ ရေရွတ်လိုက်လျှင် အားလုံးမှာ လိုတရ ဘာလုပ်မှာလဲဆိုတာ သိချင်ဇောဖြင့် လိုတရမျက်နှာကို စိတ်ဝင်တစားကြည့်နေမိကြသည်။

''မင်္ဂလာပွဲ ကျင်းပမယ်''

''ဘာ''

လိုတရကြေညာချက်ကြောင့် အားလုံးမှာ တအံ့တသြ ဖြစ်သွားကြသည်။

''မဖျက်ဘူး၊ မင်္ဂလာပွဲကို မဖျက်ဘူး၊ အစီအစဉ်အတိုင်း ကျင်းပမယ်''

''လိုတရ''

သူငယ်ချင်းများမှာ အထိတ်တလန့် ဖြစ်ကုန်ကြသည်။

''ငါ့သတို့သမီးရှိတယ်၊ ဒီမှာ ...ဝတ်စုံပြည့်, လက်ဝတ်ရတနာပြည့်နဲ့ သတို့သမီးအင်္ဂါရပ်နဲ့ ပြည့်စုံတဲ့ ငါ့သတို့သမီး ရှိတယ်''

''လိုတရ ...ဒါ ...ဒါ ...အရုပ်ပဲ''

''အရုပ် ...ဘာဖြစ်လဲ၊ သတို့သမီးအရုပ်နဲ့ မင်္ဂလာဆောင်တော့ ဘာဖြစ်လဲ၊ ဘယ်သူတွေ ဘာပြောချင်လဲ ...၊



www.burmeseclassic.com

www.burmeseclassic.com



သတို့သမီး ပျောက်သွားတာနဲ့ ငါ့မင်္ဂလာပွဲ မပျက်စေရဘူး ... သတို့သမီးအရုပ်နဲ့ ဆောင်မယ်"

"လို ... လိုတရ"

"မပြောနဲ့ ... မတားနဲ့ ... ဘယ်သူမှ ဘာမှမပြောနဲ့၊ ဘယ်သူမှ မတားနဲ့၊ ငါ့မင်္ဂလာဆောင်မှာ ငါ့သဘောအတိုင်း ငါ့ဘာသာ ဘာလုပ်လုပ် ...၊

ကဲ ... မင်္ဂလာအချိန်ရောက်တာနဲ့ အစီအစဉ်အတိုင်း ခန်းမထဲ ဝင်မယ်၊ အရုပ်ကို ဘီးတပ်လိုက်တော့ ..."

အေးခဲငြိမ်သက်လွန်းစွာ သံပြတ်နှင့်ပြောနေသော လိုတရပုံစံကြောင့် ဘယ်သူမှ စောဒက မတက်ရဲ။

သူငယ်များများမှာ အရုပ်ကို ကပျာကယာ ဘီးတပ်ပေးလိုက်ကြသည်။

အားလုံးမှာ လိုတရကိုကြည့်ကာ တထိတ်ထိတ်ဖြစ်နေမိကြသည်။

လူမှုရေးအရ ပါးစပ်မှ ဖွင့်ထုတ်ပင်မပြောသည့်တိုင် စိတ်ထဲ၌တော့ ကိုယ်စီတွေးမိကြသည်မှာ ...

သွားပြီ ...

လိုတရတစ်ယောက်တော့ စိတ်ထိခိုက်ရာလွန်းလို့ ရူးသွပ်သွားပြီ ...





ဟုပင် ...။

လိုတရရဲ့မိဘနှစ်ပါးရော၊ သူငယ်ချင်းများပါ လိုတရကို ကြည့်ကာ စိုးရိမ်နေမိကြသည်။

အရုပ်နှင့်တွဲကာ ခန်းမထဲဝင်ဖို့ လိုတရ ပြင်လျှင် ဆွတ်ရဲ့မိဘများမှာ တွေ့ပြီးဖြုတ်ခဲ့သော သမီးဖြစ်သူရဲ့လုပ်ရပ်အတွက် ရှက်လည်းရှက်၊ မျက်နှာလည်းပူကာ ခေါင်းများငုံ့လျက် ဘာစကားမှ မဆိုနိုင်တော့ဘဲ ခြေလှမ်းကျဲကြီးများဖြင့် ပြန်လေတော့သည်။

"ကဲ ... ဦးဦးနဲ့တီတီတို့ကတော့ ပြန်သွားပြီ၊ ဖေဖေနဲ့ မေမေကရော"

လိုတရက အဖေနှင့်အမေရှေ့သွားကာ မေးသည်။

ဦးအောင်သူရနှင့်ဒေါ်အေးသန္တာတို့မှာ မီးတောက်နေရှာမည့် သားဖြစ်သူရဲ့ ရင်ထဲကခံစားချက်ကို စာနာနားလည်စွာဖြင့် သားမျက်နှာကိုကြည့်လျက် ...

"သားရယ် ... သားရဲ့မင်္ဂလာပွဲမှာ သားရဲ့ဆန္ဒတွေ အားလုံးပြည့်ဝစေရပါ့မယ်၊ ဖေဖေနဲ့မေမေ နောက်ကနေ လိုက်ခဲ့မှာပေါ့"

"ကျေးဇူးတင်ပါတယ် ဖေဖေနဲ့မေမေ"

လိုတရက မိဘနှစ်ပါးကို လှိုက်လှိုက်လှဲလှဲပင် ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တင်မိသည်။

မိဘနှစ်ပါးမှာတော့ သားဖြစ်သူကိုကြည့်ကာ ဘာစကားမှ မဆိုရက်တော့။

ငယ်စဉ်ကတည်းက လိုတရဆိုသည်မှာ နာမည်နှင့်လိုက်အောင် လိုတာတ,တိုင်း ရ,အောင် ဖြည့်ဆည်းပေးခဲ့သည့် မိဘနှစ်ပါးမှာ ...

အခု သားဖြစ်သူက အရုပ်နှင့် မင်္ဂလာဆောင်မယ်ဆိုတော့လည်း သားနောက်မှ မားမားမတ်မတ်ရပ်တည်ပေးဖို့ ဆုံးဖြတ်လိုက်ကြသည်။

သားဖြစ်စေချင်သောဆန္ဒအတိုင်းပင် သတို့သမီး ပျောက်ဆုံးသွား၍ သားရဲ့မင်္ဂလာပွဲ မပျက်စေရ။

သားဖြစ်သူရဲ့အခြေအနေ ပေါက်ကွဲမသွားရအောင် မိုးရိမ်တကြီးနှင့် ဖေးမပေးဖို့ အသင့်ဖြစ်နေကြသည်။

အရုပ်နှင့်တွဲပြီ မင်္ဂလာဆောင်ရမယ့် သားဖြစ်သူရဲ့နုဖပ်ရှင်းသန့်လှသည့် မျက်နှာချောချောကလေးကိုကြည့်ကာ နှစ်ယောက်စလုံး ရင်ထဲ၌ ယူကျုံးမရ။

ဟောလီးဝုဒ်မင်းသားကလေးလို ချောမွေ့လွန်းလှတဲ့ ဟော့ဒီမျက်နှာကလေးဟာ အရုပ်နှင့်မင်္ဂလာဆောင်ဖို့ ထိုက်တန်ပါရဲ့လားကွယ်။





ဘယ်လိုပဲ ဝတ်ကောင်းစားလှတွေ ဝတ်ပေးထားထား ဘယ်လောက် တန်ဖိုးကြီးလှတဲ့ လက်ဝတ်ရတနာတွေ ဆင်ပေးထားထား အရုပ်ဟာ အရုပ်ပဲ မဟုတ်လား။

"အိုကေ ... မင်္ဂလာအချိန်ကျရောက်ပြီ၊ ကဲ ... ပန်းကြဲတဲ့ကလေးလေးကို ရှေ့က စ,လွှတ်လိုက်ပေတော့"

"သား ... နောက်က လိုက်ခဲ့မယ်၊ ပြီးရင် ... ဖေဖေနဲ့မေမေနော်၊ ပြီးတော့ ... အရံတွေ, ဗန်းကိုင်တွေ, အားလုံးအသင့်ပြင်ထားကြ ... ကဲ"

လိုတရက "ကဲ" ဟု အချက်ပေးလိုက်သည်နှင့် အားလုံးမှာ ခန်းမထဲဝင်ရန် အသင့်အနေအထားပြင်လိုက်ကြသည်။

ထို့နောက် ...

တီးဝိုင်းဆီမှ အခါတော်ပေးတေးသံမှာ ကြည်နူးစဖွယ်လွင့်ပျံ့လာတော့သည်။

♫ ××× အခါတော်ပေးတာက ××× ♫

ကြည်လင်ချိုမြလှသော တေးသံနှင့်အတူ လိုတရမှာ ဘီးတပ်ထားသော သတို့သမီးအရုပ်နှင့် လက်ချင်းချိတ်တွဲ၍ ခန်းမထဲ တစ်လှမ်းချင်း ဣန္ဒြေရစွာ လှမ်းသည်။

အရုပ်နှင့်လက်ချင်းချိတ်ကာ မင်္ဂလာခန်းမထဲ ဝင်သွားရှာသော သားဖြစ်သူကိုကြည့်ကာ ဒေါ်အေးသန္တာမှာ မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



မကျရအောင် အတော်ထိန်းရရှာပါ၏။

ပန်းကြဲသော ကလေးမလေးအပါအဝင် အရံများ၊ ဗန်းကိုင်များအားလုံးမှာ အသက်မပါလှသော အရုပ်နှင့်မင်္ဂလာဆောင်ပွဲ၌ ကြောင်စီစီဖြစ်နေကြသည်။

လိုတရတစ်ယောက် အရုပ်ကို လက်ချင်းချိတ်ကာ ခန်းမထဲဝင်လိုက်သည်နှင့် ...

သတို့သား၊ သတို့သမီးကို ကြည့်၍ စောင့်မျှော်နေကြသည့် ဧည့်ပရိသတ်များအားလုံးဆီမှ ...

'ဟာ' ခနဲ ...

'ဟယ်' ခနဲ ...

ထိန်းချုပ်မရသော အာမေဋိတ်သံကြီးများမှာ ခန်းမတစ်ခုလုံး ပြည့်လျှံဆူလှိုက်တက်လာခဲ့သည်။

"ဟယ် ... အရုပ်ကြီးနဲ့ ထွက်လာတယ်"

"ဘုရားရေ ... သတို့သမီးက ဘယ်ရောက်သွားလို့လဲ"

"အို ... အချိန်ကပ်ပြီးမှ ထွက်ပြေးသွားတာလားမှ မသိတာ"

"ဆိုးလိုက်တာ"

"ကြားရတာ ဖက်ဆွတ်မိုးက လိုတရကို လုံးဝမချစ်ဘူးတဲ့"





"လူကြီးတွေ အတင်းစီစဉ်လို့ဖြစ်မှာပေါ့"

"အို ... ဘာပဲဖြစ်ဖြစ် အရုပ်နဲ့တွဲပြီး မင်္ဂလာဆောင်တာကတော့ ရုပ်ပျက်လွန်းပါတယ်"

"အေးတယ် ... အိုင်သာဆို ရှက်လွန်းလို့ လဲသေမှာပဲ"

"လိုတရက နိုင်ငံခြားကပြန်လာမှ ဂေါက်သွားပြီလားမှ မသိတာ"

အမျိုးမျိုးသော ဝေဖန်သံများကို လျှောက်လမ်းတစ်လျှောက် ကြားနေရသည့်တိုင် လိုတရ တစ်ချက်ခြေလှမ်းမပျက်၊ မျက်နှာလည်း ပျက်မသွား။

သတို့သားတစ်ယောက်ရဲ့ ရင်ခုန်ပြုံးတစ်ခုဖြစ်အောင် နှုတ်ခမ်းကို ခပ်လွန့်လွန့်ပြုံးထားသည်။

ဦးအောင်သူရနှင့် ဒေါ်အေးသန္တာတို့မှာလည်း ဧည့်ပရိသတ်အများရှေ့ အရုပ်နှင့်တွဲကာ လျှောက်နေရသည့်အတွက် သား အားမငယ်ရစေရန် ရင်ထဲ၌ မချိသော်လည်း ပြုံးနေကြရသည်။

သူငယ်ချင်းများမှာလည်း လိုတရကိုကြည့်ကာ စိုးရိမ်စိတ်ဖြင့် တထိတ်ထိတ်။

ကြောင်အမ်းအမ်းဖြစ်နေသည့် ကင်မရာမင်းများကိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုတရက လှမ်းပြောလိုက်သေးသည်။

"ဓာတ်ပုံဆရာတွေရော၊ ဗွီဒီယိုသမားတွေရော ရိုက်ပေးကြပါ၊ ကျွန်တော့်မင်္ဂလာညစာခံပွဲကို အကောင်းဆုံးဖြစ်အောင် မှတ်တမ်းတင်ပေးကြပါ"

လိုတရပြောလိုက်သောစကားကြောင့် ကင်မရာမင်းများမှာ လိုတရနှင့် သတို့သမီးအရုပ်ကိုပင် ရှုထောင့်တစ်မျိုးမျိုးမှနေ မှတ်တမ်းတင် ရိုက်ပေးနေရတော့သည်။

ထို့နောက် ...

လိုတရမှာ သတို့သမီးအရုပ်နှင့် တွဲလျက်ပင် စင်မြင့်ပေါ်၌ နေရာယူ၏။

ဘိသိက်မြှောက်ခြင်း ...

ဩဘာစာဖတ်ခြင်း ... များကို ထုံးတမ်းစဉ်လာအတိုင်းပင် ပြုလုပ်၏။

ဩဘာဆရာဆီမှ ...

"မောင်လိုတရနှင့် မဖက်ဆွတ်မိုး"

ဟု စကားထဲ နာမည်ထည့်ဖတ်တိုင်း လိုတရမှာ သတို့သမီးအရုပ်ဘက်လှည့်ကာ ဖက်ဆွတ်မိုးအစစ်ကဲ့သို့ လှည့်လှည့်ပြုံးပြလေသည်။

လိုတရရဲ့အပြုအမူများကို ဘယ်သူမှ နားမလည်နိုင်





တော့။

ဩဘာစာဖတ်ပြီး၍ မင်္ဂလာမုန့်များနှင့် ညစာခံကျွေးမွေးသည့်အချိန်ရောက်လျှင်လည်း ...

သတို့သမီးအရုပ်ကို မုန့်ခွံ့ကျွေးသည့်ပုံကို ကင်မရာမင်းများအား ရိုက်စေသည်။

ပြီးလျှင် ညစာပရိသတ်များအား ညစာခံရန် စားပွဲဝိုင်းတွေဆီ အရုပ်နှင့်ယှဉ်တွဲ လက်တွဲ၍ ဆင်းပြန်၏။

"ချီးမြှင့်ပေးတာ ကျေးဇူးတင်ပါတယ် အန်ကယ်လ်"

"သုံးဆောင်ပါနော် အန်တီ"

လိုတရမှာ ညစာသည်များကို လိုက်လိုက်လဲ့လဲ့ပင် နှုတ်ဆက်၏။

ကျေးဇူးတင်စကားလည်း ပြော၏။

သုံးဆောင်ကြပါရန်လည်း ကျွေးမွေးညစာခံ၏။

ညစာသည်များမှာမူ လိုတရကိုကြည့်ကာ ကြောင်အမ်းအမ်းဖြစ်နေကြသည်။

အနည်းငယ်ကွယ်ကာ နောက်စားပွဲတစ်ခုဆီ ရွှေ့သည်နှင့် ...

"အို ... ရူးသွားရှာပြီ ထင်ပါရဲ့နော်"

"အေးဟယ် ... ရုပ်ကလေးချောချောနဲ့ သနားစရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလိုက်တာ''

ဟု တစ်ယောက်တစ်မျိုးပင် ဝေဖန်ကြလေတော့သည်။

လိုတရကတော့ ထုံးတမ်းစဉ်လာနှင့်အညီ ပြုလုပ်သင့် ပြုလုပ်ထိုက်သည်မှန်သမျှကို ပြုလုပ်ဆောင်ရွက်ခဲ့ပြီးလျှင် စင်မြင့်ပေါ်တက်ကာ ညှော်ပရိသတ်အားလုံးရှေ့၌ ...

''ကြွရောက်ချီးမြှင့်ပေးတဲ့ လူကြီးမင်းများအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ် ခင်ဗျာ၊ မင်္ဂလာအခမ်းအနား အစီအစဉ်အားလုံးပြီးဆုံးပြီမို့ ကျွန်တော် လိုတရနှင့် ဖက်ဆွတ်မိုးတို့ရဲ့ မင်္ဂလာပွဲကြီး ကောင်းမွန်စွာ အထမြောက်အောင်မြင်ပြီးစီးပါကြောင်း ... ကြေညာအပ်ပါတယ် ခင်ဗျာ''

ဟု ပိုင်ပိုင်နိုင်နိုင် ကြေညာလိုက်လေတော့သည်။

''ဘုရား ဘုရား ... နင်ပြောတာတွေအားလုံး အမှန်ပဲနော် ဖွေးဖွေး''

ဆွတ်မှာ ဖွေးဖွေးပြောပြသည်ကို ပြီးဆုံးအောင်အထိ နားထောင်ပြီးလျှင် တုန်လှုပ်ချောက်ချားစွာ ပြန်မေးလိုက်မိသည်။





''ငါ ကျိန်ပြဖို့ လိုသေးလား ဆွတ်ရဲ့''

''သူ ... သူ တကယ်ပဲ အရှပ်နဲ့ မင်္ဂလာဆောင်ခဲ့တယ်ပေါ့ ... ဟုတ်လား''

ဆွတ်သည် မယုံမှတ်နိုင်လွန်းစွာ နေရာ၌တင် ခြေပစ်လက်ပစ် ဖြစ်သွားရသည်။

လိုတရမှာ အားလုံးမထင်မှတ်အောင် လုပ်ပြခဲ့သူပင်။

ဟောဒီလောကမှာ အရုပ်နဲ့ မင်္ဂလာဆောင်သည့်သူ သူ့အပြင် ဘယ်နှစ်ယောက်များ ရှိနိုင်မှာတဲ့လဲ။

လိုတရမှာ မဖြစ်,ဖြစ်အောင် လုပ်ပြတတ်သူတည်း။

ဘာပဲဖြစ်ဖြစ် သူ့မင်္ဂလာပွဲသည် မပျက်ခဲ့။

''ဆွတ်''

နံရံကို ခြေဆင်းလျက် ခြေပစ်လက်ပစ်ထိုင်နေသော ဆွတ်ပခုံးကို ဆုပ်ကိုင်လျက် ဖွေးဖွေး တိုးသက်စွာ စကားစသည်။

''နင် စိတ်ဆိုးမှာစိုးလို့ ငါ မပြောသေးဘဲနေတာ၊ ခုတော့ ... နင်လည်း စိတ်ငြိမ်လောက်ငြိမ်လောက်ရောပေါ့၊ ငါ နင့်ကို အေးအေးဆေးဆေးစကားပြောချင်တယ်၊ ငါပြောတာ နင် စိတ်အေးအေးဆေးပြီး နားထောင်ပေးပါ''

ဆွတ် ဘာမှပြန်မပြော။



www.burmeseclassic.com

www.burmeseclassic.com



ဖွေးဖွေးကို တစ်ချက်သာ မျက်လွှာပင့်ကြည့်လျက် ငြိမ်သက်၍နေသည်။

ဖွေးဖွေးမှာ သိပ်တင်းမာမှုမရှိတော့သော ဆွတ်အခြေအနေကို အကဲခတ်မိတော့မှ ပြောချင်လွန်းနေသော စကားတို့ကို ဆက်ပြီး မျိုသိပ်မရနိုင်တော့သလို စတင်ပြောမိလေတော့သည်။

"ဆွတ်ရယ် ... နင်နဲ့ငါက ငယ်ငယ်လေးကတည်းက ပေါင်းလာခဲ့ကြတဲ့ သူငယ်ချင်းတွေပါ၊ နင့်အကြောင်း ငါသိသလို လိုတရအကြောင်းလည်း သိသင့်သလောက်တော့ ငါသိပါတယ်၊ လိုတရဟာ နင့်ကို အမြဲအရိပ်တကြည့်ကြည့်နဲ့ သိပ်ချစ်ရှာတာပါ"

"ဘာ ... ဘာ ... ဘယ်လို"

ဆွတ် ချက်ချင်း ပျာပျာသလဲဖြစ်သွားပြီး ...

"လိုတရက ငါ့ကို သိပ်ချစ်တယ် ... ဟုတ်လား"

ဟု ပြန်မေးသည်။

ဖွေးဖွေးမှာ ခေါင်းကို ဆတ်ခနဲညိတ်ပြလျက် ...

"ဟုတ်တယ် ... ငါတို့ ဘေးကနေ သိတာပေါ့၊ လိုတရက နင့်ကို အရမ်းချစ်တာ"

ဆွတ်သည် ဆတ်ဆတ်ခါအောင် နာသွားရကာ ...

"နင် ဘာသိလို့လဲ ဖွေးဖွေးရဲ့ ... ကိုယ်ချစ်တဲ့သူကို





ဘယ်သူကမှ နိုင့်ထက်စီးနင်းမလုပ်ဘူး၊ သူတစ်ဦးတည်းပိုင်တဲ့ သက်မဲ့အရာတစ်ခုလို ချုပ်ခြယ်တာ၊ လွှမ်းမိုးတာကရော အချစ်လား ... ဟင် ... နင်ပြောလေ"

ဆွတ်မှာ နာနာကြည်းကြည်းပင် ပြန်မေးသည်။

ဖွေးဖွေးကတော့ သက်ပြင်းသာရှိုက်မိလျက် ...

"အဲ့ဒါ နင့်ကိုချစ်လွန်းလို့ ချုပ်ချယ်တာ နင်မှမသိဘဲ ဆွတ်ရယ်၊ တစ်သက်လုံးက နင့်ပါးစပ်က ဘာမှမဖွင့်ဟရဘဲ နင့်စိတ်ထဲ ဘာတွေရှိသလဲ၊ ဘာကိုလိုချင်သလဲဆိုတာ သိတတ်နားလည်ပြီး အစစအရာရာ ဖြည့်ဆည်းပေးခဲ့တာ နင့်ကိုချစ်လွန်းလို့ပါ ဆွတ်ရဲ့ ...၊

ဆွတ်ရယ် ... ကိုယ့်အပေါ် ဒီလောက်ချစ်ပြီး မြတ်နိုးကဲ့ လိုတရလိုလူကို မင်္ဂလာပွဲချိန်နီးတော့မှပဲ ရက်ရက်စက်စက် စွန့်ခွာထွက်ပြေးခဲ့ရသလား ...၊

သူ့မှာ အရှုပ်ကို နင့်ရဲ့မင်္ဂလာဝတ်စုံအတိုင်း ဝတ်ဆင်ပေးပြီး တကယ့်လူအစစ် နင့်ကိုဆက်ဆံနေသလိုဆက်ဆံရှာတာ၊

မုန့်ခွံ့ကျွေးတာကအစ ညှိသည်တွေကိုတွဲပြီး လုပ်ခဲ့တာအဆုံး နင်နဲ့အတူ တကယ့်မင်္ဂလာဆောင်နေရသလို ပြုံးနေတာပဲ ...၊

ငါတော့ သူ့ကိုကြည့်ပြီး အရမ်းသနားတာပဲ၊ သူ့ဘက်က



www.burmeseclassic.com

www.burmeseclassic.com



တကယ်သနားဖို့ ကောင်းတယ် …၊

သူ့ပုံစံက ရှုးများ ရှုးသွားပြီလားလို့တောင် စိုးရိမ်စရာပဲ၊ လူတွေကလည်း သူ့ကိုဝေဖန်ကြတာ မျိုးစုံပဲ …၊

နင်လုပ်သွားတာ အတော်ဆိုးတာပဲ ဆွတ်၊ လိုတရဟာ အဲ့ဒီမင်္ဂလာပွဲတစ်လျှောက်လုံးမှာ အရုပ်ကြီးကို နင်အဖြစ်နဲ့ သတ်မှတ်ပြီး မင်္ဂလာအစီအစဉ်တွေ ဆောင်ရွက်နေတာ အရူးကြီးတစ်ယောက်လိုဖြစ်ပြီး အရမ်းသနားစရာကောင်းတယ်''

ဖွေးဖွေးမှာ ရင်ထဲမျိုသိပ်ထားရသမျှ ဆက်ပြီး မထိန်းချုပ်နိုင်တော့ဘဲ ရှည်လျားစွာ ပြောလိုက်မိသည်။

စကားဆုံးလျှင်တော့ နံရံကိုကြောင်ကြောင်ကြီးတွေဝေငြိမ်သက်စွာ ငေးစိုက်ကြည့်နေသောဆွတ်ကို တွေ့လိုက်ရတော့သည်။

ခုလို …လိုတရကို တစ်ယောက်တည်း ထားရစ်ပြီး စွန့်၍ထွက်ပြေးခဲ့သည့်အတွက် အနိုင်ရသူတစ်ယောက်လို ဆွတ်တစ်ယောက် ပျော်ရွှင်ကျေနပ်ပါရဲ့လား …ဟု ဖွေးဖွေး မေးလိုက်ချင်ပါသည်။



## အခန်း (၁၄)

လို တရကတော့ စိုးရိမ်တကြီး စောင့်ကြည့်နေကြသူအားလုံးရဲ့ရှေ့တွင် ရှေ့ဆက် သူ ဘာလုပ်သင့်သလဲဆိုတာကိုသာ ခေါင်းအေးအေးနှင့် စဉ်းစားသည်။

စဉ်းစားပြီးသည်နှင့် သူလုပ်သင့်သည်ထင်တာများကို လုပ်ချင်သည့်ဆန္ဒနှင့် ရောမွှေပေါင်းစပ်ကာ …တစ်ခုချင်းစီ သေချာစွာ ပြုလုပ်သည်။

သူလုပ်ကိုင်သမျှ အပြုအမူများမှာ ဘယ်သူမှ မထင်မှတ်နိုင်သော၊ ဘယ်သူမှလည်း တွေးမိမှာမဟုတ်သော အပြုအမူများပဲ ဖြစ်ပါသည်။

သတို့သမီးအရုပ်နှင့် တွဲဖက်ကာ မင်္ဂလာဆောင်ထားသောဓာတ်ပုံများကို သူ တစိမ့်စိမ့်ကြည့်ပြီး ပြုံးကာ …



www.burmeseclassic.com

www.burmeseclassic.com



"ရဲရဲ ... မွန်ကြီး"

သူ့ကို stand by စောင့်ကြည့်နေကြသော သူငယ်ချင်းများမှာ သူခေါ်လိုက်သည်နှင့် ချက်ချင်းပြေးလာကြလေသည်။

"ဘာလိုချင်လဲ သူငယ်ချင်း"

သူငယ်ချင်းများရဲ့မေးပုံကြောင့် သူ နှုတ်ခမ်းတစ်ဖက်တွန့်ကာ ဟွန့်ခနဲ အသံထွက်ရယ်လိုက်မိသည်။

"ငါလိုချင်တာကို မင်းတို့က တကယ်ပဲ မရ,ရအောင် ဖန်တီးပေးမှာလား"

သူ ပြန်မေးလိုက်သည်။

သူငယ်ချင်းများမှာ ဘာမှပြန်မဖြေနိုင်တော့ဘဲ သက်ပြင်းသာ ရှိုက်ကြလေသည်။

အဟွန့် ... ခနဲ သူ ရယ်မိပြန်သည်။

"မင်းတို့ကို ငါ အားနာပါတယ်ကွာ၊ ဒါပေမဲ့ ... ငါ့ကို ကူညီလက်စနဲ့ ဆက်ပြီး ကူညီပေးကြပါဦး"

"ပြော် သူငယ်ချင်း ... ငါတို့ ဘာလုပ်ပေးရမလဲ"

သူငယ်ချင်းနှစ်ယောက်မှာ သူပြောလိုက်သည်နှင့် ချက်ချင်းပင် ပျာပျာသလဲ။

သူ မင်္ဂလာဆောင်ဓာတ်ပုံတွေကို မေးဆတ်ပြလိုက်ကာ ...





"အဲဒီဓာတ်ပုံတွေကို ဂျာနယ်တွေထဲ ထည့်ကြော်ငြာပေး"

"ဘာ"

သူငယ်ချင်းနှစ်ယောက်မှာ မျက်လုံးပြူးသွားရပြန်သည်။

လိုတရရဲ့ အစီအစဉ်များအားလုံးမှာ ဆန်းကြယ်လွန်းလှသည် မဟုတ်ပါလား။

"မဘာနဲ့ ... ငါနဲ့ဆွတ်ရဲ့ မင်္ဂလာပွဲ အထမြောက်အောင်မြင်ပြီးစီးတယ်လို့ ငါ့ဘက်က တရားဝင်သတ်မှတ်တယ်ဆိုတဲ့အကြောင်း ဂျာနယ်တွေထဲမှာ သတင်းအဖြစ် ထည့်ရမယ်"

"သူငယ်ချင်းရယ် ... စဉ်းစားပါဦးကွာ၊ မင်း မင်္ဂလာဆောင်ခဲ့တာက အ ... အရုပ်နဲ့ပဲဟာ"

"အေးကွာ ... ဖက်ဆွတ်မိုးနဲ့မှ မဟုတ်တာ"

သူငယ်ချင်းနှစ်ယောက်မှာ လေပြေထိုးကြည့်သည်။

မွေးကတည်းက ခေါင်းမာ တစ်ဖွတ်ထိုးတတ်သည့် လိုတရကတော့ ပြုံးလျက်ကပင် ခေါင်းယမ်းလျက် ...

"အရုပ်နဲ့ အစားထိုးပြီး မင်္ဂလာဆောင်ခဲ့ပေမယ့်လည်း ငါတို့မင်္ဂလာပွဲက ပျက်ခဲ့တာမှ မဟုတ်ဘဲ၊ လူအများရှေ့ ဧည့်ပရိသတ်တွေရှေ့မှာ အဲ့ဒီမင်္ဂလာပွဲကို ပြီးတဲ့အထိ ငါ ကျင်းပနိုင်ခဲ့တာပဲ၊ အဲ့ဒီအကြောင်း ဂျာနယ်တွေထဲ ထည့်ကြော်ငြာရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာသဘောနဲ့ ထည့်ချင်ရတာလဲကွာ"

"အေးလေ ...ဘာထူးဦးမှာမို့လဲ"

သူငယ်ချင်းတွေက နားမလည်နိုင်တော့သလို မေးပြန်သည်။

လိုတရ သေချာသည့်အဖြေရှိလျက်က ချက်ချင်း ပြန်မဖြေနိုင်ဘဲ အဝေးကို ငေးရီနေမိသည်။

နှုတ်ခမ်း၌ အပြုံးတို့ မှိန်ဖျော့သွားရသည်။

အတော်ကြာတော့မှ မှိုင်းရီသောမျက်ဝန်းတို့ဖြင့် တိုးဖွဖွ ဖြေလေသည်မှာ ...

"ဆွတ် ...ကို သိစေချင်လို့ပေါ့ကွာ"

"ဘာ"

"ဘာအကြောင်းကြောင်းနဲ့မှ ငါဟာ မင်္ဂလာပွဲ မပျက်စေခဲ့တဲ့အကြောင်း သူ့ကို သိစေချင်လို့ပေါ့"

"သူ ဘယ်ကိုပဲရောက်နေနေ, ဘယ်မှာပဲပုန်းပုန်း ဒီအကြောင်းကိုသိစေချင်လို့ပေါ့"

"လိုတရရာ ...သူငယ်ချင်းရာ"

ရဲရဲနှင့်မွန်ကြီးမှာ ဘာစကားမှ ဆက်မပြောနိုင်တော့။

အစွဲအလမ်းကြီးရှာလွန်းသည့် သူငယ်ချင်းရဲ့ အရှုံးတစ်ပိုင်းအဖြစ်ကို စာနာသနားလွန်းစွာ ကိုယ်စီ ရင်ထဲ၌ နာကျင်နေ





မိကြတော့သည်။

ခုချိန်မှာ သူတို့ကတော့ လိုတရ ဘာခိုင်းခိုင်း မဖြစ်ဖြစ်အောင် လုပ်ပေးကြမည်သာ ဖြစ်သည်။

အဓိက,က လိုတရ စိတ်ကျေနပ်မှု ရစေဖို့ပင်။

ယောကျ်ားတစ်ယောက်အဖို့ သတို့သမီး မရှိသည့် မင်္ဂလာပွဲမှာ အရှက်ကွဲရသည့်စိတ်နှင့်ပင် ရှုံးသွပ်သွားနိုင်သည့် အနေအထားမှာ ...

သူ ကျေနပ်သလိုလေး လုပ်နေသမျှကို အတတ်နိုင်ဆုံး ဖြည့်စွမ်းပေးဖို့ပင် သူတို့ကတော့ စဉ်းစားထားကြသည်လေ။

✤ ✤

ခါတ်ပုံများ၊ ဂျာနယ်အသီးသီး၌ထည့်ကာ ဆွတ်ကို သိစေသည့်တိုင် လိုတရမှာ ဆွတ်ကိုလည်း နေ့စဉ်နှင့်အမျှ အပြင်းအထန် လိုက်လံရှာဖွေနေမိသည်။

ဆွတ်ကို ပြန်မတွေ့လို့မဖြစ်။

ဒီတစ်သက် ဆွတ်ကိုသာ ပြန်မတွေ့ခဲ့ရတော့ဘူးဆိုလျှင် သူ သေသွားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆွတ်သွားတတ်သည့်နေရာအနှံ့ သူလိုက်ရှာသည်။

ဆွတ်ရဲ့သူငယ်ချင်းတွေအိမ်လည်း တစ်အိမ်တက် တစ်အိမ်ဆင်း။

နောက်ဆုံး ...

ဆွတ်ရဲ့သူငယ်ချင်းတစ်ယောက်ဖြစ်သော ဖွေးဖွေးရဲ့အိမ်ကို ရောက်လာခဲ့ရသည်။

ဒီအိမ်မှာရော ဆွတ်များ ရှိနေလေမလား။

သူ့ရင်ထဲ၌ တဒိတ်ဒိတ်။

မျက်လုံးများမှိတ်ကာ ... အသက်ကို တဝကြီး ရှူသွင်းလိုက်ပြီး ဘဲလ်ခလုတ်ပေါ် လက်ခလယ်ကို တင်လိုက်သည်။

'တင်း ..တောင်'

'တင်း ..တောင်'

လူခေါ်ဘဲလ်သံကြားလိုက်သည်နှင့် ဖွေးဖွေးနှင့်ဆွတ်မှာ ကိုယ်လေးတွေ တောင့်မတ်သွားရသည်။

''ညည့်သည်''





''ဖွေးဖွေး ...ဘယ်သူလာလာ ငါမရှိဘူး, မလာဘူး ...လို့ပဲပြောနော် ...သိလား။ ငါ ဘယ်သူနဲ့မှ မတွေ့ချင်ဘူး။ ပြန်လည်းလိုက်မသွားချင်ဘူး''

''အေးပါဟာ ...ငါသိပါတယ်''

''ငါ အခန်းထဲမှာ ချက်ချပြီး ပုန်းနေမယ် ...သိလား''

''ဩော် ဆွတ်ရယ် ...ငါ့ညည့်သည်လည်း ဖြစ်ချင်ဖြစ်မှာပေါ့''

ဖွေးဖွေးမှာ ပျာယာခတ် စိုးရိမ်နေသော ဆွတ်ကို နှစ်သိမ့်လျက် ...

ချောင်းကြည့်ပေါက်မှ အပြင်ကို ချောင်းကြည့်လိုက်လျှင် ...

''ဟယ်''

ခနဲ အံ့ဩလျက် မျက်လုံးများပြူးသွားရပြီး ဆွတ်ဘက် အထိတ်တလန့် လှည့်ကာ ...

''လိုတရ ...လိုတရ''

ဟု အသံမထွက်အောင် နှုတ်ခမ်းလှုပ်ရုံပြောရင်း လက်ကလည်း အခန်းထဲ အမြန်ဝင်ရန် အချက်ပြလိုက်သည်။

ဆွတ်မှာတော့ လိုတရ ...ဟု ဖွေးဖွေးပြောလိုက်သည်နှင့် မျက်နှာကလေး ဖြူဖပ်ဖြူရော်ဖြစ်သွားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အထိတ်တလန့်ဖြင့် အသက်ရှူမြန်လာလျက် နေရာ၌ ကြက်သေသေကာ တောင့်တောင့်ကြီး ရပ်နေမိလေသည်။

"ဩော် ... ခက်တော့တာပဲ"

ဖွေးဖွေးမှာ ညည်းရင်း ကြောင်နေသောဆွတ်ကို အခန်းထဲ ဆွဲခေါ်သွင်းရသည်။

အဲ့ဒီတော့မှ ဆွတ်မှာ သတိပြန်ဝင်လာလျက် ...

"ဖွေး ... ငါရှိတာ မပြောနဲ့နော်၊ လုံးဝမပြောမိစေနဲ့နော်"

"ဩော် ... ငါ နားလည်ပါတယ်ဟဲ့"

ဖွေးဖွေးမှာ ဆွတ်ပုံစံကိုကြည့်ကာ စိတ်မရှည်ချင်တော့။

"ယောင်ပြီး ပါးစပ်က ထွက်သွားမှာစိုးလို့"

"ယောင်စရာလား။ နင်သာ အခန်းထဲမှာ လုံအောင်ပုန်း၊ ငြိမ်ငြိမ်နေ၊ အကြောက်လွန်ပြီး ဟိုဝင်‚ဒီတိုက်နဲ့ အသံမထွက်စေနဲ့"

"အေးပါ"

အေးပါ ... ဆိုသော ဆွတ်အသံမှာ တုန်လျက်။

သူငယ်ချင်းဖြစ်သူရဲ့ပုံစံကိုကြည့်ပြီး ဖွေးဖွေးမှာ စိတ်ညစ်နေမိသည်။

'တင်း ‥ တောင်'





ဘဲလ်သံ ထပ်ထွက်လာခဲ့ပြန်လျှင် ...

"ကဲ ... ငါ တံခါးထွက်ဖွင့်မှ ဖြစ်တော့မယ်၊ နင် ငြိမ်ငြိမ်နေနော် ... ကြားလား"

"ဖွေး ... မပြောနဲ့နော်"

"ဩော် ... သေတော့မယ်"

'တင်း ‥ တောင်'

ဘဲလ်သံကလည်း အဆက်မပြတ်။

"လာပြီဗျို့ ... လာပြီ"

စိတ်မရှည်တော့သော ဖွေးဖွေးတစ်ယောက် အသံကုန်အော်ပြီး တံခါးကို ပြေးဖွင့်ပေးမိတော့သည်။

လိုတရကိုတွေ့လျှင် အစုမှ တွေ့ရသည့်ပုံစံဖြင့် ...

"ဟယ် ... လိုတရပါလား"

ဟု တအံ့တဩပုံစံဖြင့် နှုတ်ဆက်လိုက်သည်။

တံခါးဖွင့်လိုက်သည်နှင့် ကိုယ့်ကိုမမြင်သလို အိမ်ထဲကို ခေါင်းရှေ့သွင်းလျက် အသည်းအသန်ပင် မျက်စိဝေ့ဝဲရှာဖွေနေသော လိုတရကို မြင်လိုက်ရလျှင် ဖွေးဖွေးမှာ စိတ်မသက်မသာ ဖြစ်သွားရသည်။

သက်ပြင်းချမိလျက် သူ ဘာမှ မမေးရသေးခင် ...

"ရှာမနေပါနဲ့ လိုတရရယ် ... ဆွတ် ငါ့ဆီ မလာပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဟာ''

ဟု အရင်ပြောလိုက်မိသည်။

''ဟင်''

လိုတရမှာ ဖွေးဖွေးပြောပုံကြောင့် ကြောင်အ,သွားခဲ့ရပြီး ...

''ငါ နင့်ကို ဘာမှတောင် မမေးရသေးပါလား ဖွေးဖွေးရယ်''

လို့ အားပျော့စွာ ပြန်ပြောလေသည်။

''ဩော် ... နင် ငါ့ဆီ ရောက်လာကတည်းက ဆွတ်ကိုလာရှာတာပဲဆိုတာ ငါ သိတာပေါ့ လိုတရရယ်၊ ဒီကိစ္စကြောင့်မဟုတ်ဘဲ နင် ငါ့ဆီလာစရာမှ မလိုတာ''

လိုတရမှာ သက်ပြင်းရှိုက်မိပြန်သည်။

''ဖွေးဖွေး ... ကျေးဇူးပြုပြီး နင် ငါ့ကို မညာပါနဲ့ဟာ၊ ငါ တောင်းပန်ပါတယ်၊ သူ တကယ်ပဲ နင့်ဆီမှာ မရှိဘူးလား''

အမြဲတမ်း လူတကာကို အပေါ်စီးမှ ရင့်ကျောကျောဆက်ဆံတတ်သော လိုတရက ခုလို တောင်းတောင်းပန်ပန်ကျို့ကျို့ရို့ရို့ပြောနေတာ မြင်တွေ့ရတော့ ဖွေးဖွေး အရမ်းကိုအံ့ဩမိလေသည်။

အမြဲ အမြင်ကတ်ကြည့်မရခဲ့သော လိုတရကို သနား





နေမိလျက် ...

''နင်မယုံရင် ကြိုက်သလိုရှာပါ လိုတရရယ်''

ပြောသာပြောရသည့်တိုင် ဖွေးဖွေးစိတ်၌ မလုံ။ လိုတရကိုကြည့်လျက် ညာလည်းမညာရက်။ မလွှဲသာ၍ ညာနေရသည်။ လုံးဝကို မညာချင်တော့။

''နင့်အိမ်က လူတွေရော''

ကြိုက်သလိုရှာ ... ဆိုသည့်စကားကြောင့် လိုတရမှာပြန်မေးလေပြီ။

''တစ်အိမ်လုံး ဘုရားဖူးသွားနေကြတယ် ... ငါတစ်ယောက်တည်း အိမ်စောင့်ကျန်ခဲ့တာ''

တကယ်ပဲ အိမ်ထဲကို ဝင်ရှာ၍ ခြေလှမ်းပြင်နေသောလိုတရမှာ တစ်ယောက်တည်းဆိုသည့် စကားကြားရတော့မှကိုယ်ရှိန်သတ်သွားလေတော့သည်။

''ဆောရီးပဲဟာ''

လိုတရ သူ့အပြုအမူအတွက် လေသံပျော့ပျော့နှင့်တောင်းပန်ပြန်သည်။

အခုတော့လည်း လိုတရဟာ ထင်သလောက်မဆိုးပါလား ...ဟု မှတ်ချက်ချမိသည်။

''သူ ... ဘယ်ကို သွားမယ်ထင်သလဲဟင် ဖွေးဖွေး''



www.burmeseclassic.com

www.burmeseclassic.com



လိုတရမှာ အိမ်ထဲကို မဝင်သော်လည်း တံခါးကို ခပ်လျော့လျော့ ကျောကပ်မှီကာ စကားဆက်သည်။

"ငါနဲ့မှ မတွေ့တာ၊ ငါ ဘယ်လိုသိပါ့မလဲ လိုတရရယ်၊ သူ့အကြောင်း နင်က ငါတို့ထက် ပိုသိတာပဲ၊ လူပုံကြည့်တော့ ပျော့စိစိနဲ့ မထင်ရင် မထင်သလို လုပ်ပစ်တတ်တာ"

"ငါသိချင်တာရှိသေးတယ် ဖွေးဖွေး ... သူနဲ့ တုန့်ကိုင်းမရ ဆိုတဲ့ကောင်ရဲ့အခြေအနေအမှန်အတိုင်း ငါသိချင်တယ်၊ နင်သိသလောက် ငါ့ကို ပြောပြပါလား"

တုန့်ကိုင်းမရ ... ဆိုသော နာမည်ကြားလိုက်ရလျှင် ဖွေးဖွေးသည် ခေါင်းကျိန်းသွားရတော့သည်။

"တုန့်ကိုင်းမရက ဆွတ်ကို ပရိုပို့စ်လုပ်ထားတယ် ထင်တယ်"

ဖွေးဖွေးမှာ ထိန်းလျက် မယုတ်မလွန်သာ ပြန်ပြောမိသည်။

"ဆွတ်ဘက်ကရော"

ဖွေးဖွေးမှာ အပြောရကျပ်လျက် ...

"ငါသိသလောက်တော့ တုန့်ကိုင်းမရကသာ ကြိုးစားနေတာပါဟယ်၊ ဆွတ်ဘက်က ဒီလောက် ရင်မခုန်လှဘူး ထင်ပါတယ်"





တကယ်တော့ ဖွေးဖွေးမှာ လိုတရကို သနားသည့်စိတ်နှင့် တမင်လျှော့ကာ ပြောနေမိခြင်းဖြစ်သည်။

လိုတရနှင့်ယှဉ်လျှင် တုန့်ကိုင်းမရဘက်ကို ဆွတ်ရဲ့စိတ်က ယိမ်းညွတ်နေတာ ဖွေးဖွေးတို့အသိဆုံး။

မင်္ဂလာပွဲနေ့က ထွက်ပြေးလာတာပင်။ တုန့်ကိုင်းမရကို ဆက်သွယ်မရတော့မှ ကိုယ့်ဆီရောက်လာခဲ့တာကို ဖွေးဖွေးမမေ့။

"ဖွေးဖွေးရယ် ... နင် ငါ့ကို သက်သာအောင် မပြောပါနဲ့ဟာ၊ ဆွတ် ... ဒီကောင့်ကို စိတ်ဝင်စားတယ်ဆိုတာ ငါသိပါတယ် ...၊

တကယ်လို့သာ တုန့်ကိုင်းမရရဲ့ရင်ခွင်ကို ဆွတ် ရွေးချယ်ခဲ့မယ်ဆိုရင်လည်း ငါကျေနပ်ပါတယ် ...၊

တုန့်ကိုင်းမရကို သူချစ်တယ်ဆိုရင်လည်း ငါ့ဘက်က ဘာတတ်နိုင်ဦးမှာလဲ ...၊

ဒါပေမဲ့ ... ဆွတ်ဟာ ငါ တရားဝင်လက်ထပ်ထားတဲ့သူဖြစ်တဲ့အတွက် ဆွတ်နဲ့ပတ်သက်လာရင် ငါ့မှာ အစစအရာရာ တာဝန်ရှိတယ် ...၊

ဆွတ်မရှိလို့ ဆွတ်ရဲ့ကိုယ်စား အရုပ်ကို အစားထိုးခဲ့ပေမယ့် ဒီမင်္ဂလာပွဲဟာ ဆွတ်နဲ့ ငါ့ရဲ့ မင်္ဂလာပွဲအစစ်ပဲ ဖွေးဖွေး၊

ငါ့ဘဝမှာ ပထမဆုံးနဲ့ နောက်ဆုံးအဖြစ် လက်ထပ်ခဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဆွတ်ပဲ ...၊

ဆွတ်ကို ဘယ်အခြေအနေမှာပဲဖြစ်ဖြစ်၊ ဘယ်လိုဘဝမျိုးပဲရောက်ရောက် ငါ့ဘက်ကတော့ သစ္စာရှိရှိနဲ့ စောင့်နေမှာပဲ၊

ငါ အခုပြောတဲ့စကားတွေကို သူနဲ့တွေ့ရင် ပြောပြပေးပါဟာ၊

ကဲ ...ငါသွားတော့မယ်၊ ကျေးဇူးတင်ပါတယ်ဟာ"

ရှည်လျားလှစွာ ရင်ဖွင့်ခဲ့ပြီးလျှင် ခေါင်းကြီးငိုက်စိုက်ချလျက် လေးကန်သော ခြေလှမ်းများနှင့် လိုတရ ထွက်လာခဲ့မိသည်။

ကြားထဲက သက်ပြင်းများနှင့် ကျန်ရစ်ခဲ့ရသည်က ဖွေးဖွေး။

နင်မှာသလို ငါပြောပေးစရာ မလိုပါဘူး လိုတရရယ်။ နင်ပြောတဲ့စကားတွေအားလုံးကို သူ ကြားနေရမှာပါ ...ဟု စိတ်ထဲမှနေ လိုတရကို ပြန်ပြောလိုက်မိသည်။

တကယ်လည်း လိုတရ ပြောခဲ့သမျှစကားများအားလုံးကို ဆွတ် အတိုင်းသား လုံးစေ့ပတ်စေ့ ကြားနေခဲ့ရပါသည်။

သူ့ဘဝမှာ ပထမဆုံးနဲ့ နောက်ဆုံးလက်ထပ်ခဲ့တဲ့သူဟာ ဆွတ်ပါတဲ့။

ပြီးတော့ ...





ဆွတ် ဘယ်အခြေအနေပဲရောက်ရောက်၊ ဘယ်လိုဘဝမျိုးပဲရောက်ရောက် သူ့ဘက်ကတော့ သစ္စာရှိရှိနဲ့ စောင့်နေမှာပဲတဲ့လေ။

ဆွတ်ရင်ထဲ၌ နွမ်းလျဆွတ်ကျင်လို့သွားမိသည်။

ဒါဟာ ...နင့်ရင်ထဲက စကားအမှန်တွေပဲလား လိုတရရဲ့။

ဒါပေမဲ့ ...

နင်ပြောသွားတဲ့စကားတွေထဲမှာ ...

ငါ့ကိုချစ်တယ် ...ဆိုတဲ့ စကားတစ်ခွန်းမှ မပါခဲ့ဘူးနော်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၅)

ညီ တရ ပြန်သွားခဲ့ပြီးလျှင် ဖွေးဖွေးနှင့် ဆွတ်မှာ ထောင့်တစ်ထောင့်စီ၌ ငြိမ်သက်စွာထိုင်လျက် အတွေးကိုယ်စီနှင့် နေမိကြသည်။

အချိန်အတော်ကြာအောင်ပင် တစ်ယောက်နှင့်တစ်ယောက် စကားမပြောမိကြဘဲ တိတ်ဆိတ်နေမိကြဆဲ။

'တင်း ..တောင်'

'တင်း ..တောင်'

ဘဲလ်သံမှာ ထွက်ပေါ်လာခဲ့ပြန်သည်။

''လိုတရများ ပြန်လာတာလားမသိဘူး''

ဆွတ် လေသံမှုဖြင့် ထိတ်ထိတ်ပျာပျာပြောသည်။

''ငါ ...ထ,ကြည့်လိုက်မယ်''





ဖွေးဖွေး ချောင်းကြည့်ပေါက်ဆီ ကပျာကယာ ထ,ကြည့်သည်။

''ဟယ်''

ခနဲ အံ့သြဝမ်းသာသွားလျက် ...

''ဝတ်မှုန်တို့ လာတယ်''

ဟု ဆွတ်ဆီ လှည့်ပြောသည်။

သူငယ်ချင်းတွေလာတယ်ဆိုတော့ ဆွတ် ဘာမှမစဉ်းစားချင်တော့။

''တွေ့ချင်တယ် ...တွေ့ချင်တယ်''

ဟု အမြန်ကျိတ်ပြောမိသည်။

''အခန်းထဲက သွားစောင့်နေ''

ဖွေးဖွေးက အခန်းကို လက်ညှိုးထိုးပြသည်။

သူငယ်ချင်းတွေလာတာဆိုတော့ ဆွတ် ကြောင်မနေတော့။

အခန်းထဲ လှစ်ခနဲနေအောင် ပြေးဝင်သည်။

ရင်တခုန်ခုန်နှင့် သူငယ်ချင်းတွေရဲ့အသံကို နားစွင့်နေမိသည်။

''ဟယ် ...လူစုလူဝေးနဲ့ပါလား၊ ငါ့ဆီ ဘာလာလုပ်ကြတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဆွတ်အကြောင်း ပြောချင်လို့ လာခဲ့တာ"

"ဂျာနယ်တွေထဲမှာ မင်္ဂလာဆောင်အကြောင်းပါလာတယ်၊ အဲ့ဒါလည်း နင့်ကို ပြချင်လို့"

"ဘုရားရေ . . . ဂျာနယ်တွေထဲတောင် ပါတယ် . . . ဟုတ်လား"

"နင် မဖတ်ရသေးဘူးပေါ့ . . . ဟုတ်လား။ သတင်းစာထဲလည်း ပါတယ်"

"လိုတရထည့်တာ ဖြစ်မှာပေါ့"

"ဘုရားရေ . . . သူ ဘာသဘောနဲ့ ဒီလိုလုပ်ရတာလဲ"

"လိုတရ ဆွတ်ကို အပြင်းအထန်လိုက်ရှာနေတယ်"

"ငါ့ဆီ ရောက်လာတယ်"

"ငါတို့ဆီလည်း လာရှာသေးတယ်"

"ကဲ . . . လာ . . . အေးအေးဆေးဆေး စကားပြောရအောင် အခန်းထဲမှာ"

"ဖွေးဖွေးရယ် . . . နင်ကလည်း ဘယ်သူရှိလို့လဲ၊ ဧည့်ခန်းထဲမှာ ပြောလည်း ဖြစ်တဲ့ဟာကို"

"ဩော် . . . လာစမ်းပါလို့ဆို"

သူငယ်ချင်းတွေကို ဖွေးဖွေး အတင်းလက်ဆွဲကာ အခန်းထဲခေါ်သည်။





"ဟင်"

"ဘုရားရေ"

"နင် . . . နင် . . . ဆွတ်"

ရွှေရည်၊ ဆုပန်နှင့် ဝတ်မှုန်တို့သုံးယောက်သား အခန်းထဲမှာ ဆွတ်ကို တွေ့လိုက်ရလျှင် အံ့ဩထိတ်လန့်သွားကြရသည်။

ဆွတ်မှာ သူငယ်ချင်းတစ်တွေကို အားကိုးဝမ်းသာစွာ ပြေးဖက်သည်။

"နင်တို့ကိုတွေ့ရတာ ငါ အရမ်းအားရှိသွားတာပဲဟယ်"

"ဟယ် . . ဆွတ် . . . နင်က ဒီကိုရောက်နေတာ . . . ဟုတ်လား"

သုံးယောက်သား တအံ့တဩ . . .

"ငါ . . . ဒီမှာရှိနေတာ နင်တို့ နှုတ်လုံပါဟယ်နော်၊ ငါ နင်တို့ကို တွေ့ချင်လွန်းလို့သာ အသိပေးတာ"

ဆွတ် မျက်လုံးပြူးကလေးနှင့် သူငယ်ချင်းတွေကို နှုတ်ပိတ်သည်။

ဝတ်မှုန်တို့တစ်တွေမှာ ဆွတ်ကိုကြည့်ပြီး သက်ပြင်းရှိုက်မိကြသည်။

"ဖွေးဖွေး . . . နင်လည်း အလိုတူ အလိုပါပေါ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား''

ရွှေရည်က ဖွေးဖွေးကို လှည့်ပြီးမဲသည်။

''ဘုရားရေ . . . ငါ့ကို တရားခံမရှာပါနဲ့နော်၊ မင်္ဂလာပွဲ မတိုင်ခင် ထွက်ပြေးလာတာ ငါ မသိရပါဘူး၊ ငါ နင်တို့နဲ့အတူ ခန်းမထဲမှာ တစ်ချိန်လုံး ရှိနေတာပဲ . . .၊

ငါ အိမ်ပြန်ရောက်တော့ မယ်မင်းကြီးမက ဆီးကြို ရောက်နေတာဟေ့၊ ငါမှ လက်မခံရင် ဒင်းက တုန့်နှိုင်းမရဆီ လိုက်သွားမယ် တကဲကဲလုပ်နေတာ''

တုန့်နှိုင်းမရ နာမည်ကြားလိုက်ရတော့ သူငယ်ချင်းတစ် တွေ ဆွတ်ကို မျက်စောင်းပိုင်းထိုးကြသည်။

ဆွတ်မှာ မင်္ဂလာဆောင်ခါနီးမှ ထွက်ပြေးလာခဲ့သော ကိုယ့်ရဲ့အပြုအမူကို သူငယ်ချင်းများ အပြစ်တင်ချင်ကြမှန်း ရိပ် မိသည်မို့ မျက်နှာကလေး ငယ်နေမိသည်။

အိမ်ရှင်ဖြစ်သော ဖွေးဖွေးကသာ ကိုယ့်ကိုအားကိုးပြီး လာနေသည့်အခိုက် သူငယ်ချင်းကို မျက်နှာမငယ်စေချင်သည် မို့ စကားလမ်းကြောင်း လွှဲရလေတော့သည်။

''ဒါနဲ့ . . . နင်တို့ ဂျာနယ်တွေ ယူလာတယ်ဆို . . . ပြ စမ်းပါဦး''

''ဂျာနယ်တွေ ယူလာတယ် . . . ဟုတ်လား''





ဆွတ်လည်း စိတ်ဝင်တစား အသံထွက်လာသည်။

''နင်က ကြည့်ချင်လို့လား''

ဝတ်မှုန်က ဆွတ်ကို ခနဲ့သလိုလို မေးသည်။

ဆွတ် ဘာမှပြန်မပြော။

''ဂျာနယ်တွေမကြည့်ခင် သတင်းစာကို အရင်ဖတ် ကြည့်လိုက်ဦး . . . ရော့''

ရွှေရည်က သတင်းစာကို အသင့်လှန်ပြီး ပြသည်။

ဆွတ် ချက်ချင်းပင် စိတ်လှုပ်ရှားစွာ ဖတ်ကြည့်လိုက်မိ သည်။

**ကျေးဇူးတင်လွှာ . . .**

**မောင်လိုတရနှင့် မဖက်ဆွတ်မိုးတို့၏**

**မင်္ဂလာညစာခံပွဲကို တက်ရောက်ချီးမြှင့်ကြသော . . .**

ဆွတ် ဆုံးအောင် ဆက်မဖတ်နိုင်။

ရင်ထဲ တဝုန်းဝုန်း ဆောင့်ခုန်လှုပ်ရှားလာခဲ့သည်မို့ ရပ် လိုက်ရတော့သည်။

လိုတရက ကျေးဇူးတင်လွှာပင် ထည့်ခဲ့ပါလား။

ဒါဆို ဆွတ် ထွက်ပြေးလာခဲ့ရတာဟာ ဘာမှအဓိပ္ပာယ်မဲ့,



www.burmeseclassic.com

www.burmeseclassic.com



မမြောက်တော့ဘူးတဲ့လား။

ဆွတ်သည် လိုတရရဲ့လုပ်ရပ်တွေကို ဘယ်လိုနားလည်ရမလဲ မသိတော့ပြီ။

"ကဲ ... ဒီမှာလည်း ဂျာနယ်တွေ ကြည့်ကြည့်လိုက်ပါဦး၊ ဓာတ်ပုံတွေမှ ဝေဝေဆာဆာနဲ့"

"လိုတရဘက်က တရားဝင်ကြေညာထားတာ ... နင်နဲ့ သူ့ရဲ့မင်္ဂလာပွဲ အထမြောက် အောင်မြင်စွာ ပြီးဆုံးခဲ့တဲ့အကြောင်း"

သူငယ်ချင်းတွေမှာ ဂျာနယ်တွေထဲမှ ဓာတ်ပုံတွေကို အပြိုင်အဆိုင် ဝိုင်းပြကြလေတော့သည်။

ဆွတ်မှာ ကိုယ့်ကိုဆင်ယင်ပေးခဲ့သည့်အတိုင်း ဆင်စွယ်ရောင် သတို့သမီးဝတ်စုံနှင့် လက်ဝတ်ရတနာများ အပြည့်အစုံ ဝတ်ပေးထားသော သတို့သမီးအရုပ်ကို ဓာတ်ပုံများထဲ၌ မြင်နေရသည်မှာ ကိုယ့်မျက်စိပင် ကိုယ်မယုံနိုင်။

လိုတရက တကယ်ပင် လုပ်ရဲခဲ့သည်တဲ့လား။

အရုပ်နှင့်တွဲပြီး ပွဲထွက်ခဲ့ရသည့်မင်္ဂလာဆောင်မှာ သူ ဘယ်လိုမျက်နှာမျိုးနှင့် နေခဲ့ရှာပါလိမ့်။

သူ တကယ်ပဲ မရှက်ခဲ့ဘူးတဲ့လား။

မရှက်ဘဲတော့ နေလိမ့်မည်မဟုတ်။





ရှက်သည်းသော်လည်း သူ တစ်ယောက်တည်း ဘယ်လိုများ ရင်ဆိုင်ခဲ့ရှာပါလိမ့်။

ဆွတ်မှာ သတို့သမီးအရုပ်နှင့် မင်္ဂလာဆောင်ထားသည့် လိုတရရဲ့ဓာတ်ပုံတွေကိုကြည့်ကာ မျက်ရည်များ ရစ်ဝဲလာမိတော့သည်။

"ဒီမှာကြည့်စမ်း ... မုန်းခွဲ့ကျေးတဲ့ပုံ၊ နင့်ကို တကယ်ခွဲ့ကျေးနေသလို သူ့မျက်လုံးတွေထဲမှာ ယုယကြင်နာခြင်းတွေ အပြည့်နဲ့ ... တွေ့လား"

ဟုတ်ပါရဲ့ ...။

ဝတ်မှုန်ပြောသလိုပင် သတို့သမီးအရုပ်ကို မုန်းခွဲ့ကျေးနေသည့် သူ့ရဲ့မျက်ဝန်းအိမ်ထဲမှာ ယုယကြင်နာခြင်းအရိပ်များမှာ ဖိတ်လက်၍နေသည်။

"ခန်းမထဲအဝင် ပွဲထုတ်တုန်းကပုံတွေကိုလည်း ကြည့်ပါဦး ... အရုပ်ကိုဘီးတပ်ပြီး တွဲလျှောက်ခဲ့ရှာတာ"

"ဆွတ်ရယ် ... နင် စဉ်းစားကြည့်စမ်း ... အရုပ်နဲ့ လက်တွဲလျှောက်နေပေမယ့် သူ့မျက်နှာက နင်နဲ့လျှောက်နေရသလို ပြုံးထားလိုက်တာ"

"သူ့စိတ်ထဲ အရုပ်ကို ဆွတ်လို့ပဲမြင်ယောင်ပြီး သဘောထားနေတာဖြစ်မှာပေါ့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ပရိသတ်တွေကို နှုတ်ဆက်တော့လည်း သူ့ခမျာ မရှက်မရွံ့ဟယ်၊ အရုပ်ကို ဆွတ်ရေ ... ဆွတ်ရေ ... နဲ့ နှင့်နာမည် ခေါ်ခေါ်ပြီး မိတ်ဆက်ပေးနေရှာတာ"

အရုပ်ကို ဆွတ်ရေ ... ဆွတ်ရေ ... လို့ခေါ်ပြီး ပရိသတ်တွေနဲ့ မိတ်ဆက်ပေးခဲ့သတဲ့လား။

ငါ ဘယ်လိုနားလည်ရမှာလဲ လိုတရရယ်။

နှင့်ရင်ထဲ ငါ တကယ်ရှိနေခဲ့လို့လား။

မင်္ဂလာပွဲကို မပျက်စေချင်တဲ့ဆန္ဒတစ်ခုတည်းကြောင့်လား။

ဆွတ်သည် ဓာတ်ပုံတွေကိုကြည့်ကာ ရင်ထဲ ပဟေဠိမေးခွန်းပေါင်းများစွာ ဆူဝေ၍နေခဲ့သော်လည်း ...

မျက်ရည်များကတော့ တစိမ့်စိမ့်ဝဲ၍လာခဲ့သည်။

"ငါတို့အားလုံး သူ့ကိုကြည့်ပြီး စိုးရိမ်ခဲ့ရတာ၊ ဘယ်အချိန်များ စိတ်ဖောက်ပြန်ပြီး သွက်သွက်ခါသွားမလဲလို့"

"လိုတရရဲ့လုပ်ရပ်တွေကိုကြည့်ပြီး အားလုံးက ရူးသွားပြီလို့ပဲ ဝေဖန်နေကြတာ"

"တကယ့်အရူးတစ်ယောက်လို ဖြစ်နေခဲ့တာကိုး၊ ဘယ်သူကများ အရုပ်နဲ့ မင်္ဂလာဆောင်မှာလဲ၊ သူ ရူးလို့သာ အရုပ်နဲ့ မင်္ဂလာဆောင်တယ်လို့ သတ်မှတ်ကြမှာပေါ့"





"သူ့ကြည့်ရတာ အရမ်းသနားဖို့ကောင်းတယ်နော်"

စကားအဆုံး၌ အားလုံးမှာ တညီတညွတ်တည်း မှတ်ချက်ချကြသည်မှာ လိုတရရဲ့အပြုအမူများမှာ အရမ်းသနားစရာကောင်းတယ်ဆိုသောအချက်ပင်။

ဒါဆို ဆွတ်ကရော။

ထွက်ပြေးခဲ့သူ ...

စွန့်ခွာခဲ့သူ ...

ထားရစ်ခဲ့သူ ...

ဆွတ်က ရမ်းကားသူ၊ ရက်စက်ဝံ့သူများ ဖြစ်၍နေပြီလော။

ဆွတ် ... သူ့ကို တကယ်အနိုင်ရခဲ့ပါရဲ့လားကွယ်။

"ငါ ... တစ်ခုပြောချင်တယ်ကွယ် ... ပြောရမလား"

ဖွေးဖွေးက ခွင့်တောင်းသည့်သဘော အရင်စကားစသည်။

မျက်ရည်များ ရစ်ဝဲနေသည့်ဆွတ်မှာ မျက်တောင်များ တဖျပ်ဖျပ်ခတ်ကာ အနိုင်နိုင်ထိန်းရင်း ပြောလေ ... ဆိုသည့်သဘော မေးဆတ်ပြသည်။

"သူ ... နှင့်ကို တကယ်ချစ်တာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဆွတ် . . . ဆန်းကြယ်လှသော စကားတစ်ခွန်းကို ကြားလိုက်ရသလို ပါးစပ်အဟောင်းသားနှင့် ဖွေးဖွေးကို မော့ကြည့်သည်။

"လိုတရက နင့်ကို အရမ်းချစ်တာ"

"နင်ထင်သလို နင့်ကို ချုပ်ချယ်တာ, အနိုင်ကျင့်တာ, ဗိုလ်ကျတာတွေဟာ ငါတော့ သူ့စိတ်ရင်းအမှန် . . . လို့ မထင်ဘူး"

"သူ့ရဲ့မသိစိတ်ထဲမှာ နင်နဲ့ပတ်သက်ပြီး သူကိုယ်တိုင်တောင်မသိတဲ့ တစ်စုံတစ်ရာရှိလိမ့်မယ် . . . လို့ ငါတော့ ထင်တယ်"

သူငယ်ချင်းများက တစ်ယောက်တစ်ခွန်းစီ ဝိုင်းပြောနေကြဆဲ ဆွတ်မှာတော့ ရင်ထဲ တလှပ်လှပ် ဟာ၍လာသည်။

သူတို့ရဲ့မှတ်ချက်စကားတွေကို ဆွတ် ယုံကြည်ရမည်လား။

ဆွတ် ဘာကိုမှ မဝေခွဲနိုင်။

သူငယ်ချင်းများကတော့ လိုတရနှင့်ပတ်သက်သမျှ သူတို့ရဲ့ထင်မြင်ချက်များကို ဆက်ပြီး ပြောနေကြဆဲ။

"ဘာပဲဖြစ်ဖြစ် လိုတရက နင့်အတွက် အမှန်တကယ်အားကိုးထိုက်တဲ့လူတစ်ယောက်ပဲ ဆွတ်"





"ဟုတ်တယ် . . . တကယ်တမ်း နင့်ရဲ့ဘဝကြင်ဖော်ဖြစ်သင့်တဲ့သူဟာ လိုတရပဲ"

"စိတ်မဆိုးနဲ့ဆွတ် . . . နင် စိတ်ကူးလွဲနေတယ်"

"မဟုတ်ဘူး . . . စိတ်ကူးလွဲတာ မဟုတ်ဘူး၊ စိတ်ကူးအယဉ်လွန်နေတာ"

"တုန္တိုင်းမရဟာ အပြောလေးချိုချိုနဲ့ အိုဗာတင်းတွေဖျော်တတ်တော့ နင် စိတ်ကူးယဉ်လို့ ကောင်းနေတာပေါ့"

သူငယ်ချင်းတွေက လိုတရအကြောင်း ပြောနေရာမှ တုန္တိုင်းမရဆီ လမ်းကြောင်းဆက်ခဲ့ပြန်သည်။

ဆွတ်ကတော့ နားထောင်သမားသက်သက်ပင် ဖြစ်၍နေသည်။

ခုချိန်မှာ ဆွတ် ဘာကိုမှဝင်မပြောနိုင်တော့ပြီ။

"နင် တုန္တိုင်းမရအကြောင်း ဘယ်လောက်သိလို့လဲ ဆွတ်ရဲ့"

"ငါတို့ စုံစမ်းမိရသလောက်ကတော့ ဒီကောင်က ဥပမိရုပ်ကလေး ဇန်းပြပြီး, တော်ကီတွေချွေပြီး အမိုက်စားလေးတွေကို ကြုံနေတာပဲ"

"သူ့မှာ နင်တစ်ယောက်တည်း မဟုတ်ဘူးနော် ဆွတ်"

"များလွန်းလို့ နင်က သူ့ရဲ့ နံပါတ်ဘယ်လောက်မှန်း



www.burmeseclassic.com

www.burmeseclassic.com



တောင် မှတ်မိနိုင်တော့မှာ မဟုတ်ဘူး''

ဆွတ်မှာ ကြားရသမျှ ကိုယ့်နားကိုယ်ပင် မယုံနိုင်။

တုနှိုင်းမရက ဒီလိုလူစားမျိုးတဲ့လား။

ရုပ်ကလေး ဗန်းပြပြီး ...

စကားလုံးချိုချိုလေးတွေပြောပြီး ...

မိန်းကလေးတွေရဲ့နှလုံးသားကို ဆွဲဆောင်သိမ်းပိုက်တတ်သူတဲ့လား။

ဆွတ်ကတော့ စကားချိုချိုလေးတွေ ပြောတတ်တဲ့ ... နူးညံ့သိမ်မွေ့လှသူ နှိုင်းမရဟာ ဆွတ်တစ်ယောက်တည်းကိုပဲ ချစ်ခွင့်ပန်ခဲ့တယ် ... လို့ ယုံကြည်ခဲ့တာ။

''တုနှိုင်းမရက ... နင့်ရဲ့အလှအပနှင့် နင်စီးနေတဲ့ကား, နင်ကိုင်ထားတဲ့ဟမ်းဖုန်း, နင့်ရဲ့မာနနဲ့ ပိုင်ဆိုင်မှုတွေကို ကြည့်ပြီး အပေါ်ယံလောက်သာ စိတ်ဝင်စားနေတာ''

''မှန်တယ် ဆွတ် ... တကယ်တမ်း သူ့ရင်ထဲမှာ နင့်အတွက် စစ်မှန်တဲ့အချစ် ရှိလိမ့်မယ်လို့ ငါတို့မထင်ဘူး''

ပွင့်လင်းလှသော သူငယ်ချင်းများရဲ့ ထင်မြင်ယူဆချက်များကြောင့် ဆွတ်မှာ ဘာမှမပြောတတ်တော့သလို အာစေးမိနေမိသည်။

သူငယ်ချင်းတွေရဲ့ဝေဖန်ထောက်ပြချက်တွေဟာ နှိုင်းမရ





အပေါ် ဆွတ်ရဲ့အမြင်နှင့် တခြားစီပင် ခြားနားလို့နေခဲ့သည်။

နှိုင်းမရကို အဖြေမပေးရသေးတာ ဆွတ် မှန်ခဲ့ပြီလား။

နှိုင်းမရဆီ လိုက်မသွားခဲ့တာ ဆွတ် ကံကောင်းထောက်မဖို့ ဖြစ်စေခဲ့တာလား။

ဆွတ်သည် လူကသာ ငြိမ်သက်၍နေမိသော်လည်း စိတ်ကတော့ အတွေးများစွာ ဖွဲ့နေမိသည်။

မေးခွန်းပေါင်းများစွာဖြင့် လှုပ်ရှား၍နေလေသည်။

''ဆွတ် ... စိတ်မဆိုးနဲ့၊ နင့်ကို တကယ်ခင်လို့ ငါ ဝေဖန်မယ်၊ လိုတရကို စွန့်ခွာပြီးထွက်ပြေးခဲ့တာ နင် သိပ်မှားတယ်''

သူတစ်ဖက်သား ကြိုက်တာ,မကြိုက်တာထက် စိတ်ထဲရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်း ပြတ်ပြတ်သားသား ပြောတတ်သော ရွှေရည်က တဲ့တိုးပဲ ပြောသည်။

ဆွတ်မှာ ပြန်ပြီးချေပဖို့ကို စကားလုံးမရှိတော့သလို နှုတ်ခမ်းများ ကိုက်၍သာနေမိသည်။

''ငါတို့ နင့်ကို အကောင်းဆုံး အကြံတစ်ခုပေးမယ်၊ ဆွတ်''

ဆုပန်ကတော့ ဆွတ် လက်ချောင်းတွေကို ဆုပ်ကိုင်ဖျစ်ညှစ်ကာ လေပြေအေးနှင့် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ရွေးချယ်ရလိမ့်မယ်"

"ဟင်"

ဆွတ်မှာ အလန့်တကြား ဖြစ်သွားရတော့သည်။

"လိုတရနှင့်တုန္ဒိုင်းမရ နှစ်ယောက်တည်းက ဘယ်သူက နင့်ဘဝအတွက် စစ်မှန်တဲ့ဘဝကြင်ဖော်ဖြစ်သင့်တယ်ဆိုတာ နင် ရွေးချယ်ဖို့လိုတယ် ဆွတ်"

လေပြေအေးကလေးနှင့် အကောင်းဆုံးအကြံပေးသော ဆုပန်ရဲ့စကားအဆုံးမှာ ဆွတ်သည် ရင်ခုန်ခြင်းကင်းမဲ့သော ကျောက်ရုပ်တစ်ရုပ်ဖြစ်သွားရတော့သည်။

ဆွတ် ... ဘယ်သူ့ကိုရွေးချယ်ရမှာလဲကွယ် ...။



# တစ်လခန့်ကြာပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

သူငယ်ချင်းများအားလုံးက တုနိုင်းမရနှင့် လိုတရ နှစ်ယောက်ထဲမှ တစ်ယောက်ကို ရွေးချယ်ရန် တိုက်တွန်းဆဲ။

ကာယကံရှင်ဖြစ်သော ဆွတ်မှာတော့ ဘယ်သူ့ကိုရွေးချယ်သင့်သည်ဆိုတာ စဉ်းစားလို့မရခဲ့။

တစ်ရက်ပြီးတစ်ရက် အချိန်တွေသာ ကုန်လွန်လာခဲ့သည်။ ဆွတ်မှာတော့ တွေဝေဆဲ ...

"နင် ခုထိ စဉ်းစားလို့မရနိုင်သေးဘူးလား"

"ဆုံးဖြတ်စရာရှိတာကို အချိန်ဆွဲလွန်းရင် အဖြေက ပိုဝေးသွားတတ်တယ်နော် ... သတိထား"

သူငယ်ချင်းတွေကလည်း နေ့စဉ်နှင့်အမျှ ဖိအားပေးနေကြတော့သည်။





"ငါ စဉ်းစားနေပါတယ်ဟာ"

ဆွတ်မှာ ခပ်ဖျော့ဖျော့သာ ပြန်ပြောနိုင်မြဲ။

"ဘာလဲ ... ရွေးလို့မရဘူးလား"

"အမှတ်ချင်းတူနေလို့လား"

ဖွေးဖွေးက ဝင်နောက်သည်။

ဆွတ်ကလွဲပြီး အားလုံး ပြုံးစိစိဖြစ်သွားကြပြီး ...

"တူမှာပေါ့ ... ဥပမိကလည်း နှစ်ယောက်လုံးက အမိုက်စား"

"အံမယ် ... အမိုက်စားချင်တူပေမယ့် တုနိုင်းမရချော ပုံက မာယာဆန်တယ်၊ ငါတို့ လိုတရက natural ချောတာ၊ ဘာမာယာမှမပါဘူး"

"ဒါကတော့ ဟိုက အဆိုတော်ပဲဟာ၊ ပေါ်ပြူလာဖြစ်အောင် မာယာဖွင့်ထားတာဖြစ်မှာပေါ့"

သူငယ်ချင်းများမှာ လိုတရကို တစ်သက်လုံးက မြင်ပြင်းကတ်ကြည့်မရခဲ့ကြပြီး ခုကျတော့မှ လိုတရဘက်တော်သားစစ်စစ်တွေ ဖြစ်ကုန်ကြတော့သည်။

နင့်လုပ်ရပ်တွေ နင့်အပြုအမူတွေ သိပ်ကိုအောင်မြင်ပါတယ် လိုတရရယ်လို့ ဆွတ် စိတ်ထဲမှပင် ပြောလိုက်မိသည်။

"ဟေ့ ... စတိုင်လ်ကရော"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါလည်း အမှတ်ချင်းက လယ်ဗယ် (level) ပဲနော်"

"တစ်ယောက်က အဆိုတော်၊ တစ်ယောက်က နိုင်ငံခြားပြန်၊ နှစ်ယောက်စလုံး စတိုင်လ်ကတော့ လန်းနေတာပဲ"

"မတူပါဘူးဟာ၊ ငါ့အမြင်မှာတော့ တုန်နိုင်းမရပုံစံက လီယိုနာဒိုလို ပျော့ခွဲ့ခွဲ့နဲ့၊ လိုတရကတော့ ဘရက်ပစ်တို့လို မျက်လုံးကအစ ဟန်အပြည့်နဲ့"

ဘုရှိတ်သမားရွှေရည်က ထင်သာမြင်သာအောင် ဥပမာကောင်းကောင်းဝင်ပေးတော့မှ ဆွတ် ရယ်ချင်သွားရသည်။ ဟောလိဝုဒ်က ဖာတ်လိုက်ကျော်တွေလည်း မနေရပါလား။

"ဆွတ် ... နင် သိပ်တွေဝေမနေနဲ့၊ ငါတို့ ဘေးကနေကြည့်ပြီး အားမရတော့ဘူး၊ နင် စဉ်းစားလို့မရနိုင်ဘူးဆိုရင် ငါတို့ပဲ စဉ်းစားပေးလိုက်တော့မယ်"

ဆုပန် စိတ်မရှည်တော့သလို ပြောသည်။

"ရတယ် ရတယ် ... ငါ အဖြေရတော့မှာပါ"

ဆွတ် ကပျာကယာ ငြင်းလိုက်သည်။

ဒီမိန်းမတွေသာ ဝင်စဉ်းစားပေးမယ်ဆိုရင် အဖြေက လိုတရဆိုတာ ရှင်းရှင်းကြီး ထွက်လာခဲ့မှာပင် ...

"အို ... ဒီအချိန်ဟာ စဉ်းစားရမယ့်အချိန်တောင် မဟုတ်တော့ဘူး၊ ပြတ်ပြတ်သားသား ဆုံးဖြတ်ရတော့မယ့်





အချိန်"

ရွှေရည့်လေသံကတော့ မာမာထန်ထန်၊ ဆွတ် မျက်လုံးဝိုင်းကလေးနှင့်ကြည့်ရင်းက ...

"အေးပါ အေးပါ .. ငါ ခုပဲ ဆုံးဖြတ်ချက်ချတော့မှာပါ"

ဆွတ် ထိတ်ထိတ်လန့်လန့်နှင့် ပြောရသည်။

"ဆွတ်ရာ ... နင် တွေဝေမနေစမ်းပါနဲ့၊ အမှတ်ချင်း တူရင်တောင် လိုတရက တစ်မှတ်တော့ သာကိုသာပါတယ်"

"အဲဒါ နင့်ကို ငယ်ငယ်လေးကတည်းက အရိပ်တကြည့်ကြည့်နဲ့ လိုချင်တာ ဖြည့်ဆည်းပေးခဲ့တဲ့အချက်ပဲ"

"အဲ့ဒီတစ်မှတ်နဲ့တင် လိုတရက တုန်နိုင်းမရကို တစ်ဘဝ အကျော့ပေးလို့ရပါတယ်"

ဘုရားရေ ...

အနေအထားက အရမ်းကို ပြင်းထန်လို့ရပါလား။

ဖွေးဖွေး ...

ရွှေရည် ...

ဝတ်မှုန် ...

ဆုပန် ...

တို့ လေးယောက်သား တစ်ယောက်တစ်ပေါက် ဝိုင်းအုံစုပြီကာ ပြောဆဲ။



www.burmeseclassic.com

www.burmeseclassic.com



ဆွတ်သည် တဖြည်းဖြည်းနှင့် သူတို့မျက်နှာတွေကို ကြည့်ရတာ မှုန်သီဝေဝါးလာတော့ကာ ...

ခေါင်းထဲ မခံမရပ်နိုင်လောက်အောင်ပင် မူးနောက်လာလေတော့သည်။

ဆွတ်သည် မျက်လုံးကို ကျပ်နေအောင် မှိတ်ပြီး မျက်နှာကို လက်ဝါးနှစ်ဖက်နှင့်အုပ်ကာ ...

"မူး ... မူးလိုက်တာ"

မခံနိုင်လွန်းတော့သဖြင့် ပါးစပ်မှလည်း ဖွင့်ဟ,ညည်းရင်း ဆွတ်မျက်လုံးတွေထဲ ဘာမှမမြင်နိုင်တော့လောက်အောင် ပြာဝေလာခဲ့သည်။

ခေါင်းထဲ၌ မူးနောက်ရီဝေသည့်ဒဏ်ကလည်း တစ်စထက်တစ်စ ပိုဆိုးဝါးပြင်းထန်လာသည်။

"ဆွတ် ... ဘာဖြစ်တာလဲ"

"အရမ်း ... မူး"

ဆွတ်စကားကို ဆုံးအောင်မပြောနိုင်။

"လှဲနေလိုက်"

"သွေးအားနည်းလို့များလား"

"stress ကြောင့်လည်း ဖြစ်နိုင်တယ်"

"သံပုရာရည် ဖျော်လိုက်မယ်"





"သွေးပေါင်ကျနေရင် သံပုရာရည်နဲ့ မတည့်ဘူး"

သူငယ်ချင်းများက တစ်ယောက်တစ်ပေါက် ပြောနေကြဆဲ။ အသံများမှာ ဆွတ်နှင့် တဖြည်းဖြည်း ဝေးသွားခဲ့သည်။

အမှတ်မထင် ဆွတ်ရဲ့ချို့ယွင်းခဲ့သော ကျန်းမာရေးအခြေအနေသည် ဆွတ်တွေဝေနေခဲ့သော အနေအထားတစ်ရပ်ကို ပြတ်သားစွာဆုံးဖြတ်နိုင်ရန် ဖန်တီးပေးလိုက်သကဲ့သို့ ဖြစ်ခဲ့ရပါသည်။

ဒါဟာ ဆွတ်ရဲ့ ကံကြမ္မာသစ်တစ်ခုလို့ ဆိုနိုင်သလို..

ဆွတ်ဘဝရဲ့အကြီးကျယ် အခမ်းနားဆုံးသော ပြောင်းလဲမှုတစ်ခုလို့လည်း ဆိုချင်ပါသည်။

တကယ့်ကို ဆွတ်ဘဝရဲ့ မထင်မှတ်စရာ ပြောင်းလဲမှုတစ်ခု ဖြစ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

"သူ့ တို့နှစ်ယောက်လုံးနဲ့ ငါတွေ့ချင်တယ်"

ဆွတ် မျက်လုံးများကို မှေးမိှတ်ထားရင်းက တိုးတိတ်တည်ငြိမ်စွာ ပြောလိုက်သည်။

"တုန္နိုင်းမရလည်း ရန်ကုန်ပြန်ရောက်လောက်ပြီ ထင်ပါတယ်"

ဆွတ် အချိန်တွေကို တွက်ဆကြည့်ပြီး ဆက်ပြောလိုက်သည်။

ဆွတ် ဖွေးဖွေးဆီမှာ ခိုနေခဲ့တာ တစ်လတောင် ကျော်ခဲ့ပြီပဲ။

M.T.V အတွက် ရှမ်းပြည်နယ်ဘက်မှာ တစ်လခန့်ကြာမယ် ပြောခဲ့သည့် တုန္နိုင်းမရလည်း ခုချိန်လောက်ဆို ပြန်ရောက်





လောက်ရောပေါ့။

ဆွတ်ကို ဘယ်လိုအချိန်မှာပဲဖြစ်ဖြစ်၊ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် မျှော်လင့်နေမယ်ဆိုသော ...

ဆွတ်သာ သူနှင့်အတူ ဘဝတစ်ခုကို လက်တွဲရင်ဆိုင်ရန် လာခဲ့မယ်ဆိုရင်၊ ရင်ဖွင့်ကြိုနေမယ်ဆိုသော ...

တုန္နိုင်းမရဟာ ဆွတ်ရဲ့ လက်ရှိသတင်းတွေ ကြားသိရပြီး ...

ခုချိန်မှာ ဆွတ်ကခေါ်လျှင် ရောက်လာမည်တဲ့လား။

လိုတရ ...

ဆွတ်ကို အရိပ်တကြည့်ကြည့်နဲ့ လိုချင်တာမှန်သမျှ ဖြည့်စွမ်းခဲ့ပါတယ်ဆိုတဲ့ လိုတရကရော ...

ခုချိန်မှာ ဆွတ်က ခေါ်တွေ့ခဲ့တယ်ဆိုရင် ...

ဘယ်အခြေအနေမှာပဲဖြစ်ဖြစ် ...

ဆွတ် ဘယ်လိုဘဝရောက်ရောက် ...

သစ္စာရှိစွာ စောင့်နေမယ်ဆိုတဲ့ သူ့စကားနဲ့အညီ လက်တွေ့ပြနိုင်မှာလားဆိုတာ ဆွတ် သိချင်ပါရဲ့။

ပြီးတော့ ...

တကယ်လို့သာ ...

ဆွတ်ဟာ တုန္နိုင်းမရကို ရွေးချယ်ခဲ့တယ်ဆိုရင်ရော



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအတိုင်း သူဟာ ကျေနပ်ကြည်ဖြူနိုင်မှာတဲ့လား။

ဆွတ်သည် မရေရာသောအတွေးများကို ဖြန့်ကြက်ရင်း ခေါင်းထဲက မခံမရပ်နိုင်အောင် မူးဝေလာခဲ့ပြန်သည်။

"ကျွတ် ‥ ကျွတ်"

နားထင်နှစ်ဖက်ကို လက်ချောင်းများနှင့်ထောက်ရင်း ဆွတ် ခပ်တိုးတိုး ညည်းမိပြန်သည်။

"ခေါင်းမူးလာပြန်ပြီလား ဆွတ်"

ဖွေးဖွေးအသံမှာ စိုးရိမ်တကြီး။

ဆွတ် ခေါင်းကိုညိတ်ပြရင်း မျက်လုံးများ ကျပ်နေအောင် မှိတ်ထားလျက်က အိပ်ရာကို နောက်ပြန်လက်ထောက်စမ်းရင်း ဖြည်းဖြည်းချင်း လှဲချရန် ကြိုးစားသည်။

"ဖြည်းဖြည်း ‥‥ ဖြည်းဖြည်း ဆွတ် ‥‥ ပိုမူးသွားမယ်"

ဆုပန် ချက်ချင်း အနားရောက်လာကာ အနောက်မှပွေ့ပြီးထိန်းကိုင်ကာ အိပ်ရာပေါ် ဖြည်းဖြည်းချင်း ချမိ၏။

"ဆွတ် ‥‥ ဆေးသောက်ရဦးမယ်နော်"

"အစာရှိမှဖြစ်မှာပေါ့ ‥‥ ဘာစားပြီးပြီလဲ"

"မနက်က အသားညှပ်မုန့် စားထားပါတယ်"

ဆွတ် ‥‥ မူးဝေနေသောခေါင်းကို အံကြိတ်ကာ လက်





ချောင်းများဖြင့် နှိပ်ရင်းက ခပ်ဖျော့ဖျော့ပြန်ဖြေသည်။

"နည်းနည်းလေးပဲ စားတာပါဟာ"

ဖွေးဖွေးက အားမလိုအားမရ ဝင်ဖြေသည်။

"သူ့လိုတရလက်ရာ မဟုတ်လို့ထင်ပါရဲ့ ‥‥ ငါလုပ်ပေးတာဆို နည်းနည်းပဲ စားတယ်"

ဖွေးဖွေးက အချွန်နှင့်မ,ပြန်သည်။

ခေါင်းက မူးဝေနေသည့်ကြားက ခပ်ယောင်ယောင် ပြုံးမိသွားသည်။

"မဟုတ်ပါဘူး ဖွေးရယ် ‥‥ နင့်လက်ရာက ပိုကောင်းပါတယ်၊ ငါကိုယ်က ခေါင်းမူးလွန်းလို့ ဘာမှမစားနိုင်တာပါ"

ဖွေးဖွေးကျေနပ်အောင် ပြောရပြန်သည်။

ဖွေးဖွေးကတော့ ဆွတ် အစာကောင်းကောင်း မစားနိုင်တာကို လိုတရလက်ရာနှင့် အမြဲနှိုင်းယှဉ်လျက် သူ့လက်ရာ စားမကောင်းလို့ ‥‥ ဟုသာ ထင်နေတတ်သည်။

တကယ်လည်း ခေါင်းထဲမူးရီကာ အမြဲလို လျှောင်လှုပ်နေသလိုမျိုး ခံစားရသည့် ဝေဒနာက ဘာကိုမှ မစားချင်အောင် ဖြစ်ရသည်။

"ဆွတ် ‥‥ နင် အရမ်းပိန်လာပြီနော် ‥‥ သိလား"

"သွေးအားနည်းနေသလား မသိဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ဆို နွားနို့တွေ,ဘာတွေ သောက်သင့်တာ၊ အစာကောင်းကောင်းစားလို့မဝင်ရင် နွားနို့သောက်တော့ အားလည်းရှိ၊ အာဟာရလည်းပြည့်"

"အံမယ်လေး ... ငါတိုက်ပါတယ်နော်၊ မယ်မင်းကြီးမက အနံ့တောင် မခံနိုင်ဘူးတဲ့လေ ... ညှီလို့တဲ့၊ အနံ့ရတာနဲ့ အန်ချင်သတဲ့"

ဖွေးဖွေးက တိုင်သည့်လေသံဖြင့် ပြောနေသည်။

ဆွတ်မှာ ငယ်ငယ်တုန်းက အဖြစ်တစ်ခုကို သတိရလိုက်မိပြန်သည်။

စာမေးပွဲနီးတော့ စာတွေကျက်ရလွန်းသည်မို့ ဆွတ်အိပ်ရေးပျက်ကာ ပိန်လာတော့ လိုတရက အတင်းချုပ်ပြီး နွားနို့တိုက်ခဲ့ဖူးသည်လေ။

ခုမှ ဆွတ် နားလည်ခံစားမိသည်မှာ လိုတရဟာ ဆွတ်ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဆွတ်ကောင်းဖို့အတွက်ဆိုလျှင် လုပ်ပေးသင့်တာကို မဖြစ်,ဖြစ်အောင်လုပ်မည့်သူသာတည်း။

အဲ့ဒီတုန်းကတော့ ဆွတ်က ကိုယ့်ကို သူ ပိုင်စိုးပိုင်နင်းဆက်ဆံသည့် အနိုင်ကျင့်သည်လို့ပဲ ခံစားခဲ့ရတာ ...

"ကဲ ကဲ ... ဆေးသောက်ရမယ်၊ ဝိုင်းထူပေးကြဦး"





ခဏတွင်းချင်း ဆွတ်ကို ဖြည်းဖြည်းချင်းထူပေးသူကထူပေး၊ ဆေးပွဲ့သူက နှုတ်ခမ်းဝနားအထိ ခွံ့၊ ရေတိုက်သူကလည်းတိုက်နှင့် ...

ဆွတ်မှာ ကိုယ့်အပေါ် ကောင်းလွန်းလှသည့် သူငယ်ချင်းများကို အားပင်နာမိတော့သည်။

"အားနာလိုက်တာဟာ ... ငါ့အတွက် လုပ်ပေးရတာနဲ့ နင်တို့မှာ အချိန်တွေကုန်နေရတယ်၊ ငါ ဘယ်တော့မှ မမေ့ပါဘူး။ နင်တို့တွေ ငါ့အပေါ် အရမ်းကောင်းခဲ့တာကို"

ဆွတ် လှိုက်လှိုက်လှဲလှဲပင် ပြောမိသည်။

"အေး ... ငါတို့တွေ နင့်အပေါ်ကောင်းခဲ့တာက အခုအချိန်ကလေးပဲ ကောင်းနိုင်တာ သူငယ်ချင်းရဲ့ ...၊

သူငယ်ချင်းတစ်တွေ ဘယ်လောက်ပဲချစ်ပေမယ့် တစ်ချိန်ကျရင် ကိုယ့်ဘဝကိုယ်လျှောက်ရမှာ ...၊

ငါတို့တွေက ခု တစ်ခဏကလေးအတွင်းပဲ နင့်အပေါ်ကောင်းနိုင်မှာ ...၊

နင့်အပေါ် တစ်သက်လုံးကောင်းနိုင်မယ့်သူကို နင့်နှလုံးသားထဲက အစစ်အမှန် အဖြေထုတ်ပြီး ရွေးချယ်နိုင်ဖို့ လိုတယ်"

စကားနည်းသောဝတ်မှုန်က ခုတော့ တစ်ခွန်းချင်း ရှည်လျားစွာပြောသည်မို့ ဆွတ် မျက်လုံးမှိတ်ထားလျက်က နားစိုက်



www.burmeseclassic.com

www.burmeseclassic.com



ထောင်နေမိသည်။

"အေးပါဟယ် ...ငါ အသေအချာ ရွေးချယ်မှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဖွေးဖွေးကိုလည်း ငါ အားနာလှပါပြီ၊ သူ့မိသားစုလည်း ပြန်ရောက်လာတော့မှာလေ၊ ငါ ဆက်နေဖို့ မသင့်တော့ဘူး"

ဘုရားဖူးသွားနေသည့် ဖွေးဖွေးမိသားစုမှာ ခရီးတွေ ဆက်ရင်း ဆက်ရင်းက ကြာနေခဲ့သည်မို့သာ ဆွတ်လည်း နေသားကျနေမိခြင်းသာ။

ဖွေးဖွေးမိသားစုများ ပြန်ရောက်လာခဲ့လျှင် ဆွတ် ဒီလောက်နေသားကျတော့မှာ မဟုတ်မှန်း ကိုယ့်ကိုယ်ကိုယ် သိသည်။

"နေလို့ရပါသေးတယ် ဆွတ်ရာ"

ဖွေးဖွေးကတော့ ဆွတ် အားနာစရာမလိုကြောင်း ပြောပါသည်။

"ကဲ ...လောလောဆယ်တော့ ကျန်းမာရေးကောင်းဖို့သာ အဓိက၊ ဆေးသောက်ပြီး မျက်စဉ်းခတ်ရဦးမယ်နော်"

ဆွတ်ကို မျက်စဉ်းခတ်ရန် ပြန်လှဲပေးကြပြန်သည်။

ဆွတ် ကိုယ့်ကိုယ်ကိုယ် စိတ်ပျက်အားငယ်စွာ သူငယ်ချင်းတွေမသိအောင် သက်ပြင်းခိုးရှိုက်မိပြန်သည်။





မျက်စဉ်းစက်အေးအေးက မျက်ဝန်းအိမ်ထဲ အေးမြစွာ စိမ့်ဝင်သွားတာ ခံစားသိဖြင့် သိလိုက်သည်။

မျက်တောင်များ တဖျပ်ဖျပ်ခတ်ရင်း ဆွတ် သူငယ်ချင်းများကို စကားစ,မိပြန်သည်။

"ငါ့ဆီ ...လိုတာရနှင့်တုနှိုင်းမရကို ခေါ်ခဲ့ပေးကြပါ"

ဖွေးဖွေးတို့တစ်တွေ ခဏမျှ အသံတိတ်သွားကြသည်။

"ဘယ်တော့လဲ"

"မနက်ဖြန်"

"ဘုရားရေ"

သူငယ်ချင်းတစ်တွေ တအံ့တသြဖြစ်သွားလိမ့်မယ်ဆိုတာ ဆွတ် သိနေပါသည်။

"ဆွတ် ...နင် တကယ်ပဲ သူတို့ကို ရွေးချယ်တော့မှာပေါ့ ...ဟုတ်လား"

မယုံကြည်နိုင်သလို တအံ့တသြ ပြန်မေးကြလျှင် ဆွတ် နှမ်းလှနာကျင်စွာ ပြုံးလိုက်မိပါသည်။

"ဟင့်အင်း"

"ဘယ်လို"

ထပ်ပြီးတော့ အံ့အားတသင့် ဖြစ်သွားကြသံ။

ဆွတ်အပြုံးဖြင့်ပင် တည်ငြိမ်စွာ ပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါက သူတို့နှစ်ယောက်တည်းက တစ်ယောက်ကို ရွေးချယ်မှာ မဟုတ်ပါဘူး"

"ဒါဆို"

"သူတို့ကို ရွေးချယ်ခွင့်ပေးမှာပါ"

"ဆွတ် ... ဆွတ် ... နင်ပြောတာ ငါတို့ ဘယ်လိုမှ နားမလည်နိုင်တော့ဘူး"

"သူတို့နှစ်ယောက်တည်းက တစ်ယောက်က ငါ့ကို ရွေးချယ်ပါစေ၊ အဲ့ဒီရွေးချယ်မယ့်သူကိုပဲ ငါစောင့်နေပါ့မယ်"

စကားဆုံးလျှင် ဆွတ်သည် ဘာမှဆက်မပြောတော့ဘဲ ဖျော့မှိန်နေသည့် နှုတ်ခမ်းပါးကလေးများကို တင်းတင်းစေ့ကာ တိတ်ဆိတ်ငြိမ်သက်နေလိုက်ပါတော့သည်။

ဆွတ်သည် သက်ပြင်းတစ်ရှိုက်ကို ရှည်မြင့်စွာ ချမိပြန်သည်။

ဆွတ် မနေ့က ပြောခဲ့သည့် မနက်ဖြန်သည် ဆွတ်ရှေ့သို့ ဒီနေ့ရောက်ရှိလို့ လာခဲ့ပြီ။





သူတို့ ဆွတ်ဆီ လာခဲ့ကြမည်လား။

ဆွတ်သည် လူကသာ ငြိမ်သက်နေသော်လည်း စိတ်ထဲ၌တော့ ကတုန်ကယင်ကြီးဖြင့် တလှုပ်လှုပ်ခါကာ လှုပ်ရှားလို့ နေမိသည်။

ရင်ထဲ၌ မုန်တိုင်းထန်သလို တဝုန်းဝုန်းဖြင့် ခါ၍နေသည်မှာ ကိုယ်တိုင်သာ သိသည်။

ရင်ခုန်ခြင်းရဲ့သက်သေအဖြစ် ဆွတ်ရဲ့ခြေဖျားလက်ဖျားလေးများ အေးစက်၍နေလေသည်။

တစ်ညလုံးလည်း အိပ်၍မပျော်ခဲ့။

ဘယ်လူ့ညာလိုမ့်ဖြင့် အိပ်ရာဝေ့သာ ကြေမွတွန့်လိပ်၍နေခဲ့သည်။

ဆွတ်ကတော့ တစ်ရေးမှ အိပ်စက်မရခဲ့။

တစ်ညလုံး သက်ပြင်းများစွာ အတွေးများစွာဖြင့် လုံးထွေးရစ်ပတ်၍နေခဲ့သည့်တိုင် ...

ဆွတ်သည် နွမ်းလျနုံးခွေ၍မနေ။

ဆန်းကြယ်လှစွာပင် လန်းဆန်း၍နေသည်။

ဒါဟာ နှလုံးသားရဲ့ စိတ်တန်ခိုးပေပဲလားကွယ်။

မကြာခင်မှာ အဖြေတစ်ခုကို ဆွတ် သိရတော့မည်။

သူတို့နှစ်ယောက်ထဲက ဆွတ်ကို ဘယ်သူက ရွေးချယ်



www.burmeseclassic.com

www.burmeseclassic.com



မှာပါလိမ့်။

လိုတရလား ...?

တုနှိုင်းမရလား ...?

အချစ်ဆိုတာ တစ်ခါတစ်ရံမှာ ကိုယ်က ရွေးချယ်ခွင့်မရှိဘဲ အရွေးချယ်ခံ ဖြစ်သွားနိုင်သည် မဟုတ်လား။

ဘာပဲဖြစ်ဖြစ် ...

ထိုအရွေးချယ်ခံတာကိုပင် ဆွတ်က ကျေကျေနပ်နပ် ခံယူပါမည်။

'တင်း ..တောင်'

'တင်း ..တောင်'

ဆွတ် ငြိမ်သက်စွာ အတွေးများ ဖြန့်ကြက်ဆဲ ဘဲလ်သံ ကြားလိုက်ရလျှင် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရတော့သည်။

"ဖွေး ... ဘဲလ်သံကြားတယ်နော်၊ နင်ရော ကြားလား"

"အေး ကြားတယ် ... လာကြပြီနဲ့တူတယ်"

"ဖွေး ... နင် ... နင် သွားကြည့်ပေးပါလား"

"အိမ်ရှေ့မှာ ဒွေးရည်တို့ စောင့်နေပါတယ်ဟာ၊ ငါက နင့်နားမှာ နေမှဖြစ်မှာလေ"





ဆွတ် မျက်လုံးလေးမှိတ်လျက် တဒိုင်းဒိုင်း တဝုန်းဝုန်း ဆူညံပေါက်ကွဲနေသောရင်အစုံကို လက်ဝါးလေးနှင့်ဖက်ယှက်ကာ အုပ်မိုးမိထားမိသည်။

မျက်လုံးကိုမှိတ်ပြီး နားကိုတော့ အတတ်နိုင်ဆုံး စူးစိုက်ကာ စွင့်ထားမိဆဲ။

တံခါးဖွင့်လိုက်သံ ချပ်ခနဲ။

ထို့နောက် ...

ဆီးကြိုစောင့်နေကြသည့် သူငယ်ချင်းမများဆီမှ တအံ့တဩ အာမေဋိတ်သံ, ကြိုလင့်သံများ။

"ဟယ် ... လိုတရ ... နင် ရောက်လာတယ်နော်"

လိုတရ ...။

နံရံတစ်ချပ်ခြားနေသည့်တိုင် 'လိုတရ'ဟူသော နာမည်ကို ကြားလိုက်ရလျှင် တဝုန်းဝုန်းခါနေသည့်ရင်က ဘာကြောင့်များ ချက်ချင်းငြိမ်ဆင်းကာ အေးခဲသွားရတာပါလိမ့်။

လိုတရ ...

ဆွတ်ရဲ့ ငယ်သူငယ်ချင်းလေး။

ဖက်ဆွတ်မိုးကို တစ်ရာတန် အသစ်ကျပ်ချွတ်လေး တစ်ဆယ့်ငါးရွက်နှင့် ဝယ်ယူကာ ...

"နင့်ကို ငါဝယ်ထားတာ ... နင့်ကို ငါပိုင်တယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ တစ်သက်လုံး ပိုင်စိုးပိုင်နင်း ကြွေးကြော်ခဲ့သည့် ဝယ်သူငယ်ချင်းလေး။

"ဟင် ... တုန္တိုင်းမရ"

"တုန္တိုင်းမရ ... ရှင် ... ရှင်လည်း လာတယ်နော်"

"ရှင်တို့နှစ်ယောက် အတူလာကြတာလား"

လိုတရ ရောက်လာပြီ ...လို့ ကြားလိုက်ရသဖြင့် ငြိမ်ဝင်အေးခဲသွားခဲ့သော ရင်ခုန်သံတွေသည် ...

တုန္တိုင်းမရပါ ရောက်လာပြီဖြစ်ကြောင်း ကြားလိုက်ရလျှင် ပြန်ပြီး ဝုန်းဒိုင်းဆန်သွားခဲ့ရပြန်သည်။

ဒုက္ခပါပဲ။

ဆွတ်တော့ သူတို့နှစ်ယောက်ကြောင့် ရှူးရတော့မယ် ထင်ပါရဲ့။

ဟင့်အင်း ...

ဆွတ် မရှူးချင်သေး။

နက်ရှိုင်းဆန်းကြယ်လှသည့် ချစ်ခြင်းတရားကို ပျော်ဝင် ခံစားရဦးမည်လေ။

လောလောဆယ်တော့ အခန်းထဲမှနေ သူတို့နှစ်ယောက် ရဲ့အသံကို ဆွတ် နားစွင့်နေမိဆဲ။

"ဆွတ် ... ဆွတ်ရော ... ဆွတ် ဘယ်မှာလဲ"





လိုတရရဲ့ အလောတကြီးမေးသံ။

ဆွတ် ဖျဖျကလေး ပြုံးလိုက်မိသည်။

လိုတရ ...

နင်ဟာ ငါနဲ့ပတ်သက်လာရင် စိုးရိမ်တကြီး ပျာယာခတ် တတ်တုန်းပဲနော်။

"ရှိပါတယ် ... ဆွတ် လာပါလိမ့်မယ်"

"ဘယ်မှာလဲ ... အခန်းထဲမှာလား၊ ငါ ... ဆွတ်ကို အရမ်းတွေ့ချင်နေပြီ"

"ဩော် ... ဘယ်လိုဖြစ်နေတာလဲ ... ရှိပါတယ်ဆို၊ ထွက်လာမှာပေါ့၊ အသည်းအသန်တွေ ဖြစ်မနေနဲ့ နင့်ကိုကြောက် လို့ ဟိုက နောက်တစ်ခါ ထပ်ပြီးထွက်ပြေးလိမ့်မယ်"

ရွှေရည်ရဲ့ခြောက်သံ ...။

"ဟို ... မဟုတ် ... အဲ ... ငါ သူ့ကို အရမ်းတွေ့ ချင်လို့ပါ"

"တွေ့ဖို့ ခေါ်ထားပြီးပြီပဲဟာ၊ မိနစ်ပိုင်းအတွင်း ထွက် လာလိမ့်မယ်၊ ဒီမှာ ဣန္ဒြေရရ ထိုင်ပြီးစောင့်ချည်..မစောင့် နိုင်ဘူးလား"

"စောင့်နိုင်ပါတယ် ... တစ်ဘဝလုံးစာ စောင့်နိုင်ပါ တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟော …

အဲ့ဒါ တုန္ဒိုင်းမရဲ့အသံ။

တစ်ဘဝလုံးစာ စောင့်နိုင်ပါတယ် ဆိုပါလား။

စကားသံချိုချိုလေး။

ကဗျာဆန်လွန်းလှသော နူးညံ့သည့် စကားသံချိုချိုကလေး။

"ဟော့ကောင် … မင်း ဝင်မပြောနဲ့၊ မင်းကို ပြောနေတာ မဟုတ်ဘူး"

ဘုရားရေ …

လိုတရရဲ့ မလိုတမာငေါက်ငမ်းသံမှာ ဟိန်းခနဲ ထွက်ပေါ်လာခဲ့သည်။

"ငါ့ရင်ထဲရှိတဲ့အတိုင်း ငါပြောပိုင်ခွင့်ရှိတယ်၊ မင်းမှာ ငါ့ကို တားခွင့်မရှိဘူး ဟော့ကောင်"

"တားတယ်ကွာ ဘာဖြစ်လဲ၊ မင်း ဘာဖြစ်ချင်လဲ … ပြော"

ဝုန်းခနဲ အသံများ။

ရန်လိုနေသော ကျားနှစ်ကောင်၏ စိန်ခေါ်သံများ။

"ဖွေး … ငါတို့ မြန်မြန်ထွက်မှဖြစ်မယ်"

ပူပင်မှုဖြင့် ဆွတ်ရင်တွေ လှုပ်ရှားသွားမိသည်။





အိမ်ရှေ့ဧည့်ခန်းထဲမှ ရွှေရည်တို့တစ်တွေရဲ့ တားဆီးသံတွေကိုတော့ ကြားရသည်။

"ဘာဖြစ်နေတာလဲ … နင်တို့နှစ်ယောက်က"

"အိမ်ရှင်ကိုမှ အားမနာ၊ သူများအိမ်မှာ ရန်ဖြစ်ဦးမလို့လား"

ရွှေရည်ရဲ့ အငေါ်တူးသံ …

အဲ့ဒီတော့မှ နှစ်ယောက်သားဆီမှ တောင်းပန်သံ တိမ်တိမ်ထွက်လာတော့သည်။

"ဆောရီးပဲ"

"ငါလည်း တောင်းပန်တယ်"

တောင်းပန်သံတွေကို နားစွင့်ရင်း ဆွတ် သက်ပြင်းရှိုက်ပြီး အခန်းပြင်သို့ထွက်ရန် ပြင်လိုက်တော့သည်။

"ထွက်တော့မယ် ဖွေး"

"အိုကေ"

ဖွေးဖွေးအသံက ခပ်ဖျော့ဖျော့ …

ဆွတ် မျက်ဝန်းအိမ်ရှေ့ မျက်မှန်တစ်လက် တပ်ဆင်လိုက်တာ သိလိုက်သည်။

ပြီးတော့ …

လမ်းလျှောက်တုတ်တစ်ချောင်း ဆွတ် လက်ထဲရောက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

"နေကောင်းရဲ့လား ဆွတ် ‥ ခေါင်းထဲ ကြည်ရဲ့လား"

ဆွတ်ကို ညင်သာစွာ တွဲရင်းက ဖွေးဖွေး တိုးသက်စွာ မေးသည်။

ဆွတ် ခေါင်းသာ အသာညိတ်ပြလိုက်မိသည်။

ထို့နောက် …

ဆွတ်သည် လှုပ်ရှားနေသောရင်ကို တည်ငြိမ်နိုင်အောင် ထိန်းချုပ်လျက် …

သူတို့နှစ်ယောက်ရှိရာဆီသို့ တစ်လှမ်းချင်း လှမ်းကာ‥

"ဟင်"

"ဆွတ် …ဆွတ်"

အံ့သြတကြီး …

ထိတ်လန့်တကြား …

အာမေဋိတ်သံနှင့်ခေါ်သံ …

ဆွတ် နှုတ်ခမ်းကို တင်းတင်းစေ့လျက် တောင့်မတ်စွာ





ရပ်နေမိသည်။

ကဲ …

တွေ့ပြီ မဟုတ်လား။

လက်ရှိ ငါ့ရဲ့ဘဝအခြေအနေ။

နင်တို့ ဘယ်လိုဆုံးဖြတ်ကြမှာလဲ။

ဆွတ်သည် ရင်ထဲ၌ အသံတိတ်စကားတွေ ဆိုမိလျက် ငြိမ်သက်နေမိသည်။

"ဒီမှာထိုင်လိုက် ဆွတ်"

ဖွေးဖွေးနှင့်ဆုပန် တစ်ယောက်တစ်ဖက်စီတွဲလျက် ဆွတ်ကို ထိုင်စေသည်။

"လိုတရရော, တုန်နိုင်းမရရော ရောက်နေပြီ၊ ကဲ … နင်တို့နှစ်ယောက် ပြောစရာ အေးအေးဆေးဆေးပြောပြီး ဆုံးဖြတ်စရာရှိတာကို ပြတ်ပြတ်သားသား ဆုံးဖြတ်ကြ"

ဖွေးဖွေးမှာ စကားနိဒါန်းပျိုးပေးခဲ့ပြီး သူငယ်ချင်းမ,တစ်တွေကို အိမ်အတွင်းဘက် ခေါ်သွားခဲ့ဟန်တူပါသည်။

ခြေသံများကို ကြားရသည်။

ထိုခြေသံများ ဝေးသွားသည်နှင့်အမျှ …

ညှော်ခန်းထဲ၌ ဘာသံမှ မကြားရတော့အောင် တိတ်ဆိတ်ခြင်းသည်သာ ကြီးစိုးလျက် ကျန်ရစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုတိတ်ဆိတ်ခြင်းကို ဆွတ်က စတင်ပြီး ဖြိုခွဲလိုက်ပါသည်။

"လိုတရ ... တုန္ဒိုင်းမရ"

ဆွတ်က သူတို့နှစ်ယောက်ကို တစ်ပြိုင်တည်းခေါ်ပြီး စကားစတင်ပြောလိုက်ပါသည်။

"နင်တို့ မြင်တဲ့အတိုင်းပါပဲ ... အခုလက်ရှိ ငါဟာ ဒုက္ခိတဘဝရောက်နေပြီ၊ ကိုယ့်ဟာကိုယ် မရပ်တည်နိုင်တော့ဘူး၊ ငါ့ဘဝ, ငါ့အဖြစ်က ငါ့ကို လက်တွဲမယ့်သူအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေမှာ အမှန်ပဲ၊ ဘယ်လိုပျော်ရွှင်ကြည်နူးမှုကိုမှလည်း ငါ ပေးဆပ်နိုင်မှာ မဟုတ်တော့ဘူး ...၊

ဒါကြောင့် ... နင်တို့ ငါ့ကို စွန့်ခွာချင်လည်း စွန့်ခွာသွားနိုင်ပါတယ်၊ နင်တို့ရဲ့ စိတ်ဆန္ဒအတိုင်း ရင်ထဲရှိတဲ့အတိုင်း ဆုံးဖြတ်ကြပါ၊ နင်တို့ ဘယ်လိုပဲ ဆုံးဖြတ်,ဆုံးဖြတ် ငါ ကျေနပ်ပါတယ်"

ရှည်လျားစွာပြောအပြီး ဆွတ်မှာ နွမ်းဖျော့စွာ ပြုံးနေလိုက်သည်။

ဒီစကားတွေပြောဖို့ တစ်ညလုံး အားတင်းခဲ့သည့်တိုင် တကယ်တမ်းမှာ ရင်ထဲ၌ နာကျင်နွမ်းလျ၍နေသည်။

သူတို့နှစ်ယောက်ထဲက ဘယ်သူကများ ဆွတ်ကို ရွေး





ချယ်မှာပါလိမ့်။

ဒါမှမဟုတ် ...

နှစ်ယောက်လုံးကလည်း စွန့်ခွာခဲ့နိုင်ပါသည်။

ဘာပဲဖြစ်ဖြစ် ...

ဆွတ်ရဲ့ကံကြမ္မာပါပဲ။

ဆွတ်က စစ်မှန်သော ချစ်ခြင်းတရားရှိသည့် နှလုံးသားတစ်ခုကိုသာ အလိုရှိသည်။

ဆွတ်ရဲ့စကားအဆုံး အရာအားလုံးမှာ ပကတိတိတ်ဆိတ်ငြိမ်သက်၍သွားသည်။

သို့သော် ...

တိတ်ဆိတ်ခြင်းကြားမှ တိုးသက်လှသော ရှိုက်သံသဲ့သဲ့။

ထိုရှိုက်သံမှာ တိုးသဲ့လှသော်လည်း အသည်းထဲမှ အင်အားပြင်းစွာ ရှန်းကန်တွန်းထိုးထွက်လာသည်လို့ ဆွတ်ရဲ့နှလုံးသားက ခံစားလိုက်မိပါသည်။

ဒါ ...

ဒါ ... ဘယ်သူ့ရဲ့ရှိုက်သံလဲ။

ဆွတ်ရင်ထဲ ဒိတ်ခနဲ ဆောင့်ခုန်သွားခိုက်။

"ဆွတ် ... ဆွတ်ရယ်"

ဘုရားရေ ...



www.burmeseclassic.com

www.burmeseclassic.com



ဆွတ် ခြေရင်းနားရောက်လာသည့် ခြေသံတိုးတိုး။

အေးစက်နေသော ဆွတ်ရဲ့လက်ဖျားကလေးများကို ယုယကြင်နာစွာ ဆုပ်ကိုင်လျက် ...

ဆွတ်ပေါင်ပေါ်မျက်နှာအပ်ကာ တစိမ့်စိမ့်ကျလာသော မျက်ရည်စက်များ ...

အို ...

သူ ...

သူ ...?

"ဟင့်အင်း ... နင့်ကို ငါ ဘယ်တော့မှ မစွန့်ခွာနိုင်ဘူး၊ ငါ နင့်အနားမှာ အမြဲနေမယ်၊ ငါ့အနားမှာ နင်မရှိလို့ မဖြစ်ဘူး ဆွတ်ရဲ့ ... သိရဲ့လား"

ကောင်လေးရယ် ...

သူငယ်ချင်းကလေးရယ် ...

ဒါဟာ နင့်ရင်ထဲက စကားအမှန်တွေပဲလား ...





နင်က ငါ့ကို ရွေးချယ်ခဲ့သတဲ့လား။

"သေချာရဲ့လားလိုတရရယ် ... ငါက ခုချိန်မှာ ဒုက္ခိတဘဝနော်၊ ငါက မျက်မမြင်ပါ၊ ငါ့မျက်လုံးတွေက မျှော်လင့်ချက်မရှိတော့ပါဘူး"

"မပြောပါနဲ့ ဆွတ်ရယ်၊ ဒီလို စကားမပြောပါနဲ့၊ နင့်ကို ငါ မျက်မမြင် ဒုက္ခိတဘဝနဲ့ မထားနိုင်ပါဘူး၊ နင့်မျက်လုံးတွေကို ငါ မရ,ရအောင်ကုမယ်၊ ဒီမှာ ကုလို့မရရင် နိုင်ငံခြားမှာ သွားကုမယ်၊ ငါ့မှာ ရှိသမျှစည်းစိမ်တွေ အကုန်,ကုန်ပါစေ နင့်မျက်လုံးတွေကို ငါရအောင်ကုမယ်"

လိုတရရဲ့အသံမှာ ခွန်အားပြည့်စွာ။

ဆွတ်ရင်ထဲ နင့်ခနဲ။

စည်းစိမ်တွေ အကုန် ကုန်ပါစေတဲ့လား။

မျက်လုံးနှစ်လုံးအတွက် ဘဝတစ်ခုကို လောင်းကြေးထပ်ရဲသတဲ့လားကွယ်။

ဆွတ်မှာ ကြည်နူးစွာ။ သို့သော် ကြေကွဲစွာပြုံးလျက်က ...

"မဖြစ်နိုင်ပါဘူး လိုတရရယ်၊ ငါ့မျက်လုံးတွေက မျက်ကြည်လွှာ လဲရမှာတဲ့၊ ဆရာဝန်ကြီးတွေက ပြောတယ်၊ မျက်ကြည်လွှာအလှူရှင်ဆိုတာကလည်း ..."



www.burmeseclassic.com

www.burmeseclassic.com



အခက်အခဲစကားကို ဆွတ် ရှေ့မဆက်နိုင်တော့ပြီ။

ဆွတ် တစ်ဝက်တစ်ပျက်နှင့် စကားရပ်တန့်လိုက်မိသော်လည်း ...

သူက ချက်ချင်းပင် အားတက်သရောနိုင်လှစွာ ဆွတ်ရပ်တန့်လိုက်သောစကားကို ဖြည့်ဆက်ပေးခဲ့ပါသည်။

''မျက်ကြည်လွှာ လဲရမယ် ... ဟုတ်လား၊ ငါ့မျက်ကြည်လွှာပေးမယ် ဆွတ်၊ နင့်အတွက် ငါ့မျက်ကြည်လွှာ ပေးမယ်''

''ဘာ''

ဆွတ် အထိတ်တလန့် အော်လိုက်မိသည်။

ရင်ထဲ၌လည်း တဝုန်းဝုန်း ခါသွားမိသည်။

''ဟင့်အင်း ... ငါလက်မခံနိုင်ဘူး လိုတရ၊ ငါကတော့ နင့်မျက်ကြည်လွှာနဲ့ အလင်းပြန်ရချိန်မှာ နင်က အမှောင်ကမ္ဘာထဲ ကျန်ခဲ့ရမယ့်အဖြစ်မျိုးကို ငါ လုံးဝလက်မခံနိုင်ဘူး''

ဆွတ် ခါးခါးသီးသီးပင် ငြင်းဆန်လိုက်မိသည်။

ကြည့်စမ်း ...

သူဟာ ဆွတ်အတွက်ဆို အဲ့ဒီလောက်တောင် စွန့်ဝံ့သူတဲ့လား။

အရာအားလုံးကို စွန့်လွှတ်ဝံ့သူတဲ့လား။





ဆွတ်ရင်ထဲ၌ မချိပြီ။

''ဘာပဲဖြစ်ဖြစ် ဆွတ်ရယ် ... ငါ့ကို နင့်အနားမှာတော့ အမြဲနေခွင့်ပေးပါ၊ ငါလေ နင့်အနားမှာ အမြဲနေပြီး နင့်ကို ပြုစုပေးမယ် ... နော်၊

ငါက နင့်ကို တရားဝင်လက်ထပ်ထားတဲ့သူပါ၊ နင်နဲ့ ငါ့ရဲ့လက်ထပ်ပွဲက အထမြောက်ခဲ့တာပဲ၊

နင့်ရဲ့ ကောင်းခြင်း,ဆိုးခြင်း ဒုက္ခ,သုခအားလုံးကို ငါ မျှဝေခံယူပါရစေ ... နော် ဆွတ်၊ ငါ့ကို နင့်ဘေးမှာ အမြဲနေခွင့်ပေးပါ''

ကလေးတစ်ယောက်လို ဆွတ်ရဲ့ရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ ငိုရင်း,ရှိုက်ရင်း တောင်းဆိုလေသော လိုတရကို ဆွတ်သည် စိတ်ကိုမထိန်းချုပ်နိုင်တော့ဘဲ ပြန်ပွေ့ဖက်မိကာ သူ့ဆံပင်ပျော့ပျော့တွေထဲ လက်ချောင်းများ ထိုးသွင်းရင်းက မျက်ရည်များ တားမရနိုင်အောင် စီးပြိုမိလေတော့သည်။

သူ့ဆံပင်တွေကြားထဲ ဆွတ် မျက်ရည်တို့ စိမ့်ဝင်ခဲ့သလို ဆွတ်ရဲ့ဆွယ်တာအဖြူလေး၌လည်း သူ့မျက်ရည်တို့ စွန်းထင်းလျက် ...

''လိုတရရယ် ငါ ... ငါလေ မထင်ခဲ့ဘူး ... ဟင့်အင်း ... ငါ တကယ်ကို မထင်ခဲ့ဘူး''



www.burmeseclassic.com

www.burmeseclassic.com



ဆွတ် ရှိုက်သံဗလုံးဗထွေးနှင့် ဝမ်းနည်းရင်နင့်စွာ ပြောမိသည်။

“ဘယ်လိုပြောလိုက်တာလဲ ဆွတ်ရယ်၊ ငါက နင့်ကို သိပ်ချစ်တဲ့ကောင်ပါ၊ နင့်ကို ငါ အရမ်းချစ်တယ် ဆွတ် . . . နင် မသိဘူးလား, မသိဘူးလားဟင် ဆွတ်ရဲ့”

လိုတရ နာကျင်စွာ ပွင့်အန်ပေါက်ကွဲလေပြီ။ ဆွတ်မှာတော့ ကိုယ့်နားကိုယ်ပင် မယုံနိုင်။

“ဘယ်လို ဘယ်လို . . . နင် . . . နင် ငါ့ကိုချစ်တယ်၊ ချစ်တယ် ဟုတ်လား လိုတရ၊ နင် . . . နင် တကယ်ပြောတာနော်”

နားထဲ၌ မွှေ့လွန်းလှစွာ . . .

နာကျင်စွာ စောင့်မျှော်ခဲ့ရသော စကားတစ်ခွန်း . . .

တစ်ဘဝစာ စောင့်စားမျှော်လင့်ခဲ့ရသော စကားတစ်ခွန်း . . .

ခုမှ ကြားရသည်။

ခုမှ သူ ဖွင့်ပြောလေပြီ။

အို . . .

ဆွတ်သည် လေဟာနယ်ထဲ တစ်ကိုယ်လုံး လွင့်မြောက်တက်သွားသလိုပင် ခံစားလိုက်ရသည်။





ဟိုး . . . ကောင်းကင်ယံထဲ တိမ်လွှာတွေလို စီးမျောလိုက်ပါရသလို နှလုံးသားထဲ၌ တငြိမ့်ငြိမ့်။

“လိုတရရယ် . . . အဲ့ဒီစကားတစ်ခွန်းကို ငါ တစ်သက်လုံး စောင့်မျှော်ခဲ့ရတာ မသိဘူးလား၊ ဘာဖြစ်လို့ မပြောခဲ့ရတာလဲ၊ နင်သာ ချစ်တယ်လို့ပြောခဲ့ရင် အဲဒီစကားတစ်ခွန်းနဲ့ ငါ့တစ်ဘဝလုံးကို လဲရဲတယ် . . . သိရဲ့လား”

ဆွတ် မျက်ရည်တတွေတွေကျရင်း နာကျင်ကြေကွဲလွန်းလှစွာ ပြောနေမိသည်။

သူ ဘာဖြစ်လို့ မပြောခဲ့ရတာလဲကွယ်။

ကုန်လွန်ခဲ့တဲ့ ဆွတ်တို့နှစ်ယောက်ရဲ့အချိန်တွေ ဘယ်လောက်များ နှမြောဖို့ကောင်းလိုက်သလဲ။

ပြီးတော့ . . . လှပခမ်းနားလွန်းတဲ့ ဆွတ်တို့ရဲ့မင်္ဂလာပွဲလေး ဘယ်လောက်များ နှမြောဖို့ ကောင်းလိုက်သလဲ။

“ဆွတ်ရယ် . . . ငါက ငါဖွင့်မပြောဘဲ နင်သိမယ်ထင်နေခဲ့လို့”

“အို . . . နင်က အမြဲတမ်း ငါ့ကို ထောင့်ငါးရာနဲ့ဝယ်ထားတာ၊ နင့်ကို ငါပိုင်တယ် . . . လို့ပဲ ပြောခဲ့တာလေ”

“ဆွတ်ရယ် . . . အဲ့ဒါ ငါ နင့်ကို နိုင်လိုမင်းထက်ပြောခဲ့တာ မဟုတ်ပါဘူး၊ နင့်ကို သိပ်ချစ်လွန်းလို့ပါ၊ နင့်ကို ဆုံးရှုံး



www.burmeseclassic.com

www.burmeseclassic.com



ရမှာ ကြောက်လွန်းလို့ ငါ ရှုးသွပ်စွာ ပြောခဲ့တာပါ၊ ငါ့ကို ခွင့်လွှတ်ပါ၊ ပြီးတော့လေ ... နားလည်ပေးပါ ဆွတ်ရဲ့''

အို ... ဆွတ် နားလည်ပြီ။

သူ့ရင်ထဲက နှလုံးသားကို ဆွတ် တကယ်ကို နားလည်တတ်ခဲ့ပြီ။

ဆွတ်တို့နှစ်ယောက် နောက်ထပ် ဘယ်တော့မှ ထပ်မဝေးကွာနိုင်တော့ပြီ။

သူကတော့ ဆွတ်ကို ကတိတွေ အထပ်ထပ်ပေးနေဆဲ။

''ဆွတ် ... အခုကစပြီး ငါ နင့်အနားမှာ အမြဲနေတော့မယ်၊ နင် ဘာပဲဖြစ်ဖြစ်, ဘယ်လိုပဲဖြစ်ဖြစ်, ဘယ်လိုဘဝပဲရောက်ရောက် ငါ ချစ်နေမယ်၊ နင်နဲ့ငါက တရားဝင်လက်ထပ်ထားတာမို့ နင့်ဘဝ ဘယ်လိုပဲဖြစ်ဖြစ် ငါ တာဝန်ယူမယ်၊ နင့်ဘဝကို ငါ့အချစ်တွေနဲ့ ပြည့်စုံစေမယ်၊ လှပစေမယ်၊ ပျော်ရွှင်စေမယ် ... သိရဲ့လား ဆွတ် ... ငါ နင့်ကို ကတိပေးတယ်''

ဆွတ်သည် သူ့ရဲ့ချစ်ခြင်းကတိထဲ၌ ပျော်ဝင်ဆဲ ...

''ကွန်ဂရက်ကျူးလေးရှင်း လိုတရ''

အနားသို့ရောက်လာခဲ့သောအသံ။

လိုတရ တအံ့တသြလှည့်ကြည့်စဉ် လက်ကမ်းပေးနေသည့် တုန့်နှိုင်းမရကို တွေ့လိုက်ရသည်။





လိုတရ အဓိပ္ပာယ်ပြည့်ဝစွာပြုံးလျက် ကမ်းပေးသောတုန့်နှိုင်းမရရဲ့လက်ကို စိတ်မပါသော်လည်း ဝတ်ကျေတန်းကျေပြန်လှုပ်ယမ်း နှုတ်ဆက်လိုက်ရသည်။

''သိပ်ကို ခမ်းနားတဲ့ ချစ်ခြင်းပါပဲ၊ ကျွန်တော် ဂုဏ်ပြုပါတယ်ဗျာ၊ ခင်ဗျားနဲ့ ဖက်ဆွတ်မိုးတို့ရဲ့မင်္ဂလာပွဲအောင်မြင်စွာကျင်းပနိုင်ခဲ့တာကိုလည်း ကျွန်တော် ဂျာနယ်တွေထဲမှာ ဖတ်လိုက်ရပါတယ် ...၊

ကျွန်တော် မတက်ရောက်နိုင်ခဲ့တာကို နားလည်ပေးကြပါ၊ ခင်ဗျားတို့ရဲ့မင်္ဂလာပွဲကို ကျွန်တော် ဝမ်းသာလှိုက်လှဲစွာအသိအမှတ်ပြုပါတယ်၊ လိုတရ ... ခင်ဗျား ဖက်ဆွတ်မိုးအပေါ်ထားတဲ့ ချစ်ခြင်းမေတ္တာတရားကို ကျွန်တော် ဂုဏ်ယူပါတယ်၊

ခင်ဗျားတို့နှစ်ယောက် ပျော်ရွှင်ချမ်းမြေ့စွာ သက်ဆုံးတိုင်ပေါင်းသင်းနိုင်ကြပါစေလို့ ကျွန်တော် ဆုတောင်းပေးပါတယ်၊ ကျွန်တော်ကတော့ အောင်မြင်တဲ့ဂီတသမားတစ်ယောက် ဖြစ်အောင် ကြိုးစားနေရတာမို့ ဂီတသင်တန်းတက်ဖို့ နိုင်ငံခြားကိုသိပ်မကြာခင်မှာ ထွက်ခွာသွားရတော့မှာပါ၊

ကဲ ... ကျွန်တော် နှုတ်ဆက်ခဲ့ပါတယ်၊ ကျွန်တော်ကိုသွားခွင့်ပြုပါဦး''

တုန့်နှိုင်းမရ နှုတ်ဆက်ပြီး လှည့်ထွက်ရန်အပြင်တွင် ...



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေး တုနှိုင်းမရ"

ဆွတ်ရဲ့စကားသံကြောင့် နှိုင်းမရ လှည့်ကြည့်သည်။

"ခဏကလေးပါ ... ကျွန်မ တစ်ခုတောင်းဆိုချင်လို့"

ဆွတ် တည်ငြိမ်စွာ လှမ်းပြောသည်။

နှိုင်းမရ နားမလည်စွာ ပြန်မေးသည်။

"ဘာများလဲ ဆွတ်"

"ကျွန်မ ... ရှင်တို့နှစ်ယောက်ကို ဒီနေ့ခေါ်တွေ့တာ နောက်ထပ်ကိစ္စတစ်ခု ရှိပါသေးတယ်၊ အဲ့ဒါကတော့ ခဏနေရင် ကျွန်မ မျက်စိဆေးရုံကို သွားပြရမှာပါ၊ အဲ့ဒီကို ရှင်တို့နှစ်ယောက်လုံး လိုက်ခဲ့စေချင်ပါတယ်"

လိုတရနှင့် တုနှိုင်းမရတို့နှစ်ယောက်စလုံး ဆွတ် ဘာကြောင့်ခေါ်သည်ကို နားမလည်နိုင်။

သို့သော် ...

ဆွတ်ဆန္ဒကို ဖြည့်ဆည်းပေးရန် နှစ်ယောက်စလုံး လက်ခံသဘောတူလိုက်ပါသည်။

"အိုကေ ဆွတ် ... ကိုယ်လိုက်ခဲ့ပေးပါ့မယ်"

"ငါလည်း လိုက်ခဲ့ပေးပါ့မယ် ဆွတ်"

"ကျေးဇူးတင်ပါတယ်"

ဆွတ် နှစ်ယောက်စလုံးကို ကျေးဇူးတင်စကား တည်ငြိမ်





စွာ ပြန်ပြောသည်။

ဆွတ်ရဲ့ကျေးဇူးတင်သောလေသံမှာ အဓိပ္ပာယ်များစွာ ပျော်ဝင်ပြည့်နှက်၍နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

မို့ နောက် ...

ဆွတ်တို့တစ်တွေ ဆေးရုံသို့ ထွက်ခဲ့ကြပါသည်။

ဆွတ်က ဖွေးဖွေးတို့တစ်တွေနှင့် လိုက်ခဲ့သော်လည်း လိုတရမှာ ကားပေါ်ဝင်ထိုင်တာမှအစ တွဲလျှောက်ရာအဆုံး ဆွတ်အနားမှ တစ်ဖဝါးမခွာ။

"အံမယ်လေး ...ငါတို့တော့ ဂျူတီချိန်းပြီ"

"ပျာယာခတ်နေတာ မျက်စိနောက်လာပြီ"

"တို့တော့ ပျာယာခတ်မယ့်သူရှိရင် ဆွတ်နဲ့ နေရာချင်း လဲပစ်လိုက်ချင်တယ်"

သူငယ်ချင်းတွေက လိုတရရဲ့ သည်းနေပုံကို ကြည့်မရ တော့သလို အမြင်ကတ်စကားဆိုလျှင် ဆွတ်မှာ ကြည်နူးကျေနပ်





စွာ ပြုံးနေမိသည်။

"ဟော့ ...ဆောရီးပဲနော်၊ ဆွတ်မို့သာ ဟတ်ထိသွား တာ၊ နင်တို့ဆိုရင်တော့ ကန့်တော့ပါသေးရဲ့ပဲ"

"ဟယ် ...ကျေးဇူးကန်းလိုက်တာ၊ ကြည့်စမ်း ...နင့် ဆွတ်ကို ဘယ်မှမသွားအောင် ငါက ထိန်းသိမ်းစောင့်ရှောက် ထားခဲ့ရတာ၊ ငါသာ လွှတ်ပေးလိုက်ရင် ခုချိန်ဆို နင် ဆွတ်ကို တွေ့ရတော့မှာတောင် မဟုတ်ဘူး"

သူ့စကားကို ဖွေးဖွေးက စကားနာပြန်ထိုးနေသည်။

"အာ ...ဆိုး ဆောရီး ...လွန်တာရှိ ဝန္ဒာမိ"

သူ့ရဲ့ ကလေးဆန်သော တောင်းပန်သံ။

သူနှင့်ဖွေးဖွေးတို့တစ်တွေ အပြန်အလှန် စကားနာထိုး ကြသမျှ ဆွတ်မှာတော့ နားထောင်သမားသက်သက်။

ပြုံး၍သာနေမိသည်။

သို့သော် နှိုင်းမရရဲ့အသံကိုတော့ တစ်ချက်မှ မကြားရ။

အနား၌ မရှိသလို တိတ်၍နေသည်။

ဆေးရုံ၌ ထိုင်စောင့်ကာ စကားတွတ်ထိုးကြရင်း ဆွတ် အလှည့်သို့ရောက်လျှင် ...

"လိုတရနဲ့တုနှိုင်းမရ နှစ်ယောက်စလုံး လိုက်ခဲ့ကြပါ နော်"



www.burmeseclassic.com

www.burmeseclassic.com



လို့ ဆွတ်က ခေါ်လိုက်သည်။

အခန်းထဲသို့ ဆွတ်ကိုတွဲလျက် လိုတရ အတူဝင်သည်။

တုန့်နှိုင်းမရကတော့ နောက်မှ လိုက်ဝင်လာဟန်တူပါသည်။

ခပ်သဲ့သဲ့ကြားရသောခြေသံက စိတ်မပါချင်ဟန်မို့ ဆွတ်လွန့်ခနဲ နှုတ်ခမ်းတွန့်ပြုံးလိုက်မိသည်။

"လာ ဖက်ဆွတ်မိုး . . . ဘယ့်နှယ်လဲ သမီး . . . နေလို့ကောင်းရဲ့လား၊ ခေါင်းရောကြည်ပြီလား"

ဆရာဝန်ကြီးက နှုတ်ဆက်မေး လှမ်းမေးသည်။

"ဟုတ်ကဲ့ . . . သက်သာပါတယ် ဆရာကြီး၊ ခေါင်းလည်း ကြည်လာပါတယ်"

"အိုကေ . . . မျက် . . ."

ဆရာဝန်ကြီးမှ ပြောရန်ပြင်ဆဲ . . .

"ဆရာကြီး . . . ကျွန်တော် ဆွတ်ကို ကျွန်တော့်ရဲ့မျက်ကြည်လွှာ ပေးပါရစေ၊ လုပ်ပေးပါ ဆရာကြီးရယ် . . . ကျွန်တော့်ဆန္ဒကို ဖြည့်ဆည်းပေးပါ"

လိုတရမှာ ဆရာဝန်ကြီးကို အသည်းအသန် ပြောလေလျှင် . . .

"နေပါဦးကွ . . . မောင်ရင် ဘာတွေပြောနေတာလဲ၊





မောင်ရင်ပြောနေတာတွေ ကိုယ်နားမလည်ဘူး"

"ကျွန်တော် . . . ကျွန်တော့်ရဲ့မျက်ကြည်လွှာကို ဆွတ်အတွက် ပေးချင်လို့ပါ"

"ဆွတ်အတွက် . . . ဟုတ်လား၊ ဖက်ဆွတ်မိုးကို ပြောတာလား"

"ဟုတ်ပါတယ် ဆရာကြီးရယ် . . . ဆွတ်ကို ပေးချင်လို့ပါ"

"ဟင် . . . ဘာလုပ်ဖို့လဲ"

ဆရာဝန်ကြီးက တအံ့တသြ ပြန်မေးသည်။

လိုတရမှာလည်း ဆရာဝန်ကြီးရဲ့မေးခွန်းကြောင့် အူကြောင်ကြောင် ဖြစ်သွားရသည်။

"ဆွတ် . . . မျက်စိတွေ ပြန်မြင်လာအောင်လေ"

"ဘုရားရေ . . . မောင်ရင် ဘာတွေပြောနေတာလဲ၊ အခုလည်း ဖက်ဆွတ်မိုးက မြင်နေရတာပဲဟာ"

"သူ့မျက်စိက အားနည်းရုံသက်သက်ပါ၊ မျက်စဉ်းခတ်ဆေးစားပြီးပြီ၊ အခု လိုအပ်တဲ့မျက်မှန်တပ်ပြီးရင် အားလုံးအိုကေပြီ"

"မျက်စိအားနည်းတဲ့အတွက် ခေါင်းမူး,ခေါင်းမကြည်လို့ ဆေးအရင်စားခိုင်းထားတာ၊ ပြီးရင် ရှေ့မှာ မျက်မှန်သွားယူပြီး



www.burmeseclassic.com

www.burmeseclassic.com



အပြန်မှာ တပ်သွားရုံနဲ့ သူ့အတွက် အားလုံးအဆင်ပြေပြီ"

"ဒါ ... ဒါဆို"

ဆရာဝန်ကြီးဆီမှ ရှင်းပြသောစကားဆုံးသည်နှင့် လိုတရဆီမှ အံ့ဩတကြီး ဝမ်းသာလုံးဆို့သွားသောအသံ ထွက်ပေါ်လာခဲ့သည်။

"ဆွတ် ... ဆွတ် ... ဒါဆို နင့်မျက်လုံးတွေ ဘာမှ မဖြစ်ဘူးပေါ့နော်"

ဆွတ်က အပြုံးကလေးဖြင့် မျက်လုံးတွေရှေ့တည့်တည့်မှာ လက်ညှိုးကလေးထောင်ကာ ...

လက်ညှိုးကလေး ဘယ်ညာယမ်းပြီး ယမ်းသည့်အတိုင်း မျက်ဝန်းအိမ်ကလေးကို ရွှေ့ပြလိုက်သည်။

"ဟာ ... ဆွတ် ဆွတ် ကြည့်စမ်း ... နင် တော်တော်ဆိုးတာပဲ ဆွတ်ရာ"

လိုတရ နှုတ်ခမ်းကိုက်ပြသည်။

ဆွတ်ကတော့ ကိုယ့်အမိပ္ပာယ်နှင့်ကိုယ် ပြုံး၍သာနေမိသည်။

"ကဲ သမီး ... အရှေ့မှာ မျက်မှန်သွားယူ၊ အားလုံးအိုကေပြီ"

ဆရာဝန်ကြီးက ... ဆွတ်တို့နှစ်ယောက်ရဲ့အဖြစ်ကို





သဘောတကျဖြင့် ရယ်ဟဟပြောသည်။

"ဟုတ် ... ကျေးဇူးတင်ပါတယ် ဆရာကြီး၊ သမီးကို သွားခွင့်ပြုပါဦး"

"အိုကေ ... ကောင်းပြီ"

ဆွတ်သည် ဆရာဝန်ကြီးကို နှုတ်ဆက်ပြီး အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

ထို့နောက် ...

ဆွတ်သည် မလိုအပ်ဘဲ တပ်ဆင်ထားခဲ့သော နေကာမျက်မှန်နှင့် လက်ကိုင်တုတ်ကို ဖယ်ရှားလိုက်ပြီး သူတို့နှစ်ယောက်နှင့် ရင်ဆိုင်လိုက်သည်။

"ငါ ... ဘာမှမဖြစ်ခဲ့ပါဘူး၊ နင်တို့နှစ်ယောက်ထဲက ငါ့ကို ဘယ်သူက တကယ်ချစ်သလဲဆိုတာ သိချင်လို့ စမ်းသပ်ကြည့်ခဲ့တာပါ"

ဆွတ် လက်ပိုင်ရပ်ကာ နှစ်ယောက်လုံးကို ဝေ့ဝဲကြည့်ရင်း ပြောလိုက်သည်။

လိုတရကတော့ သူ့ရဲ့စစ်မှန်သော၊ ဖြူစင်ရှင်းသန့်ခဲ့သော နှလုံးသားကို ခိုင်မာစွာ သက်သေထူခွင့်ရခဲ့သည့်အတွက် ကျေနပ်စွာပြုံးလျက် ...

နှိုင်းမရကတော့ စွန့်လွှတ်ဆုံးရှုံးလိုက်ရသည့်



www.burmeseclassic.com

www.burmeseclassic.com



ယောက်၏မျက်နှာသွင်ပြင်ဖြင့် ရှိနေခဲ့သည်။

"နှိုင်းမရကို ကျွန်မ ကျေးဇူးတင်ပါတယ်၊ မပြတ်သား သေးတဲ့ ကျွန်မရဲ့ဆုံးဖြတ်ချက်တွေကို ပြတ်ပြတ်သားသား ဆုံး ဖြတ်လို့ရသွားအောင် ကူညီပေးခဲ့တဲ့အတွက် နှိုင်းမရကို ကျွန်မ ကျေးဇူးတင်ပါတယ်"

စိမ်းသက်ကာ အေးစက်နေသော ဆွတ်ရဲ့လေသံကြောင့် နှိုင်းမရမှာ ခေါင်းကို အတွင်သား ငုံ့ထားလေသည်။

ဆွတ်နှင့် မျက်လုံးချင်းမဆုံရဲ။

"နှိုင်းမရရဲ့စိတ်ရင်းအမှန်ကို ကျွန်မ သိလိုက်ရပါပြီ၊ တကယ်တမ်းကျတော့ ... နှိုင်းမရက ကျွန်မကို တကယ်မချစ်ခဲ့ ပါဘူး၊ ကျွန်မအပေါ် တကယ်စစ်မှန်တဲ့အချစ်နဲ့ ချစ်ခဲ့တာက လိုတရပါ၊ လိုတရကသာ ကျွန်မဘဝအတွက် လက်တွဲသင့်တဲ့ စစ်မှန်တဲ့ဘဝအဖော်ဆိုတာ ကျွန်မ သိသွားပါပြီ၊ ကျေးဇူးတင် ပါတယ် နှိုင်းမရ"

ဆွတ်ရဲ့စကားဆုံးတော့မှ တစ်ချိန်လုံး ငုံ့စိုက်ထားခဲ့သော နှိုင်းမရရဲ့ဦးခေါင်းမှာ ပြန်လည်မော့လာခဲ့သည်။

နှိုင်းမရကလည်း ဆွတ်ကို အဓိပ္ပာယ်ပြည့်ဝစွာ ပြန်ပြုံး ကြည့်ကာ ...

"ကိုယ် ကျေနပ်ပါတယ် ဆွတ်၊ မှန်ကန်တဲ့ ဆွတ်ရဲ့





ဆုံးဖြတ်ချက်အတွက် ကိုယ်ကျေနပ်ပါတယ်၊ တကယ်တမ်း ဆွတ်ရဲ့ရင်ထဲမှာရှိနေတာလည်း ကိုယ်မဟုတ်ပါဘူး ... လိုတရ ပါ၊ ဘာကြောင့်လဲဆိုတော့ ကိုယ့်နံဘေးမှာ ဆွတ်ရှိနေခဲ့တဲ့ အချိန်တိုင်းမှာ လိုတရရဲ့အကြောင်းတွေကိုသာ ဆွတ်က အမြဲ သတိတရ ပြောနေတတ်ခဲ့တာ ကိုယ် သတိထားခဲ့မိတယ်လေ၊

တကယ်တမ်းကျတော့ ဆွတ်ရဲ့ရင်ထဲမှာ လိုတရကသာ အမြဲရှိနေခဲ့တာပါ၊ ဆွတ်နဲ့လိုတရဟာ အရင်ကတည်းက လိုက် ဖက်ညီတဲ့ ချစ်သူစုံတွဲတွေ ဖြစ်သင့်တယ်ဆိုတာ ကိုယ်သိခဲ့ပါ တယ်၊ ကဲ ... ကိုယ့်ကို ခွင့်ပြုပါဦး"

ချိုမွေ့သောအပြုံးတစ်ခုဖြင့်ပင် နှုတ်ဆက်ရင်း တုနှိုင်း မရမှာ ဆွတ်တို့နှစ်ယောက်ကို ကျောခိုင်းလှည့်ထွက်သွားခဲ့သည်။

သို့သော် ...

သူ့အပြုံးမှာ နွမ်းလျမှိန်ဖျော့လွန်းလှတာ ဆွတ်တို့ သတိပြုမိလိုက်ပါသည်။

"အား ... နင် တော်တော်ဆိုးတာပဲ ဆွတ်ရာ၊ ငါ့မှာ စိုးရိမ်လိုက်ရတာ၊ နင့်မျက်လုံးတွေ တကယ်ပဲ မမြင်ရတော့ဘူး လားလို့၊ နင့်အတွက် ကြေကွဲလိုက်ရတာ၊ စမ်းသပ်စရာ ရှားလို့ ကွာ ... မလုပ်ကောင်း‚လုပ်ကောင်း"

လိုတရမှာ ဆွတ်ရဲ့အပြုအမူအတွက် မကျေမချမ်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြောလေသည်။

"ဟင့်အင်း …ငါ ဒီလိုစမ်းသပ်ခဲ့လို့ နင့်ဆီက ချစ်တယ်ဆိုတဲ့စကားကို ကြားရတာပေါ့"

ဆွတ် ဖွဖွကလေးပြုံးလျက် ခေါင်းလေးငုံ့ကာ ပြောလိုက်တော့ လိုတရ ကျေနပ်သွားရသည်။

"နောက်ကို အမြဲတမ်း ပြောတော့မှာ၊ နင်သာ ငါ့အနားက ထွက်မပြေးနဲ့တော့၊ နင်မရှိတော့ ငါ့ဘဝက လုံးဝအဓိပ္ပာယ်မဲ့သွားတယ် သိလား"

သူ ဆွတ်မျက်နှာကို တစိမ့်စိမ့်ကြည့်လျက် တိုးညင်းစွာ ပြောဆဲ …

ဆွတ်တို့ရဲ့ နောက်နားဆီမှ သီချင်းသံသဲ့သဲ့က ထွက်ပေါ်လာခဲ့သည်။

♫ ××× Where are you going? ×××
I'm still waiting ×××
Please, forgive me baby ×××
I didn't mean like this ×××
Not only what I want ×××
but also what I need ×××





without you I'm nothing ×××
everything is meaningless ××× ♫

သူနှင့်ဆွတ် သီချင်းသံထွက်ပေါ်လာရာဆီ ကြည်နူးစွာ လှည့်ကြည့်လိုက်မိသည်။

အပြုံးကိုယ်စီနှင့် ဖွေးဖွေးတို့သူငယ်ချင်းတစ်တွေ။

မင်း ဘယ်သွားနေလဲဆိုသည့် သီချင်းကလေးက ဆွတ်ရဲ့နားထဲမှနေ နှလုံးသားထဲအထိ ချိုမွေ့စွာ စီးဆင်းသွားခဲ့သည်။

မင်းသာ မရှိခဲ့ရင် …

အရာအားလုံးဟာ အဓိပ္ပာယ်မဲ့နေတယ် …တဲ့။

အဲ့ဒါ …

နင့်ရင်ထဲက စကားလုံးတွေနဲ့ ထပ်တူကျခဲ့သတဲ့လား ချစ်သူရယ်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၉)

BURMESE CLASSIC .com

ကြီးကျယ်ခမ်းနားသလောက် လှပလွန်းလှသည့် ဟိုတယ်လ်။

သတို့သားဘက်မှရော၊ သတို့သမီးဘက်မှာရော နှစ်ဖက်မိဘအသိုင်းအဝိုင်းက ပြည့်စုံကြွယ်ဝလွန်းတာကြောင့် ညစာခံပွဲအပြင်အဆင်က ခမ်းနားပြီး ပြည့်စုံကြီးကျယ်လွန်းလှရာ မြင်သူတိုင်း အားကျစဖွယ် ဖြစ်နေရသည်။

ဟိုတယ်လ်ကြီး၏လှပခမ်းနားမှုနှင့် အပြိုင် ...

"ဖက်ဆွတ်မိုး"

ဆိုသည့် သတို့သမီးကလေး၏ ဝင်းမွတ်နုဖပ်ကြည်စင်နေသည့် မျက်နှာကလေးကလည်း ရှက်သွေးဖြင့် ပန်းရင့်ရောင်ရဲရဲပြေးကာ ကြည့်မဝနိုင်အောင် အလှကြီးလှနေလေသည်။



"သတို့သမီးနော် ... ဒီတစ်ခါတော့ လစ်ပြေးဖို့ မကြိုးစားနဲ့၊ မကြီးပန်းက တုပ်ထားလိုက်မှာ"

အလှဖန်တီးရှင်က ဆွတ်ကို ကျီစယ်နေသည်။

ဆွတ်မှာ ရှက်အမ်းအမ်းဖြင့် ပြုံး၍သာ နေလိုက်ရသည်။

ထိုစဉ် ...

"ပြင်လို့မပြီးသေးဘူးလားဗျို့ ... ဒီမှာ သတို့သားက နာရီတကြည့်ကြည့်, လည်တဆန့်ဆန့် ဖြစ်နေပြီ"

သူ့သူငယ်ချင်းတွေကလည်း အခန်းဝမှနေ လှမ်းအော်ကာ စနောက်နေသည်။

"မပြီးသေးဘူး ... စောင့်လက်စနဲ့ စောင့်နေဦး"

မကြီးပန်းကလည်း အားကျမခံ ပြန်အော်သည်။

"မစောင့်နိုင်တော့ဘူးဗျာ ... ဝင်လာပြီ"

ကလေးဆိုးကြီးအသံနှင့်အတူ အလှပြင်ခန်းတွင်း သူဝင်လာခဲ့လျှင် ဆွတ်မှာ မနေတတ်မထိုင်တတ်နှင့် ပိုပြီးရှက်အမ်းထူပူသွားခဲ့ရသည်။

သူက ဆွတ်ကို တစ်ခါမှမမြင်ဖူးသလို တစိမ့်စိမ့် ကြည့်လျက် ...

"လှလိုက်တာ ဆွတ်ရယ် ... အရမ်းလှတာပဲ၊ နင်လောက်လှတဲ့ သတို့သမီးတော့ ဟောဒီလောကမှာ မရှိနိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး''

သူ ဆွတ်ပခုံးကို ဖွဖွညင်သာစွာ ဆုပ်ကိုင်လျက် တိုးသဲ့စွာ ပြောသည်။

ဆွတ် ''ရင်တွေ ငြိမ့်ညောင်းစွာခုန်ဆဲ။

သူက ...

''ဒီတစ်ခါရော နင် ငါ့ကိုထားပြီး ထွက်ပြေးသွားဦးမှာလားဟင် ... ဆွတ်''

တိုးဖျော့လွန်းသော သူ့မေးခွန်းကြောင့် ဆွတ်ရင်ထဲ၌ နင့်ခနဲ။

ဆွတ်က သူ့မျက်နှာကို ရွှန်းလဲ့ရီဝေစွာ မော့ကြည့်လျက်က သူ့ကို ခိုင်မာစွာ၊ ပြီးတော့ ... ပြတ်သားစွာ ကတိပေးလိုက်ပါသည်။

''ဟင့်အင်း ... နင့်ကိုငါ ဘယ်တော့မှ ဘယ်လိုအခြေအနေမျိုးမှာမှ ထားမသွားတော့ပါဘူး လိုတရရယ် ...၊

ဒီဟိုတယ်လ်ကြီး ခုချက်ချင်း ပျက်စီးပြိုကျသွားတော့မယ် ဆိုရင်တောင် အို ... ကမ္ဘာကြီးတစ်ခုလုံး ခုချက်ချင်း ပျက်စီးသွားတော့မယ်ဆိုရင်တောင် နင့်နံဘေးမှာပဲနေပြီး နင့်ရဲ့ သတို့သမီးလေးအဖြစ်နဲ့ငါ အမြဲရှိနေတော့မှာပါ''

''တကယ် ... တကယ်နော် ဆွတ်၊ ဟား ... ချစ်စရာ



BURMESE CLASSIC .com



ကောင်းလိုက်တဲ့ ငါ့ရဲ့သတို့သမီး''

''အိုး''

''ဟယ် ... သတို့သား စိတ်ကိုထိန်းပါဦး၊ နောက်မှချစ်ပါ၊ အခု မချစ်သေးနဲ့ဦး၊ သတို့သမီး အလှပြင်ထားတာတွေ ပျက်မှာစိုးလို့''

နှလုံးသားသည်းနှမ ချစ်ခြင်းများစွာဖြင့် ...

၁၈-၁၂-၀၉

www.burmeseclassic.com